Information ▪ Communication ▪ Technology ▪ Lifestyle

# Digital life

Technology Journal volume : 02 issue : 01 05 May 2013




Pg 3 သုံးနှစ်တာကာလအတွင်းတယ်လီဖုန်းလိုင်း ၂၆ သိန်းတိုးချဲ့ရန်ပြင်ဆင်

Pg 5 တန်ဖိုးနည်း Sim-Card များကို လူအများစု မနှစ်သက်

Pg 43 iPad Mini တ iPad ထက် ပိုမိုရေပန်းစား





တစ်နေရာတည်းနဲ့ အားလုံးအဆင်ပြေစေဖို့

နေသစ်ဦး

ဒီဇိုင်း၊ ဖိတ်စာ နှင့် ရောင်စုံပုံနှိပ်လုပ်ငန်း

ကြိုးဆွဲစက္ကူအိတ်၊ လက်ကမ်းစာစောင်၊ ကြော်ငြာလက်ကမ်း၊ စက္ကူဘူးခွံ / ဘူးမျိုးအမျိုးမျိုး
ပြက္ခဒိန် အမျိုးမျိုး၊ တံဆိပ် နှင့် စတစ်ကာအမျိုးမျိုး
ဓာတ်ပုံ၊ ဓာတ်ပုံ... အမျိုးမျိုး၊ ဖိတ်စာ နှင့် စာအုပ်အမျိုးအမျိုး
ဂျာနယ်နှင့် လစဉ်ထုတ်အမျိုးမျိုး၊ လိပ်စာကဒ်နှင့် ကုမ္ပဏီဖိုင်တွဲမျိုးစုံ

မြန်မာ / အင်္ဂလိပ် / တရုတ်

ဒီဇိုင်းမှစ၍ ပုံနှိပ်ပြီးသည်အထိ အမြန်ရိုက်နှိပ် ပို့ဆောင်ပေးနေပါပြီ

Design House
၁၆၅ (မြေညီထပ်)၊ ၃၄လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၂၄၂၇၃၀၊ ၀၉၄၄၈၀၀၇၀၂၃၊ ၀၉၅၁၃၄၆၈

Print House
၂၄၇ (မြေညီထပ်)၊ ၃၇လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၄၃၀၆၇၅၂၃၊ ၀၉၄၃၁၀၈၇၁၁


acer
explore beyond limits™
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
1st - 30th April 2013
Aspire | E1-471 14" Wi-Fi
Intel® Core™ i3-2348M Processor, Intel HD Graphic 3000, 2GB DDR3, 500GB HDD, DVD-Super Multi Drive, Card Reader, Webcam, HDMI, 6 Cells Li-ion Battery
RAM 2GB FREE UPGRADE !
Price - 465
Aspire E1-471 Notebook
ဝယ်ယူသူတိုင်း Invoice နှင့်တကွ Acer Service Centre တွင်
RAM 2GB ထပ်မံ Upgrade ပြုလုပ်နိုင်မည့် အထူးအခွင့်အရေး
Aspire | V5-431 14" USB 3.0 Wi-Fi
Intel® Pentium® Dual Core B987 Processor, Intel HD Graphic, 2GB DDR3, 500GB HDD, DVD-Super Multi Drive, Card Reader, HDMI, Webcam, Bluetooth 4.0, LAN/VGA Combo Port, 4 cells Li-ion Battery
Price - 443
2 YEARS NOTEBOOK WARRANTY
ACER'S GENUINE PARTS
FULL LOCAL SERVICES
Only SLN Products
ရွှေလမင်းနဂါးကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော Acer Products များကို ဝယ်ယူရရှိနိုင်သော အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများ
Authorized Distributor : Shwe Lamin Nagar Co., Ltd.
No.570, Strand Road (Corner of Lanthit Street), Lanmadaw Township, Yangon, Myanmar.
Ph : 01-2300087/88, 01-221683, 01-217233,
www.sln-myanmar.com, www.facebook.com/acer.mm
Acer Dealer Shops (Yangon)
ASIA TECH Ph : 392951, 392952,
Citicom Ph : 374544, 376564,
ICE Ph : 228805, 215353,
IDEA LINK Ph : 376212, 73026840
INNWA COMPUTER Ph : 391511, 398297
KSW COMPUTER
Life Mark Ph : 391691
technoland Ph : 73024327, 73024328,
UNIQUE Ph : 391789, 73171212
Acer Dealer Shops (Mandalay)
INNWA COMPUTER Ph : 02-71108, 02-73078
KSW COMPUTER Ph : 02-24577
MAT
ME
MyCom Computer Technology Ph : 02-69309
technoland
Acer Dealer Shop (Nay Pyi Taw) LINN Ph : 067-22884
Acer Dealer Shop (Myit Kyi Nar) Min Khaing Electronics & PC Ph : 074-28019
Acer Dealer Shop (Lashio) mst Computer Sales & Service Ph : 09 5278610
Acer Dealer Shop (Mawlamyine) Double Ph : 057-21217, 057-22657
Acer Dealer Shop (Pyay) Wise Power Ph: 053-26350

# LOCAL NEWS

## MOBILE NEWS (၃)နှစ်တာကာလအတွင်း တယ်လီဖုန်းလိုင်း (၂၆)သန်း တိုးချဲ့ရန်ပြင်ဆင်

မြန်မာနိုင်ငံ၏လူဦးရေထက်ဝက်ခန့် Mobile ဖုန်းအသုံးပြုနိုင်ရန်ရည်ရွယ်၍အမေရိကန်ဒေါ်လာသန်း(၂)ထောင်ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရှိရသည်။ နိုင်ငံတော်၏လူဦးရေ (၅၀) ရာခိုင်နှုန်း အနေဖြင့် Mobile ဖုန်းအသုံးပြုစေရန်အတွက် (၅)နှစ်တာကာလမှ (၇)နှစ်တာကာလအထိ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းတင်မှ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိအသုံးပြုနေသော CDMA 800 WLL Mobile ဖုန်းအသုံးပြုသူဦးရေ (၃)သိန်းကျော်၊ MCWLL 400 အသုံးပြုသူ (၅)သောင်းကျော်၊ WCDMA Mobile ဖုန်းအသုံးပြုသူ (၇)သိန်းကျော်နှင့် GSM Mobile ဖုန်းအသုံးပြုသူဦးရေ (၃)သန်းကျော်၊ (၄)သန်းနီးပါးရှိကြောင်း သိရှိရသည်။ လက်ရှိကာလတွင် GSM Mobile ဖုန်းလိုင်းမှာ အများဆုံးအသုံးပြုခြင်းခံရသောဆက်သွယ်ရေးလိုင်းဖြစ်ပြီး ၂၀၁၃ခုနှစ် ဧပြီ (၂၄)ရက်မှစတင်၍ CDMA 800MHz နှင့် WCDMA ဆက်သွယ်ရေးလိုင်း (၃)သိန်းခွဲကျော်ကိုမြန်မာပြည်တစ်ဝန်းသို့ သက်ဆိုင်ရာဒေသများမှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူလူထုတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည့်ကုမ္ပဏီများ ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ခုနှစ် ဧပြီ (၂၉)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည့် ကုမ္ပဏီ (၁၈)ခုမှ ကိုယ်စားလှယ်များအနေဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များအတွက်မေးမြန်းဆွေးနွေး၍ ဒုတိယဝန်ကြီးဦးသောင်းတင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။




ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် မြန်မာနိုင်ငံအနေဖြင့် လက်ရှိ၌တာဝါတိုင် (၁,၅၀၀)ခန့်သာရှိသေးကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးသောင်းတင်၏ ပြောကြားချက်အရသိရှိရသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ Mobile ဖုန်းသုံးစွဲသူ တိုးတက်မြင့်မားစေရန်အတွက် ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း တယ်လီဖုန်းလိုင်း (၈)သန်း၊ ၂၀၁၄-၂၀၁၅ခုနှစ်အတွင်း တယ်လီဖုန်းလိုင်း (၁၈)သန်းနှင့် သုံးနှစ်တာကာလအတွင်း စုစုပေါင်းတယ်လီဖုန်းလိုင်း (၂၆)သန်းကို တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်သည်။ Mobile ဖုန်းသုံးစွဲသူ သိပ်သည်းဆအားဖြင့် ၂၀၁၂-၂၀၁၃ခုနှစ်အတွင်း (၁၀)ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း (၂၇)ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ခုနှစ်အတွင်း (၅၀)ရာခိုင်နှုန်းဖြစ်လာအောင် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့် သိရှိရသည်။

အောင်ရဲကျော်

## ပြည်တွင်း Mobile ဖုန်းများ ပြည်ပနိုင်ငံများတွင် အသုံးပြုလိုပါက မှတ်ပုံတင်ရမည်

မြန်မာနိုင်ငံမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ဖုန်းများ Outbound ယူဆောင်အသုံးပြုလိုသူများအနေဖြင့် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးချက်များအရ သိရှိရသည်။

Roaming ကိစ္စနှင့်ပတ်သက်၍ အာဆီယံ (၁၀)နိုင်ငံအပြင် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်နိုင်ငံတို့ဖြင့် Bilateral Roaming Aggrement ချုပ်ဆိုပြီး GSM နှင့် WCDMA ဖုန်းများကို ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်၍ Inbound အသုံးပြုနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ Outbound ယူဆောင်အသုံးပြုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်မြို့ Mobile ဆက်သွယ်ရေးဌာနတွင်မှတ်ပုံတင်ပြီးမှသာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါတွေ့ဆုံဆွေးနွေးချက်များ၏ ဖော်ပြထားချက်အရသိရသည်။

မြန်မာနိုင်ငံတွင် ဆယ်လူလာ Mobile စနစ်ကို ၁၉၉၃ ခုနှစ်ကစတင်အသုံးပြုနိုင်ခဲ့ပြီးလက်ရှိတွင် CDMA 450MHz၊ CDMA 800MHz၊ GSM စသည့် Mobile တယ်လီဖုန်းစနစ်များ တပ်ဆင်ထားရှိပြီးဖြစ်ကာ Mobile တယ်လီဖုန်းစုစုပေါင်း (၆. ၀၉)သန်း တပ်ဆင်အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ Roaming ကိစ္စနှင့်ပတ်သက်၍ Postpaid ဖုန်းများတွင်အသုံးပြုနိုင်ပြီး Prepaid ဖုန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိကာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းနှင့် သတင်းအချက်အလက်ဟူသော ဆက်သွယ်ရေးနှင့်ပတ်သက်သည့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြတ်သူ



# LOCAL NEWS

MOBILE NEWS

## Mobileဆက်သွယ်ရေးကွန်ရက်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တင်ဒါခေါ်ယူ




Mobile ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် အမေရိကန် ဒေါ်လာသန်း (၃၀၀)ခန့်ရှိသော GSM UMTS Mobile ဆက်သွယ်ရေးကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် တင်ဒါခေါ်ယူထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တစ်ဆင့်သိရှိရသည်။

Mobile ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ဒါအချက်အလက်များကို တင်သွင်းရန်ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်းတို့မှ ဖိတ်ခေါ်ထားရှိခြင်းဖြစ်သည်။ အဆိုပါ Mobile ဆက်သွယ်ရေးကွန်ရက်တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ၂၀၁၃ ခုနှစ် ဧပြီ (၂၂)ရက်မှ စတင်၍ မေ(၆)ရက် ညနေ(၄)နာရီမတိုင်မီ တင်ဒါပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးကြော်ငြာချက် ထုတ်ပြန်ထားရှိသည်။

လက်ရှိ တင်ဒါခေါ်ယူရန် ကန့်သတ်ထားသော အချိန်ပမာဏမှာ ရက်သတ္တပတ်ပေါင်း (၂)ပတ်ဝန်းကျင်သာ အချိန်ပေးထားသောကြောင့် လုပ်ငန်းလျှောက်လိုသူများအနေဖြင့် လုပ်ငန်းလျှောက်ထားရန် အဆင်မပြေကြောင်း နည်းပညာအသိုက်အဝန်းမှ တစ်ဆင့်ကြားသိရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိအသုံးပြုလျက်ရှိသော ဆက်သွယ်ရေးဖုန်းလိုင်းများမှာ CDMA 450MHz၊ CDMA 800MHz၊ CDMA 800 WLL၊ MC (400)၊ WCDMA၊ GSM အစရှိသော Mobile ဖုန်းလိုင်းများကို ဆက်သွယ်အသုံးပြုလျက် ရှိသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM အလုံး (၆၇၄)သန်း ကွန်ရက်တိုးချဲ့ရန်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာသန်း(၃၀၀)ခန့် တန်ဖိုးမြင့်မားသော တင်ဒါ ခေါ်ယူထားရှိသည်။ မြန်မာနိုင်ငံအတွင်း 3G၊ 2D ကွန်ရက်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍အသေးစိတ်အချက်အလက်များနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းခွင်နေရာများကို သိရှိလိုပါက www.mcpt.gov.mm တွင် ဖတ်ရှုလေ့လာနိုင်သည်။ လက်ရှိခေါ်ယူထားရှိသော တင်ဒါအချက်အလက်များကို ၂၀၁၃ခုနှစ် မေ(၂၀)ရက်နေ့တွင် တင်ဒါကို ဖွင့်ဖောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လက်ရှိကာလတွင် ZTE နှင့် Huawei Company များအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် Mobile ဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်အတွက် လိုအပ်လျက်ရှိသော ဆက်သွယ်ရေးတာဝါတိုင်များနှင့် အခြေခံအဆောက်အအုံများကို မြန်မာပြည်တစ်ဝန်းတွင် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးမှတဆင့် သတင်းရရှိသည်။

**အောင်ရဲကျော်**

## Intel Corporation ၏ ထိပ်တန်းအရာရှိ မြန်မာနိုင်ငံသို့ရောက်ရှိ

မိုက်ခရိုပရိုဆက်ဆာ (CPU) များ၏တီထွင်ဖန်တီးရှင်နှင့် ကမ္ဘာ့အကြီးဆုံးအိုင်တီပစ္စည်းထုတ်လုပ်သူ ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Intel Corporation ၏ ထိပ်တန်းအရာရှိနှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ၂၀၁၃ခုနှစ် ဧပြီ(၂၉)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေရှိ MICT Park တွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် MCF နှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် Intel Corporation ၏ ထိပ်တန်းအရာရှိဖြစ်သော Mr.Chris S. Thomas နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် MCF မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် မြန်မာပြည်အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Intel Corporation မှ ကူညီသွားမည်ဖြစ်ကြောင်း သိရှိရသည်။ "ပြည်တွင်းမှာလိုအပ်နေတဲ့ မြန်မာသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပြင် ပညာရေးကဏ္ဍမှာလည်း နည်းပညာအသုံးချမှုတွေမြှင့်တင်ဖို့အတွက် Intel နဲ့ MCF ပူးပေါင်းပြီးတော့အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ မကြာခင်ကာလအတွင်းမှာပဲ ကျင်းပသွားမှာပါ" ဟု MCF တာဝန်ရှိသူဒေါ်ချောခင်ခင်မှ ပြောကြားခဲ့သည်။ Intel Corporation ၏ မဟာဗျူဟာချမှတ်ရေးအရာရှိ (Chief Strategist) Mr. Chris S. Thomas မြန်မာပြည်သို့လာရောက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌဦးခွန်ဦးမှ "Intel လို ကမ္ဘာ့ထိပ်တန်းကုမ္ပဏီလာတာ အရမ်းဂုဏ်ယူဖို့ကောင်းတယ်။ နောက်ပိုင်းကာလတွေမှာလည်း Intel နဲ့ MCF တို့အနေနဲ့ ပြည်တွင်းနည်းပညာတိုးတက်ရေးနဲ့ပတ်သက်ပြီး ဆက်လက် လက်တွဲသွားမှာပါ" ဟု ပြောကြားခဲ့သည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ USAID ကြီးမှူးသောအမေရိကန်နည်းပညာကုမ္ပဏီကြီး (၅)ခု၊ ကမ္ဘာကျော် Google ကုမ္ပဏီ၏ အမှုဆောင်အရာရှိ နောက်ပိုင်း ထပ်မံရောက်ရှိလာသောနည်းပညာကုမ္ပဏီတစ်ခုအဖြစ် Intel Corporation မှလာရောက်ခြင်းဖြစ်သည်။

**အောင်ရဲကျော်**



# LOCAL NEWS

MOBILE NEWS

## တန်ဖိုးနည်း Sim Card များလိုင်းကောင်းစေရန် ဆက်သွယ်ရေးစခန်းသစ်များတည်ဆောက်လျက်ရှိ

ဧပြီ (၂၄)ရက်တွင် စတင်ရောင်းချပေးခဲ့ပြီးသော ၁,၅၀၀ တန် CDMA 800MHz Mobile ဖုန်းများကို ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် လိုအပ်သောဆက်သွယ်ရေးစခန်းသစ်များတည်ဆောက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တစ်ဆင့်သိရှိရသည်။

ယခုလက်ရှိချထားပေးလျက်ရှိသော ၁,၅၀၀တန် တန်ဖိုးနည်းဖုန်း CDMA 800MHz Sim Card အသုံးပြုထားသော Mobile ဖုန်းများအနေဖြင့် အသုံးပြုလိုသောနေရာတိုင်း၊ အသုံးလိုသောနေရာတိုင်းအသုံးပြုလို့မရနိုင်သော အားနည်းချက်များရှိကြောင်း သိရှိရသည်။ ၁,၅၀၀ တန် CDMA 800MHz Mobile ဖုန်းစနစ် အသုံးပြုနိုင်ရန်အတွက်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေဒီယိုစခန်းပေါင်း ၂၈၂ ခု ရှိပြီး အဆိုပါရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်း ခေါ်ဆိုမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဖုန်းများကို ရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းမှ ပြည်တွင်းပြည်ပသို့ တယ်လီဖုန်းခေါ်ဆိုမှုများပြုလုပ်နိုင်မည်ဖြစ်ပြီး ရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းသာ အပြန်အလှန်ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုလက်ရှိကာလတွင် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရန်အတွက် ဆက်သွယ်ရေးစခန်းသစ်များကို ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ခဲ့ကြောင်းသိရှိရသည်။ ထို့အပြင် ရောင်းချပေးခဲ့ပြီးဖြစ်သောတန်ဖိုးနည်း CDMA 800MHz Sim Card အရေအတွက် (၃၅၀,၀၀၀)ကို ရောင်းချပေးခဲ့ပြီးဖြစ်သော်လည်းဆက်သွယ်ရေးလိုင်း ကောင်းမွန်စွာမရရှိနိုင်သေးကြောင်း နည်းပညာအသိုက်အဝန်းမှတစ်ဆင့် ကြားသိရသည်။



ထို့ကြောင့် GSM Sim Card ဝယ်ယူလိုသူအရေအတွက် ပိုမိုများပြားလျက်ရှိသည်။ သို့သော် တန်ဖိုးနည်း CDMA 800 MHz Sim Card နှင့် WCDMA Sim Card အရေအတွက် စုစုပေါင်းလိုင်း (၁)သန်းရောင်းချပြီးမှ လူအများစု မျှော်လင့်လျက်ရှိသော GSM Sim Card များ ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း Online ပေါ်တွင် သတင်းများ ပျံ့နှံ့လျက်ရှိသည်။

**မျိုးသီဟအောင်**

## တန်ဖိုးနည်း Simcard များနှင့် ပတ်သက်၍ လူအများစု မနှစ်သက်

၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်သုံးစွဲနိုင်ပြီဖြစ်သော CDMA 800 MHz နှင့် ပတ်သက်၍ ပြောဆိုရေးသားမှုများရှိကြောင်း သိရှိရသည်။

" ၂ သိန်းခွဲတန် CDMA 800 MHz အသုံးပြုတဲ့သူတွေအနေနဲ့ ဖုန်းပြောဆိုခ တစ်မိနစ် ၅၀ ကျပ်နဲ့ အင်တာနက်လျှောက်ခ ၁၁,၀၀၀ ကျပ်ဆိုတာ သတ်မှတ်ထားတယ်ဆိုပေမယ့် အခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ထားရှိပြီး ဖြန့်ဖြူးရောင်းချပေးသွားမယ့် ၁၅၀၀ တန် တန်ဖိုးနည်း Simcard တွေရဲ့ ဖုန်းပြောဆိုခ တစ်မိနစ် ၅၀ ကျပ်ဆိုတာ အခြေခံလူတန်းစားတွေအတွက် မနည်းလှတဲ့ပမာဏပါ။ ရွှေပြည်သာ၊ လှိုင်သာယာမှာနေတဲ့သူတွေအနေနဲ့ ငွေကျပ် ၅၀၀ လောက်ရှိရင် ထမင်းတစ်နပ်စားလို့ ရပါတယ်။ ငွေကျပ် ၅၀၀ ဆိုတာ ဖုန်းပြောမယ်ဆိုရင် ၁၀ မိနစ်လောက်ပဲ ပြောရမယ်ဆိုတော့ သိပ်အဆင်မပြေဘူးလို့ထင်ပါတယ်" ဟု အငြိမ်းစားကျောင်းဆရာတစ်ဦးဖြစ်သူ ဦးထင်ကျော်စံမှ ပြောကြားခဲ့သည်။

ထို့အပြင် မဲနှိုက်ရောင်းချပေးခဲ့သော တန်ဖိုးနည်း Simcard များကို အခြေခံလူတန်းစားအချို့အနေဖြင့် သွားရောက်လျှောက်လွှာတင်ခြင်း မပြုလုပ်ကြောင်း ရပ်ကွက်များမှတစ်ဆင့် ကြားသိရသည်။

"ပေါက် မပေါက်ဆိုတာထက် ၁၅၀၀ တန် Simcard ထည့်သုံးဖို့အတွက် ဟန်းဆက်တစ်လုံးဝယ်မှဖြစ်မယ်ဆိုတော့ သိပ်အဆင်မပြေပါဘူး။ အနိမ့်ဆုံး ငွေကျပ် ၃၀,၀၀၀ ဝန်းကျင်ရှိတဲ့အပြင် နောက်ပိုင်း ငွေဖြည့်ကတ်ကလည်း ၂ လကို ၁ ကတ်အနည်းဆုံးသုံးရမယ်ဆိုတော့ အစ်ကိုတို့ဝင်ငွေနဲ့ သိပ်အဆင်မပြေပါဘူး" ဟု အင်းစိန်မြို့နယ်မှ ဆံပင်ညှပ်ကျွမ်းကျင်သူ ကိုသီဟအောင်မှ ပြောကြားခဲ့သည်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC Tel အမှတ်တံဆိပ် တန်ဖိုးနည်း Simcard များအနေဖြင့် တန်ဖိုးမြင့် Simcard များအဖြစ် နေ့ချင်းညချင်း ပြောင်းလဲလျက်ရှိကြောင်း နည်းပညာအသိုက်အဝန်းမှ တစ်ဆင့် ကြားသိရသည်။

**အောင်ရဲကျော်**



အမှတ် 210၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်) ရန်ကုန်။ Ph:01.378171, 09.73183051, 09.420047200

# LOCAL NEWS

MOBILE NEWS

## ပထမဆုံး Huawei Showroom ပြည်တွင်း၌ ဖွင့်လှစ်သွားမည်

မြန်မာနိုင်ငံတွင် Huawei ၏ ပထမဦးဆုံး Huawei showroom အဖြစ် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့တွင်လည်း ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာပြည်တွင် Huawei ကုမ္ပဏီ၏ ပထမဆုံး Showroom အဖြစ် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ ရွှေပြည်အေးကွန်ဒိုတွင် မေ(၅) ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ပြီးနောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးရှိနေရာဒေသအများအပြားတွင်လည်း Huawei Shoroom အများအပြားကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ရန်ကုန်မြို့တွင် Huawei Showroom အခု (၂၀)ကျော်ကို ယခုနှစ်အတွင်း ဖွင့်လှစ်သွားနိုင်ရန်စီစဉ်ထားရှိပြီး နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံ၏ အချက်အချာမြို့ကြီးများတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိစတင်ဖွင့်လှစ်မည့် Huawei Showroom များတွင် Huawei တံဆိပ်နှင့် ပတ်သက်သည့်ပစ္စည်းများကိုသာ သီးသန့်ရောင်းချပေးသွားမည်ဖြစ်ပြီး Handset များအပြင် Huawei Media Pad နှင့် MBB (Mobile Broad Band) များလည်း ဝယ်ယူရရှိမည်ဖြစ်သည်။ ထို့ပြင် မေလ(၅)ရက်နေ့တွင် ဖွင့်လှစ်မည့် Huawei Showroom တွင် Huawei ၏ နောက်ဆုံးပေါ် မော်ဒယ်ဖြစ်သည့် D2 နှင့် Mate များကို အရေအတွက်အကန့်အသတ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် Huawei ကုမ္ပဏီအနေဖြင့် ပြည်တွင်းရှိ Mobile အရောင်းကုမ္ပဏီများနှင့် ပူးပေါင်း၍ Huawei ဝန်ဆောင်မှု Center များကို ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသည်။ Huawei Company အနေဖြင့် ဝန်ဆောင်မှုပေးရာတွင်



တရားဝင်တင်သွင်းသော ထုတ်ကုန်များအတွက်သာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

Huawei ထုတ်ကုန်များသည် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း (၁၂၀)ကျော်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ပြီးခဲ့သည့်နှစ်တွင် Huawei Smart Phone (၃၆)သန်းကို တစ်ကမ္ဘာလုံးရှိ နေရာဒေသအနှံ့အပြားသို့ ရောင်းချနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် Huawei အမှတ်တံဆိပ် Mobile ဖုန်းဝယ်ယူသူ အရေအတွက်မှာ (၁)သန်းနီးပါးရှိကြောင်း သိရှိရသည်။ လက်ရှိမြန်မာနိုင်ငံတွင် Huawei၊ Samsung၊ Zte၊ htc အစရှိသော အာရှဒေသတွင်းထုတ် Mobile ဖုန်းများကို ပိုမိုအသုံးပြုလျက်ရှိသည်။

မြတ်သူ

## မိုဘိုင်းလ်အသုံးပြုသူများအတွက် မိုဘိုင်းလ်သီးသန့်ပြပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ နှင့် နည်းပညာစိတ်ဝင်စားသူ လူငယ်လူရွယ်များအတွက် အထူးရည်ရွယ်၍ တတိယအကြိမ်မြောက် ကျင်းပသွားမည့် Third Myanmar Mobile Fair YGN 2013 ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UNFCCI ရုံး၏ မင်္ဂလာခန်းမနေရာတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ Third Myanmar Mobile Fair YGN 2013 ပြပွဲကို Zillion Business Service Limilted ကုမ္ပဏီမှ ၂၀၁၃ ခုနှစ် မေ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ခမ်းနားသိုက်မြိုက်စွာ ကြီးမှူးကျင်းပသွားမည်ဖြစ်သည်။ ပြပွဲကာလအတွင်း My Data, Hello by MK, Original Korea International, Fercent, Y talk, Webberfly, T-Land, Technomation, Bluemoon Teleshop, Lulay, M188 Universal နှင့် KKA အစရှိသော Mobile & Accessories ဆိုင်များနှင့် အခြားသော Mobile လုပ်ငန်းရှင်များ ပါဝင်ပြသထားမည်ဖြစ်သည်။

Mobile Handset Brand မျိုးစုံ၊ Tablet Brand မျိုးစုံ၊ Accessories မျိုးစုံနှင့်တကွ မိုဘိုင်းလ်နှင့်ပတ်သက်သော နည်းပညာသုံး ပစ္စည်းများကို အထူးဈေးနှုန်းချိုသာစွာဖြင့် ပြပွဲကာလအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ပြပွဲလာရောက်ဝယ်ယူသူ Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကံစမ်းမဲအစီအစဉ်များ၊ မော်ဒယ်ရှိုးပြပွဲများနှင့် Demonstartion Show များကိုလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။ Third Myanmar Mobile Fair YGN 2013 ပြပွဲကို နံနက် ၉ နာရီမှ ည ၆ နာရီအထိ ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အောင်ရဲကျော်

တစ်သက်တာလက်ခမဲ့ပြင်ဆင်ခွင့် ကို ၂၀၀၄ခုနှစ်မှစ၍ မြန်မာပြည်တွင်ပထမဆုံး ပေးအပ်ခဲ့သော

UNiQUE

One Stop Place For Your Digital Lifestyle

IT, Mobile & Electronic Center

Pansodan Showroom
No.(261), Pansodan Road (Upper Block),
Bet. Anawrahta & Bogyoke Road,
Kyauktada Township, Yangon.
Tel : (09) 7317 1212, 7317 1213, 7317 1214

Seikkanthar Showroom
No.(194), Seikkanthar Street (Middle)
Bet. Mahabandoola & Anawrahta Road
Kyauktada Township, Yangon.
Tel : (01) 398 436, 391 789, 391 730

E-Mail : info@uniqueict.net facebook : www.facebook.com/uniqueict.mm

UNiQUE မှဝယ်ယူထားသော Tablet နှင့် Smart Phone များအတွက် Jailbreak ပြုလုပ်ပေးခြင်း၊
Root ပြုလုပ်ပေးခြင်းနှင့် Application Software များထည့်သွင်းပေးခြင်းတို့ကို တစ်သက်တာလက်ခမဲ့ ပြုလုပ်ပေးနေပါပြီ။

Tablet

Apple iPad mini
• 7.9" Retina Display (1024x768)
• Processor Dual Core A5
• RAM 1GB
• 5MP iSight Camera and 1.2MP front Camera
• 802.11a/b/g/n Wi-Fi (802.11n 2.4GHz and 5GHz)
• 4G LTE (with Dynamic Antenna)
• Bluetooth 4.0 Wireless Technology
16GB (Wifi) -----389 $
32GB (Wifi) -----489 $
32GB (Wifi) -----579 $

Apple iPad (4th Generation)
• 9.7" Retina Display (2048x1536)
• Processor Dual Core A6X with Quad Core Graphic
• RAM 1GB
• 5MP iSight Camera and 1.2MP front Camera
• 802.11a/b/g/n Wi-Fi (802.11n 2.4GHz and 5GHz)
• 4G LTE (with Dynamic Antenna)
• Bluetooth 4.0 Wireless Technology
16GB (Wifi) -----539 $
32GB (Wifi) -----629 $
64GB (Wifi) -----719 $

SAMSUNG Galaxy Note 10.1 (3G+Voice+Wifi)
• Storage 8GB SSD
• 10.1" Multi-touch screen (1280x800)
• Processor 1.4 GHz Quad Core
• RAM 2GB DDR2
• Andriod 4.0.3 OS
• Bluetooth, Web Camera
• Wifi, HDMI, USB 3.0
• 3G Network
499,000 Ks

SAMSUNG Galaxy Tab 2 P3100 (3G+Voice+Wifi)
• 7" Multi-touch screen (1024x768)
• Processor 1GHz Quad Core
• RAM 1GB
• Andriod 4.0.4 OS
• Bluetooth, Cardreader, Web Camera
• Wifi, GPS, USB 3.0
• GSM Network
285,000 Ks

lenovo A2 idealtab (3G+Wifi)
• Storage 4GB SSD
• 7" Multi-touch screen (1024x600)
• Processor 1.0 GHz
• RAM 1GB DDR2
• Andriod 4.0.3 OS
• Bluetooth, Web Camera
• Wifi, 3G Network
Gift
159,000 Ks
165,000 Ks

HUAWEI S7-931U
• Storage 8GB SSD
• 7" Multi-touch screen (1024x600)
• Processor 1.5 GHz
• RAM 1GB 1
• Andriod 4.0.4 OS
• 3.2 MP Camera & 0.3MP Front
• Web Camera
• Wifi, USB 2.0
169,000 Ks

Smart Phone ကောင်းကောင်းကိုင်ချင်သူများအတွက် . . .

Apple iPhone 5
16GB 629,000 Ks
32GB 729,000 Ks
64GB 829,000 Ks

SAMSUNG Galaxy Y
• 3" Touch Screen
• 830 MHz ARMv6
• 2GB, RAM 290MB
• 2MP
• Andriod 2.3.6
95,000 Ks

SAMSUNG Galaxy Ace II
• 3.8" Touch Screen
• 800 MHz Dual Core
• 4GB, RAM 768MB
• 5MP
• Andriod 2.3.7
209,000 Ks

SAMSUNG Galaxy SIII
• 4.8" Touch Screen
• 1.4GHz Quad Core
• 16GB, RAM 1GB
• 8MP
• Andriod 4.0.4
425,000 Ks

SAMSUNG Galaxy Grand NEW ARRIVAL
• 5.0" Touch Screen
• 1.2GHz Dual Core
• 8GB, RAM 1GB
• 8MP and 2MP Front Camera
• Andriod 4.1.2
309,000 Ks

SAMSUNG Galaxy Note
• 4.3" Touch Screen
• 1.2GHz Dual Core
• 16GB, RAM 1GB
• 5MP and 1.3MP front Camera
• Andriod 4.0.3
415,000 Ks

SAMSUNG Galaxy Note II
• 5.55" Touch Screen
• 1.6 GHz Quad Core
• 16GB, RAM 2GB
• 8MP and 1.9MP front Camera
• Andriod 4.1
509,000 Ks

htc Desire VC
• 4.0" Touch Screen
• 1 GHz
• 4GB, RAM 512MB
• 5MP
• Andriod 2.3.4
Dual SIM
18 MONTHS WARRANTY
277 $

htc Butterfly
• 5" Touch Screen
• 1.5 GHz Quad Core
• 16GB, RAM 2GB
• 8MP
• Andriod 4.1.1
18 MONTHS WARRANTY
585,000 Ks

htc One X+
• 4.7" Touch Screen
• 1.7GHz QuadCore
• 64GB, RAM 1GB
• 8MP
• Andriod 4.0.4
18 MONTHS WARRANTY
629,000 Ks

Sony Xperia E
• 3.5" Touch Screen
• 1 GHz
• 4GB, RAM 512MB
• 3.15MP
• Andriod 4.0.4
145,000 Ks

Sony Xperia P
• 4.0" Touch Screen
• 1GHz Dual Core
• 16GB, RAM 1GB
• 8MP
• Andriod 2.3.6
239,000 Ks

Sony Xperia TX
• 4.6" Touch Screen
• 1.5GHz Dual Core
• 16GB, RAM 1GB
• 13MP
• Andriod 4.0.4
359,000 Ks

LG Optimus L5
• 4.0" Touch Screen
• 800MHz Single Core
• 4GB, RAM 512MB
• 5MP
• Andriod 4.0.4
159,000 Ks

LG Optimus L7
• 4.3" Touch Screen
• 1.0GHz Dual Core
• 4GB, RAM 512GB
• 5MP
• Andriod 4.0.4
195,000 Ks

LG Optimus 4X HD
• 4.7" Touch Screen
• 1.5GHz Quad Core
• 16GB, RAM 1GB
• 8MP
• Andriod 4.0.4
369,000 Ks

# LOCAL NEWS

GLOBAL NEWS

## GSM Simcard ရောင်းချမည့်ရက် စောင့်မျှော်နေသူများပြား

MEC Tel အမှတ်တံဆိပ်ပါ CDMA 800 MHz မိုဘိုင်းလ် ဖုန်းများကို ပြည်တွင်း၌ မဲစနစ် ဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော်လည်းတစ်ချို့ကမူနောက်လများတွင် ထွက်ပေါ်လာဖွယ်ရှိသည့် GSM ဟန်းဆက်များထွက်ပေါ်လာမည့် အချိန်ကိုသာ ဆက်လက်စောင့်စားနေကြသည်ကို တွေ့ရသည်။

"လောလောဆယ်တော့ CDMA ဟန်းဆက်တွေ အရောင်းသွက်နေတယ်။ တစ်ချို့ ဟန်းဆက်အမျိုးအစားဆိုရင် ပစ္စည်းပြတ်နေပြီ။ ပြီးတော့ ညီမတို့ရဲ့ဆိုင်မှာ ဝယ်ယူအားပေးတဲ့ Customer တွေကို Promotion လုပ်တဲ့အနေနဲ့ ဟန်းဆက် ဝယ်ယူသူတိုင်း MEC Tel အမှတ်တံဆိပ်ပါ CDMA 800 MHz ကျပ် ၅၀၀၀ တန် ငွေဖြည့်ကတ်တစ်ကတ်ကို မေတ္တာလက်ဆောင်ပေးနေပါတယ်။ ဒါပေမဲ့ တန်ဖိုးနည်း GSM သာ ထွက်လာမယ်ဆိုရင်တော့ CDMA ဟန်းဆက် ရောင်းအားထက် GSM ဟန်းဆက်ရောင်းအားက ပိုကောင်းလာနိုင်တယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟန်းဆက်လည်း ပေါတယ်။ ပြီးတော့ GSM ဟန်းဆက်တွေက Function စုံတယ်လေ။ နောက်ဆုံးပေါ် ဟန်းဆက်တွေနဲ့လည်း အသုံးပြုလို့ရတယ်။ CDMA ကျတော့ ဟန်းဆက်အမျိုးအစားရွေးတယ်။ အဲဒါကြောင့် တန်ဖိုးနည်း GSM ဖုန်းကတ်တွေသာ ထွက်လာရင်တော့ ရောင်းအားပိုကောင်းလာနိုင်တယ်" ဟု Global Mobile & Accessories ဆိုင်တာဝန်ခံ မစန္ဒာမြင့်မှ ပြောကြားခဲ့သည်။



အခုထွက်ရှိလာသော တန်ဖိုးနည်း CDMA 800 MHz မိုဘိုင်းလ်သည် လက်ရှိမိုဘိုင်းလ်များနည်းတူ အထွက်ခေါ်ဆိုမှုအတွက် တစ်မိနစ်လျှင် ကျပ် ၅၀ သတ်မှတ်ထားပြီး free incoming ရရှိမည်ဖြစ် သည်။ အင်တာနက်တပ်ဆင်အသုံးပြု ခြင်းအတွက် ကနဦးတပ်ဆင်ခ ကျပ် ၁၀,၀၀၀ ပေးသွင်း၍ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး များရှိ မြန်မာ့ဆက်သွယ်ရေး မန်နေဂျာရုံးများတွင် လျှောက်ထားနိုင်ပြီး တစ်မိနစ်အသုံးပြုခ ငွေ ၄ ကျပ် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံရပ်ခြားသို့ တယ်လီဖုန်းခေါ်ဆိုလိုပါက MEC Tel အမှတ် တံဆိပ်ပါ နိုင်ငံခြားကြို တင်ငွေဖြည့်ကတ် (10$, 20 $, 50$) စသည် တို့အား အသုံးပြု၍ခေါ်ဆိုနိုင်မည် ဖြစ်သည်။

အဆိုပါ CDMA 800 MHz မိုဘိုင်းလ်တယ်လီဖုန်းကတ်များ ပျောက်ဆုံးပါက ငွေကျပ် ၂၀,၀၀၀ ပေးသွင်း၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေး အင်ဂျင်နီယာရုံးများတွင်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် MEC Tel အမှတ်တံဆိပ် တယ်လီဖုန်းကတ်များ ပျက်စီးပါကပြည်နယ်၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေး အင်ဂျင်နီယာရုံးများတွင်အခမဲ့လျှောက်ထားနိုင်ကြောင်းသိရှိရသည်။ MEC Tel အမှတ်တံဆိပ်ပါ တန်ဖိုးနည်း တယ်လီဖုန်းကတ်များနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် (၃၄၅၆) သို့ အခမဲ့မေးမြန်းစုံစမ်းနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသတင်းထုတ်ပြန်ချက်များအရသိရှိရသည်။

ယခုအခါ ထွက်ရှိလာသည့် MEC Tel အမှတ်တံဆိပ်ပါ CDMA 800 MHz တန်ဖိုးနည်းဖုန်းကတ်များသည် လူတိုင်းအသုံးပြုနိုင်ရန်အတွက် ရည်ရွယ်၍ ထုတ်လုပ်ခဲ့သော်လည်း မိုဘိုင်းလ်ဖုန်းသုံးစွဲလိုသူများအနေဖြင့် CDMA 800 MHz Simcard ရရှိရန် ခက်ခဲလျှက်ရှိကြောင်း မိုဘိုင်းလ်ဈေးကွက်အတွင်းမှတစ်ဆင့် ကြားသိရသည်။ လက်ရှိကာလတွင် CDMA 800 MHz, WCDMA Simcardများရောင်းချပေးခဲ့ပြီးဖြစ်သော်လည်း ပြည်သူအများစုအနေဖြင့် GSM Simcard ရောင်းချမည့်ရက်ကို မျှော်လင့်နေသူများပြားလျှက်ရှိကြောင်းသိရှိရသည်။

**မြတ်သူ**

## MacGreen EPS နှင့် MacGreen UPS ဝယ်ယူအားပေးသူများ iPad Mini လစဉ်ကံစမ်းမဲ ဖောက်ပေးသွားမည်

Computer, Laptop နှင့် အခြား Accessories မျိုးစုံကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော MICRO COMPUTER Co.,Ltd မှ MacGreen EPS နှင့် MacGreen UPS ဝယ်ယူအားပေးသူများကို iPad Mini များ လစဉ်လတိုင်း မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကံစမ်းမဲကာလအား ဖေဖော်ဝါရီ ၁၅ ရက်နေ့မှ မေ ၁၅ ရက်နေ့အထိသတ်မှတ်ထားသည်။Mac-Green 650VA UPS, 1200VA UPS, 1000 VA EPS နှင့် 2000 VA EPS တစ်လုံးဝယ်ယူသူတိုင်း ကူပွန်တစ်စောင် ပေးအပ် သွားမည်ဖြစ်ပြီး ကူပွန်တစ်စောင်လျှင် Apple iPad Mini တစ်ကြိမ် ကံစမ်းခွင့် ရရှိမည်ဖြစ်သည်။

"ကျွန်တော်တို့ MICRO COMPUTER Co.,Ltd မှ ဝယ်ယူအားပေး သူများကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ Mac-Green EPS နှင့် MacGreen UPSဝယ်ယူ သူတိုင်းကိုတစ်လလျှင်တစ်ကြိမ် iPad Mini ကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Mac Green EPS ဝယ်ယူသူတိုင်း အတွက် Notebook နှင့် တွဲဖက်အသုံးပြုနိုင်ရုံသာမက Computer အသုံးပြုသူများအတွက်ပါ အကျိုးရှိစေမည့် ပစ္စည်းများ ပါဝင်သော အမေရိကန် ၁၀ ဒေါ်လာတန် ဖိုးရှိ Notebook Companion များကို အရေအတွက် အကန့်အသတ်ဖြင့် လက်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ထို့ပြင် Mac Green EPSနှင့် Mac Green UPS ဝယ်ယူအသုံးပြုသူများအတွက် Warrenty 3 years ပေးသွားမှာဖြစ်ပါ တယ်"ဟု MICRO COMPUTER Co.,Ltd မှ Marketing Manager ကိုသက်မြင့်မောင်မှ ပြောကြားခဲ့သည်။




ကံစမ်းမဲများကို မတ်လ ၂၀ ရက်နေ့၊ ဧပြီ ၂၇ ရက်နေ့နှင့် မေလ ၂၀ ရက်နေ့များတွင် ရွေးချယ်ကံစမ်းမဲ ဖောက်ပေးသွားမည်ဖြစ်ပြီး ဆုမဲများကို MICRO COMPUTER Co.,Ltd သို့ မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူရ မည်ဖြစ်သည်။

၂၀၁၃ ခုနှစ် မတ်လ ၂၀ ရက်နေ့ တွင် ပြုလုပ်ခဲ့သော ကံထူးရှင်အမည်မှာ ကိုသန့် စင်ကျော်၊ ဖုန်း ၀၉ ၄၀၀၄၅၁၃၈၅၊ ဒီပဲယင်း၊ မုံရွာမြို့နယ် နေထိုင်သူဖြစ်ပြီး ဧပြီ ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော ကံထူးရှင်အမည်မှာ ဦးပညာဇောတ၊ သီးပင်ကျောင်းတိုက် ဖုန်း ၀၉ ၄၀၀၄၁၉၅၀၈ ဖြစ်သည်။ အသေးစိတ်သိ ရှိလိုပါက MICRO COMPUTER Co.,Ltd ဖုန်း ၀၁ - ၂၉၄၅၀၃၊ ၀၁ - ၂၀၂၄၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြတ်သူ**

# EDITORIAL

ဧပြီလ နွေအပူများကို သီတာရေအကူနှင့် ဖြတ်ကျော်ခဲ့ကြသည့် သင်္ကြန်ကာလများမှာ ကုန်လွန်ခဲ့ပြီဖြစ်သည်။ ပူလောင်မှုကို မလိုလား၊ အေးချမ်းမှုကိုသာ နှစ်ခြိုက်ကြသည့် လူသားတို့သည် အတာသင်္ကြန်နှစ်အကူးကို တစ်မူထူးသည့် နည်းလမ်းများဖြင့် ကျော်လွှားခဲ့ကြသည်ကိုလည်း တွေ့ရသည်။ လူငယ်လူရွယ်များနှင့် အပျော်အပါး ခုံမင်သူများက ရေကစားကာ အပျော်ရှာကြသလို တရားမွေ့လေ့လာ လိုက်စားသူများကလည်း ရက်ရှည်တရားစခန်းဝင်ကာ ပကတိအမှန်တရားကို အဖြေရှာကြသည်။ ရေကစား၍ရသော လောကီအေးချမ်းမှုနှင့် တရားမှတ်၍ရသော လောကုတ္တရာအေးချမ်းမှုတို့မှာကား သူ့အကြိုက်နှင့်သူ အဓိပ္ပာယ်ရှိကြသည်ချည်းဖြစ်သည်။ ရေမကစားဘဲ နေအိမ်၌သာ အိမ်တွင်းပုန်းနေသူများမှာလည်း အလုပ်နားရက်အတွင်း မိသားစုနှင့် စကားစမြည်ပြောဆိုခွင့်၊ ထမင်းလက်ဆုံ စားခွင့်များရကြ၍ တန်ဖိုးရှိသော အချိန် (Quality Time) များကို ပိုင်ဆိုင်ခွင့်ရခဲ့ကြသည်။

သင်္ကြန်ကာလ၏ အခြားသောထူးခြားချက်မှာ စားသုံးကုန်ပစ္စည်းများ ပြတ်တောက်လေ့ရှိခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့အနီးတစ်ဝိုက်ရှိ ကုန်စုံဆိုင်များတွင် သင်္ကြန်မတိုင်ခင် နှစ်ရက်အလိုလောက်ကတည်းက ပေါင်မုန့်၊ လက်ဖက်သုပ်၊ ငါးသေတ္တာဘူးအစရှိသော အရန်သင့်စားစရာများမှာ 'ကွယ်လေငဲ့ ပိတ်ပိတ်ပျောက်' ဟု ဆိုရမလောက်ပင်ဖြစ်သည်။ အမှန်မှာ သင်္ကြန်တွင်းရေပက်နားချိန်၊ ညနေ ၆ နာရီနောက်ပိုင်း၌ ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချပေးလေ့ရှိသော်လည်း လူတို့၏အစိုးရိမ်လွန်မှုကြောင့် သင်္ကြန်မတိုင်မီကာလကတည်းက ပစ္စည်းပြတ်ရခြင်းဖြစ်ပေသည်။ သင်္ကြန်တွင်းပစ္စည်းကလည်း ပြတ်၊ ကုန်ပို့ကားများကလည်း လာမချနှင့် ဈေးဝယ်နောက်ကျသူများမှာ အခက်တွေ့ရပေတော့သည်။ ဒီကြားထဲ ဝိသမအရောင်းဆိုင်ပိုင်ရှင်တို့ကြောင့် ကုန်ဈေးနှုန်းမတည်မငြိမ် ဖြစ်ရပြန်သည်။ သင်္ကြန်တွင် အပျော်ရှာလိုသူများက သင်္ကြန်ဘယ်တော့ရောက်မလဲဟု မျှော်တော်ဇောနှင့် မောကြသလို၊ အိမ်တွင်းပုန်းသမားများသည်လည်း ရိက္ခာစုဆောင်းရမည့်အရေးကြောင့် ရင်မောရသည်မှာ နှစ်စဉ်လိုလိုပင်။

သင်္ကြန်တွင်းပျော်ပါးသူများနှင့် ပတ်သက်၍ ဝတ်ပုံစားပုံ၊ နေထိုင်ပြုမူပုံတို့အား ဝေဖန်ပြောဆိုမှုများ ပေါ်ထွက်လာတတ်သည်မှာလည်း သင်္ကြန်အပြီးမြင်ကွင်းလို ဖြစ်နေပြန်သည်။ အထူးသဖြင့် ၂၁ ရာစုပြောရေးဆိုခွင့်ကို ကိုယ်စားပြုထားသည့် Facebook ပေါ်တွင်ဖြစ်သည်။ "သင်္ကြန်တွင်းမြင်ကွင်းများ" ဟု ခေါင်းစဉ်တပ်ကာ တင်သူကတင်၊ Like သူက Like၊ Comment ပေးသူကပေး လုပ်နေကြသည်မှာ Facebook သင်္ကြန်ဟုဆိုရမလောက်ပင်။ အဝတ်အစားလျှပ်ပေါ်လော်လည်သူများကိုဝေဖန်သူများရှိသကဲ့သို့ခေတ်စနစ်ပြောင်းလာ၍ ဝတ်ချင်ရာဝတ်နိုင်ပြီဟု ငြင်းချက်ထုတ်သူက ထုတ်သည်။ အထူးသဖြင့် ဝတ်ပုံစားပုံနှင့် ပတ်သက်၍ ဝေဖန်ကြခြင်းကို အမျိုးသမီးထု (အများစု) က မကျေနပ်ကြောင်း တွေ့ရသည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ကြောင်း ထောက်ပြပြောဆိုလာသူ (အမျိုးသား) များအား "နင်တို့သိပ်ပြီးယဉ်ကျေးမှု ထိန်းချင်ရင် ယောင်ထုံးထား၊ တိုက်ပုံဝတ်နေ။ ကိုယ်တိုင်က ဝတ်ချင်ရာဝတ်ပြီး သူများကို လိုက်ဝေဖန်နေတဲ့ အရူးတွေ" ဟူသော ရင့်ရင့်သီးသီး စာသားဖြင့်တုန့်ပြန်သူ(အမျိုးသမီး) များရှိကြောင်း စိတ်မကောင်းဖြစ်ဖွယ် တွေ့ရသည်။ အမှန်မှာ မတူညီသော အမြင်များ အားပြိုင်နေခြင်းသာဖြစ်၍ ဤမျှလောက် အတည်ယူစရာမလိုဟု ထင်မိသည်။ ဧကန်စင်စစ် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ဝေဖန်ပိုင်ခွင့်၊ ကြပ်မတ်ပိုင်ခွင့်ရှိသူများမှာ အိမ်ထောင်မရှိသူ (အပျို) ဖြစ်လျှင် ၎င်း၏မိဘနှစ်ပါး၊ အိမ်ထောင်သည်ဖြစ်ပါက ၎င်း၏ခင်ပွန်းသည်တို့ပင် ဖြစ်သည်။ ပြင်ပသူစိမ်းများက ဝေဖန်လျှင်လည်း ဝေဖန်ရာမရောက်၊ ကဲ့ရဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ (ဝေဖန်သည်ဆိုရာ၌ ဝေဖန်ခံရသူက လက်မခံနိုင်သော အပြောအဆို၊ အရေးအသားဖြစ်သွားပါက ထိုသူ့စိတ်ထဲတွင် ကဲ့ရဲ့သည်ဟုသာ မြင်တတ်ကြစမြဲ) မိဘမောင်ဘွားမဟုတ်သူများက မဝေဖန်စကောင်းပေ။ ဝေဖန်၊ ကြပ်မတ်လိုပါက မိမိနှမငယ်၊ သမီးငယ်၊ တူမငယ်၊ ယုတ်စွအဆုံး အဒေါ်ငယ်တို့ကိုသာ ကြပ်မတ်သင့်လှပေသည်။ 'Charity starts at home' ဟူသော အင်္ဂလိပ်ဆိုရိုးရှိသည်။ ကောင်းတာ၊ မှန်တာလုပ်လိုသမျှ မိမိအိမ်ကစမှသာ သဘာဝကျမည်ဟုထင်သည်။ ဤသို့ဖြင့် အများလည်းလက်ခံ နိုင်၊ ခေတ်နှင့်လည်း လျော်ညီသော ၂၁ ရာစု မြန်မာ့ယဉ်ကျေးမှုသစ်တစ်ရပ် ထွန်းကားပေါ်ထွန်းနိုင်ချေ ရှိလိမ့်မည်။ လွန်ခဲ့သောနှစ်ငါးရာလောက်က ယဉ်ကျေးမှုကိုမှ ယဉ်ကျေးမှုဟု တရားသေဆုပ်ကိုင်ထား လျှင် "မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်" ဆိုသော စကားလုံးမှ "မြန်မာ့ရိုးရာယဉ်ကျေးမှု" ကို ဖြုတ်ထားလိုက်ဖို့သာ ရှိပေတော့မည်။

တာဝန်ခံအယ်ဒီတာ

# ကမ္ဘာ့အသက်အငယ်ဆုံး ဆေးသိပ္ပံပညာရှင်နောက်ကွယ်က သားသမီးပျိုးထောင်မှုသင်ခန်းစာ




ဟိန်းစိုးထွန်း

သူ့ကိုကြည့်လိုက်ရင် သာမန် ၁၆ နှစ်သား ဆယ်ကျော်သက်တစ်ယောက်နဲ့ ဘာမှမခြားပါဘူး။ ဒါပေမယ့် အင်ဂျင်နီယာတစ်ယောက်နဲ့ မေ့ဆေးဆရာဝန်မတစ်ယောက်တို့ရဲ့ ဒုတိယသားဖြစ်သူ ဂျက်အန်ဒရာကာဟာ သိပ္ပံနဲ့တီထွင်မှုစီးကြောင်းရဲ့ ပင်မဇာတ်ခုံပေါ်မှာ တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ကပြနေသူတစ်ဦးဖြစ်ပါတယ်။ လွယ်ကူမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာကာ ရလဒ်အဖြေတိကျတဲ့ ကင်ဆာစမ်းသပ်မှုတစ်ရပ်ကို ဖော်ထုတ်နိုင်သူအဖြစ် ဂျက်ကိုကမ္ဘာ့သတင်းခေါင်းစဉ်တွေမှာ တွေ့ရလေ့ရှိပါတယ်။ ဂျက်ဟာ TED Conference လိုမျိုး ပညာရှင်ဆွေးနွေးပွဲတွေ၊ အိမ်ဖြူတော်၊ ဆေးသိပ္ပံတော်ဝင်အသင်း စတဲ့နေရာတွေမှာတောင် နိုင်ငံရေးလောက၊ သိပ္ပံလောကတို့က ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေနဲ့ ပုခုံးချင်းယှဉ်ပြီးစကားပြောဆိုခွင့်ရထားသူလည်း ဖြစ်ပါတယ်။ ဂျက်ဒီလိုဖြစ်လာစေဖို့ ဘယ်အရာတွေက တွန်းအားပေးခဲ့ပါသလဲ။

### မေရီလန်းသား

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်မှာ ဖွားမြင်ခဲ့တဲ့ ဂျက်သောမတ်စ်အန်ဒရာကာဟာ အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်၊ ခရောင်းစ်ဗီးလ်မြို့သားဖြစ်ပြီး အခုအချိန်မှာတော့ ပြည်နယ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ငယ်စဉ်က ဦးလေး အရင်းဖြစ်သူရော၊ မိသားစုမိတ်ဆွေတစ်ဦးတို့ပါ ပန် ကရိယကင်ဆာနဲ့ တိမ်းပါးခဲ့ရတဲ့ ဝမ်းနည်းစရာ အတွေ့အကြုံကြောင့် ဂျက် ဟာကင်ဆာနဲ့ပတ်သက်လို့ အတော်လေး လေ့လာဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ဘာကိုတွေ့ရှိခဲ့သလဲဆိုရင် ပန်ကရိယကင်ဆာကြောင့် သေဆုံးရခြင်းအကြောင်းရင်းက စောစောမသိရှိတာရယ်၊ ဈေးချိုပြီး မြန်ဆန်စိတ်ချရတဲ့ စစ်ဆေးနည်းမရှိတာရယ် တို့ကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ကင်ဆာဆဲလ်တွေ ဖောက်ပြန်ကြီးထွားမလာခင် သိရှိပြီးကြီးထွားမှုကိုဟန့်တားဖို့ နည်းအမျိုးမျိုးစဉ်းစားခဲ့တယ်။ နောက်ဆုံးမှာတော့ ဂျက်ဟာ နော့သ်ကောင်တီအထက်တန်းကျောင်းမှာ ဇီဝဗေဒ အတန်းချိန်တက်ရင်း ပန်ကရိယကင်ဆာစစ်ဆေးနည်းစနစ်ကို စိတ်ကူးရခဲ့ပါတယ်လို့ ဘီဘီစီနဲ့ အင်တာဗျူးတစ်ခုမှာ ဂျက်ကပြန်ပြောင်းပြောပြပါတယ်။ အဲဒီအချိန်တုန်းက သူထပ်ကာတလဲလဲဖတ်နေတဲ့ ကာဘွန်နာနိုပြွန်သုံးပြီး ခွဲခြမ်းစိတ်ဖြာတဲ့အကြောင်း ဆောင်းပါးတစ်ပုဒ်နဲ့ ဆက်စပ်တွေးမိကာ အကြံရသွားခဲ့တာပါ။ အဲဒီနောက်မှာတော့ ဂျက်ဟာ Google Search ကျေးဇူးနဲ့ အွန်လိုင်းသိပ္ပံဂျာနယ်တွေကို ဖတ်ရှုခွင့်ရခဲ့ပြီး နာနိုပြွန်တွေအကြောင်း ဆက်လက်လေ့လာခွင့်ရခဲ့ပါတယ်။

### ပွဲလယ်တင့်သူ

အဲဒီနောက်မှာတော့ ဂျက်ဟာ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်နဲ့ အမျိုးသားကျန်းမာရေးတက္ကသိုလ်တို့က ပါမောက္ခ ၂၀၀ ကျော်ကိုဆက်သွယ်ကာ စီမံကိန်း၊ လျာထားကုန်ကျငွေနဲ့ အချိန်ဇယားတို့ကိုတင်ပြပြီး ဓာတ်ခွဲခန်းအကူအညီလိုတဲ့အကြောင်း တောင်းခံခဲ့ပါတယ်။ အသက်ငယ်တဲ့ ဂျက်ရဲ့တင်ပြချက်ကို ယုံရခက်တဲ့ ပါမောက္ခ ၂၀၀ နီးပါးရဲ့ငြင်းပယ်စာတွေကို လက်ခံရရှိအပြီးမှာတော့ ဂျွန်ဟော့ပ်ကင်းစ်ဆေးကျောင်းရဲ့ ရောဂါရှာဖွေရေး စမ်းသပ်ရေး၊ ဓာတုနဲ့ ဇီဝမော်လီကျူးဆိုင်ရာ အင်ဂျင်နီယာ ပါမောက္ခဒေါက်တာ အနီယာဘန်မေထရာရဲ့ အပြုသဘောဆောင်တဲ့ပြန်စာကို ရရှိခဲ့ပါတယ်။ ပါမောက္ခ မေထရာဟာ ဂျက်ရဲ့ရောဂါရှာဖွေဖော်ထုတ်ရေးနည်းလမ်းကို လက်တွေ့စမ်းသပ်ကြည့်လိုက်တဲ့အခါ လက်ရှိနည်းလမ်းတွေထက် ၁၆၈ ဆပိုမြန်ပြီး အဆပေါင်း ၂၆,၀၀၀ ခန့် ကုန်ကျစရိတ်ပိုသက်သာကာ သိလွယ်မှု အဆ ၄၀၀ သာလွန်တာကို တွေ့ရှိခဲ့ရပါတော့တယ်။ ဒါ့အပြင် ဂျက်ရဲ့ပန်ကရိယကင်ဆာရှာဖွေရေးနည်းလမ်းဟာ ဆီးချိုစစ်သလောက်သာ ကရိကထများဖို့လိုပြီး ကြာချိန် ၅ မိနစ်သာ ရှိပါတယ်။ ဂျက်အန်ဒရာကာရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ပါမောက္ခမေထရာက အတော်လေး စိတ်လှုပ်ရှားခဲ့ပါတယ်။ "လာမယ့်နှစ်တွေမှာ သူ့အကြောင်းတွေကို ခင်ဗျားတို့ပိုပြီး ဖတ်ရှုလာရဖို့ ရှိတယ်။ ကျွန်တော့်ဓာတ်ခွဲခန်းကလူတွေကိုလည်း ပြောထားတယ်။ (တီထွင်သူ) သောမတ်စ်အက်ဒီဆင်နဲ့ မီးသီးဥပမာကိုကြည့်ကြပါ။ ဒီကောင်လေးဟာ ကျွန်တော်တို့ခေတ်ကာလရဲ့ အက်ဒီဆင်ပါပဲ။ သူ့ဆီကနေ မီးသီးတွေအများကြီးမြင်လာရဖို့ရှိပါသေးတယ်" လို့ Baltimore Sun သတင်းစာကို ပါမောက္ခမေထရာက ပြောပြခဲ့ပါတယ်။ ဂျက်ရဲ့သားချင်းတွေထဲမှာ သူတစ်ယောက်တည်း ပညာရဲ့ရင်ပွဲလယ်တင့်နေတာမဟုတ်ပါဘူး။ သူ့အစ်ကို လုခ်အန်ဒရာကာဟာလည်း ၂၀၁၀ ပြည့်နှစ်မှာ Intel ISEF ပညာသင်ဆုကို "သဘာဝပတ်ဝန်းကျင်အပေါ် သတ္တုတွင်းရေဆိုးအက်ဆစ်တွေရဲ့ သက်ရောက်မှု" ဆိုတဲ့ စာတမ်းနဲ့ ဆွတ်ခူးထားပါသေးတယ်။ Intel ကုမ္ပဏီရဲ့ ဒေါ်လာ ၇၆,၀၀၀ တန်ကြေးရှိတဲ့ ISEF ဆုကို ရခဲ့သူလုခ်ဟာ ၂၀၁၁ ခုနှစ်မှာလည်း မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်က ချီးမြှင့်တဲ့ THINK ဆုကို ထပ်မံရရှိခဲ့ပြန်ပါတယ်။ ဒီလို အသက် ငယ်ငယ်နဲ့ အောင်မြင်ထင်ရှားနေတဲ့ သားနှစ်ယောက်ရဲ့ဂုဏ်သတင်းဟာ လက်ဦးဆရာမြည်ထိုက်တဲ့ မိဘနှစ်ပါးက ပျိုးထောင်မှုကောင်းခဲ့ရ ခြင်းရဲ့ အကျိုးရလဒ်ပါပဲ။

> ***ဂျက်ဟာ ကင်ဆာနဲ့ပတ်သက်လို့ အတော်လေးလေ့လာဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ဘာကိုတွေ့ရှိခဲ့သလဲဆိုရင် ပန်ကရိယကင်ဆာကြောင့် သေဆုံးရခြင်းအကြောင်းရင်းက စောစော မသိရှိတာရယ်၊ ဈေးချိုပြီး မြန်ဆန်စိတ်ချရတဲ့ စစ်ဆေးနည်းမရှိတာရယ် တို့ကြောင့်လို့ဆိုပါတယ်။***

### ပုဗ္ဗာစရိယ မိနဲ့ဘ

အထက်ကဆိုခဲ့သလို ဂျက်ရဲ့ဖခင် စတိဗ်အန်ဒရာကာဟာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး မိခင်ဂျိန်းအန်ဒရာကာကတော့ မေ့ဆေးဆရာဝန်မတစ်ဦးပါ။ "ကျွန်မတို့က ကစားခုန်စားမက်တဲ့ မိသားစုတော့ မဟုတ်ပါဘူး။ ဘောလုံးပွဲတို့၊ ဘော့စ်ဘောပွဲတို့ကိုလည်း သိပ်မသွားဖြစ်တော့ဘူးပေါ့။ အဲဒီအစား (သိပ္ပံ) မဂ္ဂဇင်း ဒုနဲ့ဒေးဝယ်ထားပြီး စားပွဲတစ်လုံးမှာ မိသားစုအားလုံး ဝိုင်းထိုင်၊ စာဖတ်၊ ပြီးရင် ဘယ်လိုလုပ်ဆောင်လို့ရနိုင်သေးတယ်ဆိုတာတွေကို စိတ်ကူးရသလောက် ဆွေးနွေးကြတာပါပဲ" လို့ ဂျိန်းအန်ဒရာကာက သူတို့မိသားစုစာဖတ်နာပုံကို ရှင်းပြဖူးပါတယ်။ နာမည်ကျော် The Sun သတင်းစာက ဂျက်နဲ့လုခ်တို့ရဲ့ အောင်မြင်မှုနဲ့ပတ်သက်ပြီး စတိဗ်နဲ့ဂျိန်းကို တွေ့ဆုံမေးမြန်းလိုက်တဲ့အခါ ကမ္ဘာ့အသက်အငယ်ဆုံးဆေးသိပ္ပံပညာရှင်ရဲ့ နောက်ကွယ်က သားသမီးပျိုးထောင်မှု သဘောတရားတွေကို သိရှိခွင့်ရခဲ့ပါတော့တယ်။ အဲဒါတွေကတော့ -

#### (၁) သီးသန့်လေ့လာသင်ယူခွင့်ပေးပါ

မြန်ပြီး အဖတ်ဆည်လို့ရတဲ့ အမှားသေးသေးမွှားမွှားတွေကို လုပ်ဆောင်ခွင့်ပေးပြီး ကိုယ့်ဘာသာသင်ယူပါစေ။ ပြဿနာတစ်ရပ်မှာ ရှေ့ဆက်လို့မရအောင် လမ်းပိတ်နေရင် အဲဒီပြဿနာကို ဖြေရှင်းဖို့ ဘယ်လိုလုပ်ဆောင်ခဲ့တယ်ဆိုတာကို တစ်ဆင့်ချင်းပြန်ရှင်းပြခိုင်းပါ။ တစ်ခါတစ်ရံ အဲဒီလိုရှင်းပြရင်း အဖြေကိုသူတို့ရှာတွေ့သွားတတ်ပါတယ်။

#### (၂) တစ်ခုတည်းကိုသာ အာရုံစိုက်တတ်ပါစေ

ကိစ္စတစ်ရပ်တည်းကိုပဲ အာရုံစိုက်တတ်ခြင်းက ပိုမိုမြင့်မားတဲ့ရည်မှန်းချက်တွေကို ဆုပ်ကိုင်နိုင်ရေးအတွက် အလွန်အရေးပါတယ်။ ပြဿနာတစ်ရပ်တည်းကိုပဲ စိတ်ရော၊ ကိုယ်ပါ နှစ်လိုက်တဲ့အခါ ဖန်တီးနိုင်စွမ်းတွေ မျိုးစုံပေါ်ပေါက်လာလိမ့်မယ်။ ဘာမှမလုပ်တတ်ဘူးလို့ထင်ထားတဲ့ ကလေးငယ်တစ်ယောက်က ပြဿနာကိုအဖြေရှာနိုင်တဲ့အခါ ကိုယ့်ကိုယ်ကို ယုံကြည်မှုတက်လာပါလိမ့်မယ်။

#### (၃) ကလေးတွေရဲ့ကျောင်းစာတွေကို (မနိုင်ရင်တောင်) ဝိုင်းကူလုပ်ပါ

ကျွန်တော်၊ ကျွန်မတို့ရဲ့ သားနှစ်ယောက်စလုံးဟာ သူတို့ထူးချွန်ရာ ဘာသာရပ်တွေမှာရော၊ သင်္ချာဘာသာမှာပါ မိဘနှစ်ပါးလုံးထက်သာလွန်တဲ့ အတိဇာတသားသမီးတွေပါ။ ဒါတောင်မှ ကလေးတွေရဲ့ကျောင်းစာတွေကို ကျွန်တော်တို့ကူလုပ်ပေးပါတယ်။ ကိုယ်မသိတာမရှိလည်း ဟိုရှာဖတ်၊ ဒီရှာဖတ်နဲ့ပေါ့။ ကိုယ့်ရဲ့ကျောင်းစာကို မိဘတွေကစိတ်ဝင်တစားရှိတယ်၊ ဝိုင်းကူလုပ်ပေးတယ်ဆိုတာသိရင် သူတို့အားတက်လာတယ်။ မိဘကို စာပြန်ရှင်းပြရင်း သူတို့ စာပိုကျေလာမယ်။

#### (၄) စည်းကမ်းချပါ၊ လွတ်လပ်မှုကိုတော့ မထိခိုက်ပါစေနဲ့

"အခြေခံလိုက်နာရမည့် စည်းမျဉ်း" ဆိုတာလေးတွေတော့ ချမှတ်ထားပါတယ်။ ဒါပေမယ့် တီထွင်ဖန်တီးနိုင်စွမ်းကို ထိခိုက်လောက်အောင်တော့ မထားပါဘူး။ အတိုချုံးပြောရရင် လူတွေကို ကျီးဘုတ်ရိုသေ၊ ဘုတ်ကျီးရိုသေ ဆိုသလို ဆက်ဆံ၊ အိမ်စာမှန်မှန်လုပ်၊ ရိုးရိုးသားသားနေ၊ အသက်ကို ဉာဏ်စောင့် ဆိုတာတွေပါပဲ။ စည်းကမ်းတွေ သိပ်များနေရင် မိသားစုထဲမှာလည်း စိတ်ပင်ပန်းတယ်၊ အကြံဉာဏ်သစ်တွေလည်း ထွက်လာမှာမဟုတ်ဘူး။

ဒါတွေကိုကြည့်ရင် ဂျက်နဲ့လုခ်တို့ရဲ့ မိဘတွေဟာ သူတို့သားနှစ်ယောက်ရဲ့ အစွမ်းအစတွေ အကုန်ထွက်ပေါ်လာအောင် လက်နက်အပြည့်အစုံ တပ်ဆင်ပေးခဲ့တာကို တွေ့ရပါလိမ့်မယ်။ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ပေးခဲ့ပေမယ့် အတင်းအကြပ်ချုပ်ကိုင်ထားတဲ့ သဘောတော့မဟုတ်ပါဘူး။ သားနှစ်ယောက်ကို ဘယ်လိုစိန်ခေါ်မှုမျိုးမဆိုရင်ဆိုင်နိုင်အောင် ပျိုးထောင်ခဲ့တာပါ။ အခုဆိုရင် ကျွန်တော်တို့အားလုံးဟာ အန်ဒရာကာမိသားစုရဲ့ သားသမီးပျိုးထောင်မှုရလဒ်အသီးအပွင့်တွေကို ခံစားခွင့်ရနေပါပြီ။ ဒါပေမယ့် ဆယ်ကျော်သက်အရွယ်သာရှိသေးတဲ့ ဂျက်အတွက်တော့ ဒီလောက်လုပ်ပြထားတာ အစပဲရှိသေးတယ်လို့ ဆိုရမလားပဲ။

# ဒစ်ဂျစ်တယ်တော်လှန်ရေးနှင့် ပုံနှိပ်စာအုပ်ထုတ်ဝေသူများ၏ အနာဂတ်

ခိုင်လင်း ၊ စက်မှုတက္ကသိုလ် ၊

ဟုဂ်ဟောင်ဝီလို့ခေါ်တဲ့ ကောလိပ်က ပညာတစ်ပိုင်းတစ်စနဲ့ ထွက်လာသူတစ်ဦးဟာ စာအုပ်ဆိုင်တစ်ဆိုင်မှာအလုပ်လုပ်ရင်း ၂၀၁၁ မှာ Wool လို့ခေါ်တဲ့ သိပ္ပံစိတ်ကူးယဥ်ဝတ္ထုလတ်လေးတွေကို အတွဲလိုက် စတင်ရေးသားခဲ့ပါတယ်။ ဟောင်ဝီဟာ ပုံနှိပ်စက်အသေးစားလေးနဲ့ စာအုပ်တစ်အုပ်ထုတ်ဝေနှင့်ပြီးပါပြီ။ ဒါပေမယ့် သူက ကိုယ်ပိုင် ဖန်တီးမှုကို ထိန်းချုပ်ထားချင်တာကြောင့် စာအုပ် တိုက်အေးဂျင့်တွေကို အားကြိုးမာန်တက် ရှာဖွေမနေချင်ပါဘူး။ ဒါကြောင့် သူက စာအုပ်အသစ်တွေကို ကိုယ်တိုင်ထုတ်ဖို့ ဆုံးဖြတ်ခဲ့ပြီး digital download နဲ့ ပုံနှိပ် edition တွေကို Amazon ကနေ ရောင်းချခဲ့ပါတယ်။ ပထမခြောက်လအတွင်း ကော်ပီပေါင်း ၁၄,၀၀၀ ရောင်းခဲ့ရတယ်။ အတွဲသစ်ထွက်တိုင်း စိတ်အားထက်သန်စွာ စောင့်ကြိုလက်ခံမှုတွေကြုံရပြီး စာဖတ်သူတွေဆီက ထပ်မံတောင်းဆိုတဲ့အီးမေးလ်တွေ နာရီပိုင်းအတွင်း လက်ခံရရှိတတ်ပါတယ်။

မနှစ်က ဇန်နဝါရီလမှာတော့ အေးဂျင့်တွေကဟောင်ဝီဆီ ဖုန်းတဂွမ်ဂွမ်ဆက်ကြတယ်။ သူ့စာအုပ်ကို ပိုပြီးအခြေခိုင်တဲ့လမ်းကြောင်းက ထုတ်ဝေချင်လို့ဖြစ်ပါတယ်။ အဲဒီအချိန်မှာ Wool စီးရီးက သူ့အတွက် တစ်လကိုဒေါ်လာ ၁၂,၀၀၀ နီးနီးရှာပေးခဲ့ပြီးပါပြီ။ Nelson Literary Agency ထူထောင်သူ ခရစ်စတင်နယ်လ်ဆင်က သမားရိုးကျပုံနှိပ်ထုတ်ဝေရေးဟာ ဟောင်ဝီသူ့ဘာသာလုပ်နေတာထက်ပိုပြီး ကောင်းကောင်းပေးကမ်းနိုင်မလားအသေအချာမပြောနိုင်ကြောင်းဝန်ခံရင်းနဲ့ ဟောင်ဝီကိုစည်း ရုံးနိုင်ခဲ့ပါတယ်။ မေလရောက်တဲ့အခါ Wool က တစ်လဒေါ်လာ ၁၃၀,၀၀၀ ရှာပေးနေပြီး ရုပ်ရှင်ရိုက်ခွင့်ကိုလည်း 20th Century Fox နဲ့ ဒါရိုက်တာရိုက်ဒ်လေစကော့ဆီရောင်းခဲ့ရပြီးပါပြီ။ ထုတ်ဝေသူသုံးလေးငါးဦးကလည်း သူ့စာအုပ်ကို အဖုံးမာ၊ အဖုံးပျော့နဲ့ ebook တွေအဖြစ် ရောင်းချခွင့်အတွက် ဂဏန်းခုနစ်လုံး စာပေးကမ်းခဲ့ပေမယ့် ဟောင်ဝီနဲ့ နယ်လ်ဆင်ကပယ်ချခဲ့တယ်။ သူတို့က ဒစ်ဂျစ်တယ်နည်းလမ်းအရောင်းသက်သက်နဲ့ တင်တစ်နှစ်ကို ဒီလောက်များများရှာနိုင်ပါတယ်။

ဒီနောက်မှာတော့ Simon & Schuster ရဲ့ဥက္ကဋ္ဌက နယ်လ်ဆင်ဆီအီးမေးလ်တစ်စောင် ပို့လိုက်တဲ့အခါ ပုံနှိပ်ထုတ်ဝေခွင့်သက်သက်နဲ့တင် ဂဏန်းခြောက်လုံးစာ သဘောတူညီမှုရဖို့ လမ်းပွင့်သွားခဲ့ပါတယ်။ ဒါဟာတကယ်ပဲထူးခြားတဲ့ အလျှော့ပေးလက်ခံမှုဖြစ်ပါတယ်။ ထုတ်ဝေသူဟာ စီးရီးရဲ့ အဓိကရပေါက်ရလမ်းဖြစ်တဲ့ ebook ဝင်ငွေကို စွန့်လွှတ်ရတဲ့ကြားက Wool စာအုပ်အတွက် ဈေးကွက်မြှင့်တင်ရေး အပြည့်အဝပြုလုပ်ပေးဖို့ သဘောတူခဲ့တယ်။ စာပေထုတ်ဝေရေးလောကမှာ ဝက်ဝက်ကွဲပေါက်တဲ့စာအုပ်တစ်အုပ်အတွက်ဆိုရင် သက်ဆိုင်သူအားလုံးအနိုင်ရတယ်လို့ မကြာခဏဆိုလေ့တဲ့ပြောလေ့ရှိတယ်။ ဒါပေမယ့် Wool နဲ့ ပတ်သက်လို့ အကြီးမားဆုံးအနိုင်ရရှိခဲ့သူက ဟုဂ်ဟောင်ဝီပဲဖြစ်ပါတယ်။

ရာစုနှစ်ပေါင်းများစွာအတွင်း စာအုပ်တွေနဲ့ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းစဥ်တွေဟာမပြောင်းလဲ သလောက်နီးနီးဖြစ်နေတဲ့အချိန်မှာ အခုဒစ်ဂျစ်တယ်တော်လှန်ရေးက လုပ်ငန်းတစ်ခုလုံးကို အခြေကနေကိုင်လှုပ်လျက်ရှိပါတယ်။ Amazon က အွန်လိုင်းစာအုပ်ရောင်းချသူအဖြစ် ထကြွအားကောင်းလာခြင်းနဲ့အတူ ပြောင်းလဲမှု စတင်ခဲ့တယ်။ ရလဒ်အဖြစ်ရုပ်ပိုင်းဆိုင်ရာ စာအုပ်ဆိုင်တွေကျဆင်းလာပြီး ပြောင်းလဲမှုဟာ ပိုမိုအရှိန်ရလာတယ်။ Ebook တွေဘက် ကူးပြောင်းလာမှုကိုကြည့်ရင် အခုအခါ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကြီးတွေရဲ့ ဝင်ငွေထဲမှာ ၂၀ ရာခိုင် နှုန်းအထိ ရှိလာတယ်။ ၂၀၀၈ ခုနှစ်ကထက်စာရင် ၁ ရာခိုင် နှုန်းတက်လာတာဖြစ်ပါတယ်။ ရှိနှင့်ပြီးသားပုံနှိပ်ထုတ်ဝေရေးအခြေခံဖရိမ်မှာက ရှုပ်ရှုပ်ထွေးထွေးနိုင်ပါတယ်။ စာအုပ်တစ်အုပ်အတွက် ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ။ ထုတ်ဝေဖို့ ဘယ်လောက်ကြာမလဲ။ တည်းဖြတ်မှုကို ဘယ်လိုလုပ်မလဲ။ ဘယ်သူက ထုတ်ဝေပေးမလဲ။ စာအုပ်ရေးဖို့ စာရေးဆရာကို ငွေကြိုထုတ်ပေးတဲ့ အလေ့အထ ဆက်လုပ်ရဦးမလားဆိုတဲ့ မေးခွန်းမျိုး တွေအမြဲရှိနေတယ်။ ဒါတွေဟာ Amazon က ကိုင်တွယ်နိုင်စွမ်းမရှိတဲ့ ကဏ္ဍမျိုးတွေဖြစ်ပြီး အစဥ်အလာထုတ်ဝေသူတွေသာ နောက်ဆုံးမှာရှင်သန်ရုံမက ထွန်းကားစည်ပင်နိုင်မယ့် နေရာဖြစ်ပါတယ်။ ဒါပေမယ့် ဒစ်ဂျစ်တယ်အွန်လိုင်းနည်းပေါ်ပေါက်လာတဲ့အတွက် ကာလရှည်ကြာ အခြေကျ တည်ငြိမ်ပြီးသား နယ်ပယ်ထဲကအထွတ် အမြတ်ပြုစရာ စာအုပ်လုပ်ငန်းဟာ အခုဘယ်သူမဆိုဝင်ပါလာနိုင်အောင် ဖြစ်စေခဲ့ပါတယ်။

သူတို့ဟာ သေဆုံးပြီးသစ်ပင်တွေကိုဖောက်သည်တွေဆီပို့ဆောင်တဲ့အခါ စရိတ်တွေပိနေပါတယ်။ စက္ကူ၊ ပုံနှိပ်၊ စာအုပ်ချုပ်၊ သိုလှောင်၊ တင်ပို့ရေးစတဲ့ ကိစ္စရပ်တွေများစွာရှိပြီး ဒီစရိတ်တွေကိုဖယ်ရှားလို့လည်း မဖြစ်နိုင်ပါဘူး။



ဒီနေ့ခေတ်ပုံနှိပ်ထုတ်ဝေရေးလောကရဲ့ ပူပန်စရာတွေအားလုံးအထဲမှာ ထိပ်ဆုံးကရှိနေတာက ယဉ်ကျေးမှုအရ ဆီလျော်သက်ဆိုင်မှုမရှိဘဲ ဖြစ်သွားမှာမျိုးပါပဲ။ "အဖြစ်မှန်က လူတွေဟာ ရှေ့ဆက်ပြီး စာမဖတ်ကြတော့ဘူး" လို့ ၂၀၀၈ ခုနှစ်မှာ စတိဗ်ဂျော့ဘ်စ်က သတင်းထောက်တစ်ဦးကို ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒီကိစ္စကို စဉ်းစားကြည့်ပါ။ ရှေ့ဆက်ပြီး စာမဖတ်ကြတော့ဘူးဆိုတဲ့လူတွေက တစ်ပတ်အတွင်းမှာ Steve Jobs လို့ခေါ်တဲ့ တကယ့်ကိုရှည်တဲ့စာအုပ်ကိုကော်ပီပေါင်း သန်းဝက်ကျော် ဝယ်ယူခဲ့ကြပါတယ်။ မနှစ်တုန်းက Vintage စာအုပ်တိုက်ဟာ အရွယ်ရောက်ပြီး အမေရိကန်ခြောက်ယောက်တိုင်းအတွက် Fifty Shades of Grey စာအုပ်တစ်အုပ်ကျစီရောင်းခဲ့ရတယ်။ Random House, Penguin, Hachette, Macmillan, Simon & Schuster နဲ့ Harper Collins စတဲ့ ထုတ်ဝေသူလုပ်ငန်းကြီးခြောက်ခုစလုံးဟာ ငွေတွေရှာနေနိုင်ကြဆဲဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကထက်ကို အမြတ်မာဂျင်ပိုပြီး ကောင်းစရာရှိနေပါသေးတယ်။

ဒီအတောအတွင်း စာဖတ်သူတွေဟာ အရင်မကြုံစဖူး အမျိုးမျိုးသောရွေးစရာတွေရလာတယ်။ ၂၀၀၇ ခုနှစ်မှာ ပထမဆုံး Kindle ကို ရောင်းချခဲ့ပြီးချိန်ကစပြီး E-reader တွေဟာ စဉ်ဆက်မပြတ်ဈေးပိုသက်သာကာ ပိုကောင်းလာတယ်။ ဖောက်သည်တွေဟာ စာအုပ်အမျိုးပေါင်း သန်းပေါင်းများစွာကို ချက်ချင်းလမ်းပေါက်ဝယ်ယူနိုင်တယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဟာ ပိုပြီးလှုပ်ရှားတက်ကြွတဲ့ ဈေးကွက်အဖြစ် နှစ်စဉ်ကော်ပီပေါင်း ၃ဘီလီယံရောင်းချနေရတယ်။ Amazonက ထောက်ပြလေ့ရှိတဲ့အတိုင်း Kindle အသစ်ဝယ်ယူသူတွေဟာ လာမယ့်နှစ်တွေမှာ ပထမနှစ်ထက်စာရင် စာအုပ်တွေကို ပုံနှိပ်ပုံစံနဲ့ပဲဖြစ်ဖြစ်၊ ဒစ်ဂျစ်တယ်ပုံစံနဲ့ပဲဖြစ်ဖြစ် Amazon က စာအုပ်တွေ ငါးဆ ပိုဝယ်လေ့ရှိပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းက ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို ကြီးမားစွာချဲ့ထွင်ပေးနေကြောင်း နမူနာတစ်ခု ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်နည်းလမ်းဟာ အကောင်းမြင်စရာတွေ အများကြီးရှိပေမယ့် Amazon တောင်မှ အစဥ်အလာပုံစံကို သေဆုံးပြီလို့ မကြေညာရဲသေးပါဘူး။ Amazon က ပုံနှိပ်ထုတ်ဝေရေး ကြီးခြောက်ကြီးနဲ့ ထိပ်တိုက်စိန်ခေါ်မှုပြုလုပ်ခဲ့တဲ့အခါ အစဉ်အလာစာအုပ်ဆိုင်တွေက အဲဒီစာအုပ်တွေဆိုင်ပေါ်တင်ဖို့ ငြင်းပယ်ခဲ့တယ်။ သပိတ်မှောက်မှုက အလုပ်ဖြစ်ခဲ့တယ်။ ရောင်းအကောင်းဆုံးစာရေးဆရာ ဖားရစ်က သူသာ Random House စာအုပ်တိုက်နဲ့ ဆက်လုပ်ခဲ့ရင် ဒီထက်ငွေပိုရခဲ့မှာလို့ဝန်ခံခဲ့ပါတယ်။

ဒါပေမယ့်လည်း အစဥ်အလာပုံနှိပ်ထုတ်ဝေရေးက ဒစ်ဂျစ်တယ်အနာဂတ်မှာ နေရာကောင်းကောင်းရပ့ါမလား မသေချာသေးပါဘူး။ သူတို့ဟာ သေဆုံးပြီးသစ်ပင်တွေကို ဖောက်သည်တွေဆီပို့ဆောင်တဲ့အခါ စရိတ်တွေပိနေပါတယ်။ စက္ကူ၊ ပုံနှိပ်၊ စာအုပ်ချုပ်၊ သိုလှောင်၊ တင်ပို့ရေးစတဲ့ ကိစ္စရပ်တွေများစွာရှိပြီး ဒီစရိတ်တွေကိုဖယ်ရှားလို့လည်း မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီစရိတ်ဟာသူတို့ရဲ့လုပ်ငန်း မှာ ၈၀ ရာခိုင်နှုန်းအထိ ပါဝင်တယ်။ သူတို့ဟာ မြေနေရာငှားခတွေလည်း ပေးဖို့လိုတယ်။ စာဖတ်သူတစ်ယောက်က Kindle edition ကို ၈.၉၉ ဒေါ်လာနဲ့ရနိုင်တဲ့အခါ ပုံနှိပ် version ကို ၁၉.၉၉ ဒေါ်လာ ပေးရတာက လူအများစုအတွက် ရယ်စရာကောင်းအောင် မတော်မတည့် ဖြစ်နေပါလိမ့်မယ်။

ဒါ့အပြင် မရေးရသေးတဲ့စာအုပ်တွေအတွက် ကြိုတင်ငွေအများကြီးပေးရတာကလည်း

▸ စာမျက်နှာ - ၃၄ - သို့



# ကွန်ပျူတာက စဉ်းစားတတ်သလား

ဦးမျိုး ( အိုင်တီ - အန်းတိတ် )

ကျွန်တော်တို့နေ့စဉ်ဘဝမှာ ကွန်ပျူတာနဲ့ကင်းတဲ့ပစ္စည်းမရှိသလောက်ဖြစ်နေပါတယ်။ တီဗွီဖွင့်တာ၊ သီချင်းနားထောင်တာ၊ ကားမောင်းတာ၊ ဓာတ်ပုံရိုက်တာတွေမှာ အလိုအလျောက်လုပ်ပေးနေပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်ရတာတွေ လွယ်ကူစေလာပါတယ်။ ကွန်ပျူတာက လုပ်ဆောင်ပေးနေပါတယ်။ အလွယ်ဆုံး ဉပမာပြရမယ်ဆို ခင်ဗျား ကွန်ပျူတာသုံးရင် Pointer လေးလို Icon တစ်ခုပေါ် မှာပဲနေရင်တောင်(ခင်ဗျားကဆုံးဖြတ်ချက်မချ ရသေးပါဘူး) ကွန်ပျူတာက ခင်ဗျားလုပ်ဆောင်တော့မယ်ဆိုပြီး အဲ့ဒီဖိုင်ကို ဖွင့်ပေးတော့တာပဲ။ ခင်ဗျားလုပ်ဆောင်မှာကို ကြိုတင်သိနေပါတယ်။ ခင်ဗျားရဲ့ဆန္ဒကို သိနေပါတယ်။ အသင့်ပဲ အချိန်မဆိုင်းပဲ လုပ်ဆောင်ပေးပါတယ်။

ဓာတ်ပုံရိုက်ရင် လည်းပုံထွက်ကောင်းအောင် ပထမဆုံး Forcus ကို အလိုအလျောက်ချိန်ပေးပါတယ်။ အနီးအဝေး အလင်းအမှောင်ကို ချိန်ညှိပေးပြီး ရိုက်ယူပါတယ်။ အလိုအလျောက်စနစ်ကင်မရာထဲမှာပါတဲ့ Clip မှာ Program တွေပါပြီးသားပါ။

နောက်ရိုက်ပြီးတော့ ရောခင်ဗျား Screen မှာဖော်ပြပေးတဲ့အခါ ပုံထွက် လှပအောင် Resolution ကို ပြန်ချိန်ညှိပေးပြန်တယ်။ ကျွန်တော်တို့ စိတ်ကြိုက်ဖြစ်စေဖို့ ပုံလှလှလေး ကြည့်မြင်နိုင်ဖို့ လုပ်ဆောင်ပေးပါတယ်။ ကျွန်တော်တို့မှာ စိတ်ကျေနပ်ရသလိုတစ်ဖက်ကလည်း ထိတ်လန့်လာပါတယ်။ ကျွန်တော့်မှာ တစ်ချိန်က ဖြစ်ပေါ်ဖူးတဲ့ ကြောက်လန့်စိတ်က နိုးထလာပါတယ်။ ကွန်ပျူတာဆိုတဲ့ ပစ္စည်းကြီးကို လူတိုင်းသတိပြုမိစ ၁၉၆၀ ခုလောက်ကဖြစ်ပါတယ်။ လူနှင့် ကွန်ပျူတာပြိုင်ပွဲတခု ပြုလုပ်ခဲ့ပါတယ်။ စစ်တုရင်ပြိုင်ထိုးကြတာဖြစ်ပါတယ်။ ဒီသတင်းကြားတော့ ကျွန်တော် ထိတ်လန့်မိလာပါတယ်။ အတွေးလည်း လွန်မိပါတယ်။ တို့လူသားတွေက စက်ရုပ်တွေကိုပြိုင်ပြီးနိုင်တော့မှာပါလား လူသားတွေက စက်ရုပ်တွေရဲ့ ထိန်းချုပ်မှုအောက်ရောက်ရတော့မှာပဲဆိုပြီး စိုးရိမ်ထိတ်လန့်ခဲ့မိပါတယ်။ အဲဒီ ထိတ်လန့်စရာကြီးကို မေ့ထားခဲ့ပါတယ်။

နှစ်တွေအတော်ကြာခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၀ လောက်ရောက်တော့ ဒီကွန်ပျူတာတွေက ကျွန်တော့်ဝန်း ကျင်မှာဝန်းရံနေပါတယ်။ ကျွန်တော်က မကြည့်သော်လည်း ကျွန်တော့်မျက်စိ ရှေ့မှာရှိနေတယ်ရောက်နေတယ်ဆို တာမြင်တွေ့နေရပါတယ်။ တနည်းအားဖြင့် ကျွန်တော့်ဘဝထဲတိုးဝင်လာတယ်ပေါ့ဗျာ။ ဘာလဲ၊ ဘယ်လိုလုပ်သလဲ၊ ဘယ်နေရာတွေမှာဘယ်လိုသုံးကြတာလဲ၊ ကျွန်တော် စူးစမ်းစပြုလာခဲ့ပါတယ်။

PC အကြမ်းရေးထားတဲ့ စာအုပ်တွေဖတ်ပါတယ်။ ပြီး Laptop တစ်လုံးဝယ်ပါတယ်။ လက်တွေ့အသုံးပြုကြည့်ပါတယ်။ ဒီမှာတင် ကျွန်တော့်ရဲ့ စက်ရုပ်တွေကို ကြောက်စိတ်တွေ ပြေလျော့သွားပါတယ်။ စက်ရုပ်ဆိုတာ ငါခိုင်းတာ လုပ်ဆောင်ပေးရမယ့်အရာပဲဆိုတာ ခိုင်ခိုင်မြဲမြဲ သိလာပါတော့တယ်။

အဲတော့ခင်ဗျားတို့လည်း မကြောက်ပါနဲ့။ သူတို့သက်မဲ့တွေက သက်ရှိဟန် ဆောင်နေတာပါ။ လူကဖန်တီးထားတဲ့ လူသားကိုယ်ပွားလို့ပဲ မှတ်လိုက်ပါ။ ကျွန်တော်တို့ မလုပ်ချင်တဲ့အလုပ်တွေကို ခိုင်းဖို့ပဲဖြစ်ပါတယ်။ သူတို့က စဉ်းစားဆင်ခြင်ဉာဏ်မရှိပါဘူး။ ခိုင်းတဲ့အလုပ်ပဲ လုပ်တတ်ပါတယ်။ အဲတော့ အကြမ်းဖျင်းပေါ့ဗျာ ဘယ် လိုလုပ်ထားသလဲ ကြည့်ကြည့်မယ်ဗျာ။

**ကွန်ပျူတာဆိုတဲ့ ပစ္စည်းကြီးကို လူတိုင်းသတိပြုမိစ ၁၉၆၀ခုလောက်က ဖြစ်ပါတယ်။ လူနှင့်ကွန်ပျူတာပြိုင်ပွဲတခု ပြုလုပ်ခဲ့ပါတယ်။ စစ်တုရင်ပြိုင်ထိုးကြတာဖြစ်ပါတယ်။ ဒီသတင်းကြားတော့ ကျွန်တော် ထိတ်လန့်မိလာပါတယ်။**

ကွန်ပျူတာမှာ အဓိကအားဖြင့်နှစ်ပိုင်းပါဝင်ပါတယ်။ Hardware နှင့် Software ဆိုတာပဲ။ Hardware ဆိုတာက ခင်ဗျားတို့ ကျွန်တော်တို့ ကိုင်တွယ်ထိတွေ့ ကြည့်မြင်နိုင်တဲ့အပိုင်းဖြစ်ပါတယ်။ Software ဆိုတာ ကို ကျွန်တော်တို့ မမြင်ရပါဘူး။ Hardware ထဲမှာ အီလက်ထရွန်နစ်နည်းနဲ့ ထည့်သွင်းထားတဲ့ ညွှန်ကြားချက်တွေ (ကျွန်တော်တို့ရဲ့ ခိုင်းစေချက်တွေ) ပဲ ဖြစ်ပါတယ်။

ကဲ. . Hardware ကစပြောရအောင်။ အီလက်ထရွန်နစ်ပစ္စည်းဖြစ်တဲ့အတွက် လျှပ်စစ်ပတ်လမ်းတွေပါဝင်ပါတယ်။ ဒီပတ်လမ်းကိုလိုသလို လျှပ်စစ်ပတ်စီးစေဖို့တည်ဆောက်တဲ့အခါမှာ Resistoer၊ Transister၊ Capacitor၊ Diode တွေ ပါရပါတယ်။ ဘယ်လိုအသုံးပြုသွားလဲ ဆိုတာပြောပါမယ်။Resi-stor ကတော့ လျှပ်စစ်စီးကြောင်းကိုပြောင်းလဲပေးနိုင်ပါတယ်။ Diodeကတော့ စီးကြောင်းကို တဖက်သတ်သာစီးဆင်းစေခြင်း အခြားတဖက်ကို မစီးဆင်းစေပါဘူး။ Capicity ကတော့လျှပ်စစ်ဓာတ်အားကို ချိတ်ဆက်ပေးပါတယ်။ Di-rect Current ကို ဖြတ်မစီးစေပါဘူး။ Alternating Current ဖြတ်စီးဆင်းသကဲ့သို့သာ ပြုမူဆောင်ရွက်ပေးပါတယ်။

အဲဒီလို အစွမ်းရှိတဲ့ပစ္စည်းတွေကိုအသုံးပြုပြီးလျှပ်စစ်ကို ကိုယ်လိုသလိုလုပ်ဆောင်စေပါတယ်။ ဒီပစ္စည်းတွေ မြောက်များစွာ အထူးသဖြင့်သန်းနဲ့ချီပြီး Clip တစ်ခုတည်းမှာ စီစဉ်ထည့်သွင်းထားပါတယ်။ ဒါကြောင့်သာပဲ ကျွန်တော်တို့က ခလုတ်ကလေး တစ်ချက်နှိပ်လိုက်ရုံနဲ့ အလွန်လျင်မြန်တဲ့နှုန်းနဲ့ လျှပ်စစ်ကစီးဆင်းပြီး အဆင့်ဆင့်လုပ်ဆောင်သွားတာပါ။

ဒီလိုလုပ်ဆောင်အောင်လည်း ကြိုတင်ပြီး ပတ်လမ်းကို ရေးဆွဲထားပါတယ်။ ဒီလိုရေးဆွဲပြီး အမိန့်ပေးတဲ့ အမိန့်အစုအဝေးကို Software လို့ခေါ်တာပါ။ အဲတော့ ကျွန်တော်တို့ မမြင်ရပါဘူး။ ဒီ Software ပေါ် အမိန့်တွေကို ရေးဆွဲရာမှာ သင်္ချာရဲ့ အကူအညီကိုရယူရပါတယ်။ ဒီမှာ သင်္ချာပညာရဲ့ အခန်းကလည်း အရေးပါလာပါတယ်။ သို့မှသာ တွက်ချက်မှုတွေ အဖြေရှာမှုတွေ ကိုလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲတော့ဗျာ သင်္ချာ အကူအညီကိုယူပြီး လျှပ်စစ်ပတ်လမ်းကိုထိန်းချုပ်ပြီး လိုအပ်သလို စီးဆင်းစေပါတယ်။ ဒီနည်းနဲ့ ကွန်ပျူတာကအလုပ် လုပ်ပေးပါတယ်။ ကိုင်း. . အဲဒီတော့ လူသားတွေလိုစဉ်းစားတတ်ပါ့မလား။ မစဉ်းစားတတ်ပါဘူး။ ဒါပေမဲ့ ခက်တာက ကျွန်တော်တို့ လူသားတွေကလည်း ဇွဲမလျှော့ပါဘူး။ လူသားတွေလိုစဉ်းစားလုပ်ကိုင် ပြုမူတတ်အောင် ကြိုးစားနေခဲ့ပါတယ်။ စဉ်းစားဆင် ခြင်ဉာဏ် Intelligence ရှိလာအောင် လုပ်ဖို့ကြိုးစား နေကြပါတယ်။ Arti-ficial Intelligence ခေါ်တဲ့ ဉာဏ်ရည်အတိုင်း ရရှိနိုင်ဖို့ ကြိုးစားနေပါတယ်။ သိပ္ပံပညာရှင်တွေ စုဝေးပူးပေါင်းပြီး ကြိုးစားနေပါတယ်။

စက်ရုပ်က စကားပြောတတ်ရမယ်။ အပြန်အလှန်ပြောဆိုနိုင်တာကို ပြောတာနော်။ ဒီမှာ စဉ်းစားဉာဏ်သုံးပြီး ပြန်ပြောတတ်ရမှာနော်။ လူသားနှင့် ကွန်ပျူတာကွာခြားချက်ကဘာလဲဆိုတာ စပြီး လေ့လာပါတယ်။ ကွန်ပျူတာက Numeric Processing ကို အသုံးပြု ထားတယ်။ ကိန်းဂဏန်းကို အသုံးပြုတယ်ပေါ့ဗျာ။ ဒီမှာ တောင် 0 နဲ့ 1 ပဲသုံးတယ်။ ဘာလို့လဲဆိုတော့ အီလက်ထရွန်နစ်ပစ္စည်းကို သုံးထားတော့ ဖွင့်/ပိတ်ပဲ ရှိတယ်လေဗျာ။

လူသား တွေက အသိပညာတွေကို သင်္ကေတ Symbol ပေါ် မှာ အခြေခံထားတယ်။ ကွန်ပျူတာက တဖန် Algorithin ကိုသုံးတယ်။ အစအဆုံး ချိတ်တာသတ် မှတ်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်မှုကို အသုံးပြုတယ်။ လူသားကတော့ သင်္ကေတကိုသာ အသုံးပြုပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ထားထက် ပိုလုပ်ဆောင်ပါတယ်။ ကွန်ပျူတာမှာ Data နှင့် Information ကို အသုံးပြုပါတယ်။ Data ဆိုတာ 0 နှင့် 1 သာပါတဲ့ ကိန်းဂဏန်းစဉ်ကို အသုံးပြုပါတယ်။ အခု လူသားတစ်ဦးကဲ့သို့ ပြုမူဆောင်ရွက်နိုင်ဖို့ ကြိုးစားနေတဲ့ Artificial Intelli-gence မှာတော့ လူသားတွေရှိတဲ့ Knowledge ကို ထပ်ဖြည့်နိုင်မှ ဖြစ်ပါတယ်။

Knowledge ဆိုတာ ဘာလဲသိဖို့ လိုအပ်လာပြန်တယ်။ ဒီနယ်မြေက ကျယ်ပြန့်လွန်းပါတယ်။ တစုံတရာကို သဲသဲကွဲကွဲ နားလည်သိမြင်ရမယ်။ နားလည်နိုင်စွမ်း။ လေ့လာသင်ယူထားမှု၊ ကျွမ်းကျင်မှု၊ လက်တွေ့အတွေ့အကြုံတွေ၊ ရင်းနှီး ကျွမ်းဝင်မှုတွေ၊ မှတ်မိနိုင်စွမ်းတွေ၊ သတင်းအချက်အ လက်တွေကို ပြဿနာဖြေရှင်း ရာမှာအသုံးပြုနိုင်စွမ်းတွေ ပါဝင်လာပါတယ်။

အဲတော့ တွေးကြည့်ပေါ့ဗျာ။ ဒီကွန်ပျူတာက ကျွန်တော်တို့ လူသားတွေကို ယှဉ်ပြိုင်လာဖို့ဆိုတာ ဝေးပါသေးတယ်။ ကြိုးစားရင် ပန်းတိုင်ကိုရောက်ဖို့ ခရီးဝေးကြီးကိုလျှောက်လာနိုင်မှာပါ။ ပြီးတော့ဗျာ ဒီလိုယှဉ်နိုင်အောင် ကြိုးစားလုပ်ကိုင်နေတာက ကျွန်တော်တို့ လူသားတွေပဲလေဗျာ။ အဖြေကရှင်းနေပြီပဲ။ ကျွန်တော်တို့နဲ့ ကျွန်တော်တို့ကိုယ်ပွားပြိုင်တာပဲ။ ကိုယ်ပွားက မူရင်းကဖန်တီးထားတာ။ ဒီတော့ခင်ဗျားက ကိုယ်ပွားလားမူရင်းလား။ ကျွန်တော်ကတော့ သေချာတယ်။



ဦးမျိုး (အိုင်တီ-အန်းတိတ်)

# DIGITAL GUIDE

# Laptop ကို ကိုယ်တိုင် RAM တိုးခြင်း



Laptop အဟောင်းတွေကို စွမ်းဆောင်ရည်ပိုကောင်းလာအောင်လုပ်တဲ့အလွယ်ဆုံးနည်းလမ်းက RAM တိုးတာပါ။ Laptop တွေရဲ့ တည်ဆောက်ထားပုံကြောင့် desktop တွေလို CPU နဲ့ Graphic ကတ်တွေကို အလွယ်တကူ upgrade မလုပ်နိုင်ပေမယ့် RAM ကိုတော့ ကိုယ်တိုင် upgrade လုပ်လို့ရနိုင်ပါတယ်။

## RAM တိုးသင့်ပြီလား

တကယ်လို့ သင့်ရဲ့ Laptop ဟာ Windows XP အသုံးပြုပြီး RAM က 512 MB ထက်နည်းမယ်။ ဒါမှမဟုတ် Windows 7 အသုံးပြုပြီး RAM 1GB ထက် နည်းမယ်ဆိုရင် တိုးသင့်ပါတယ်။ Window XP အသုံးပြု Laptop မှာ RAM 2GB, Windows 7 အသုံးပြု Laptop မှာ RAM 4GB အထိ တိုးလိုက်ရင် စွမ်းဆောင်ရည်ပိုင်း သိသိသာသာကောင်းလာမှာပါ။

## RAM မတိုးခင် သိထားရမည့်အချက်

အရင်ဆုံး သိထားရမှာက ကိုယ့် Laptop က RAM တိုးလို့ရရဲ့လားဆိုတာပါပဲ။ Laptop ရဲ့ manual စာအုပ်၊ ကုမ္ပဏီ website တွေမှာ ကိုယ့်Laptop က RAM ပမာဏ အများဆုံးဘယ်လောက်အထိ တိုးနိုင်သလဲဆိုတာ ကြည့်နိုင်ပါတယ်။ RAM slot အရေအတွက်နဲ့ slot တစ်ခုမှာ အများဆုံးသုံးနိုင်တဲ့ RAM ပမာဏပေါ် မူတည်ပြီး ဘယ်လောက်တိုးမလဲဆိုတာ ဆုံးဖြတ်ရပါမယ်။ ကိုယ့် Laptop က ဘယ်လိုRAM အမျိုးအစားသုံးလဲ ဆိုတာပါ သိထားရပါမယ်။ DDR, DDR2, DDR3 စတဲ့ အမျိုးအစားအလိုက်တူညီတဲ့ အမျိုးအစားကိုသာ ထပ်တိုးရမှာပါ။ ကွန်ပျူတာစဖွင့်ဖွင့်ချင်း start screen မှာ RAM အမျိုးအစားကိုပါ ကြည့်နိုင်ပါတယ်။ ဒါ့အပြင် BIOS ထဲမှာလည်း ဝင်ကြည့်နိုင်ပါတယ်။

## လိုအပ်တဲ့ပစ္စည်းတွေ

ပုံမှန်အားဖြင့်တော့ screwdriver လိုအပ်ပါတယ်။ Laptop တွေမှာသုံးတဲ့ ဝက်အူအရွယ်က သေးလေ့ရှိတဲ့အတွက် screwdriver က အရွယ်သေးရမယ့်အပြင် ထိပ်မှာသံလိုက်ပါတဲ့ screwdriver ဆိုရင် ပိုသင့်တော်ပါတယ်။ အချို့ အစိတ်အပိုင်းတွေကက လန်ပြီးဖွင့်ရတဲ့အတွက် အဲဒီလိုအသုံးပြုနိုင်တဲ့အရာတစ်ခုခုလိုအပ်ပါတယ်။ Laptop မှာ အစိတ်အပိုင်းအများစုက သေးငယ်တဲ့အတွက်ရှင်းရှင်းလင်းလင်းဖြစ်နိုင်ဖို့လက် ကိုင်မှန်ဘီလူးတစ်ခုလည်း လိုအပ်နိုင်ပါတယ်။

## Laptop ကိုယ်ထည်ဖွင့်ခြင်း

RAMတိုးဖို့အတွက် Laptop ရဲ့ ကိုယ်ထည်ကို ဖွင့်ဖို့လိုအပ်ပါတယ်။ Laptop အမျိုးအစားများစွာရှိပေမယ့် ကိုယ်ထည်ကိုဖွင့်မယ်ဆိုရင် အဓိက ပုံစံသုံးမျိုးရှိပါတယ်။

အရိုးရှင်းဆုံးပုံစံကတော့ Laptop ရဲ့ အောက်ဖက်ကအဖုံးကိုဖွင့်ပြီး ပြုလုပ်တာဖြစ်ပါတယ်။ Laptop တွေရဲ့ အောက်ဖက်မှာ RAM နဲ့ HDD တွေ အလွယ်တကူ ဖြုတ်တပ်နိုင်တဲ့အဖုံးတွေရှိပြီး စာ၊ ပုံတွေနဲ့ ဖော်ပြထားပါတယ်။ အဖုံးမှာရှိတဲ့ ဝက်အူကိုဖြုတ်ပြီး လုပ်ဆောင်ရုံပဲဖြစ်ပါတယ်။









အချို့ Laptop တွေရဲ့ အောက်မှာတော့ ဖြုတ်တပ်လို့ရတဲ့ အဖုံးတွေမပါဝင်ပါဘူး။ ဒါဆိုရင်တော့ keyboard ကိုဖြုတ်ပြီးမှ RAM slot ကို ကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။ Keyboard ကိုဖြုတ်ဖို့အတွက် ဝက်အူတွေဖြုတ်ဖို့လိုအပ်တဲ့အပြင် ထောင့်တွေကနေ ကလန့်ပြီးဖြုတ်ရလေ့ရှိပါတယ်။ Laptop ရဲ့နောက်မှာရှိတဲ့ ဝက်အူတွေထဲက Keyboard ပုံပြထားတဲ့ဝက်အူတွေကို ဖြုတ်ဖို့လိုအပ်ပါတယ်။ Manual စာအုပ်ရှိရင်တော့ ဖြုတ်ရမယ့်ဝက်အူစာရင်းကို ကြည့်နိုင်ပါတယ်။ သတိထားရမှာက ကလန့်ပြီးဖွင့်တဲ့အချိန်မှာ အရမ်းမဖွင့်ပဲ ဖြည်းဖြည်းချင်းဖွင့်ဖို့ပါ။ Keyboard ဝက်အူတစ်ခုတပ်ဖို့ ကျန်နေရင် keyboard ကျိုးပဲ့သွားနိုင်ပါတယ်။ Keyboard နဲ့ Motherboard ကို ကြိုးနဲ့ချိတ်ဆက်ထားတဲ့အတွက် ကြိုးကိုမထိခိုက်အောင် ဖြေးညှင်းစွာယူဖို့လိုပါတယ်။ Keyboard ကို ဖယ်လိုက်ရင်အောက်မှာ Motherboard ပေါ်လာပြီး RAM slot ကို တွေ့ရမှာပါ။

အချို့ Laptop တွေကတော့ RAM slot ကို Motherboard ရဲ့အောက်ဖက်မှာ ထားလေ့ရှိပါတယ်။ ဒါဆိုရင်တော့ Motherboard ကိုပါ ဖြုတ်ဖို့လိုလာပါပြီ။ Motherboard မှာတပ်ထားတဲ့ ဝက်အူတွေအားလုံးဖြုတ်ရမှာဖြစ်ပါတယ်။ Screen, Keyboard, touchpad စတဲ့ အစိတ်အပိုင်းအားလုံးနဲ့ Motherboard ကို ကြိုးအသုံးပြုချိတ်ဆက်ထားတဲ့အတွက် ဖြုတ်ယူရာမှာထိခိုက်မှုမရှိအောင် သတိပြုရပါမယ်။ အချို့ Laptop တွေက အဲဒီကြိုးတွေကို ဖြုတ်စရာမလိုပဲ RAM slot ကို ကိုင်တွယ်နိုင်ပေမယ့် အချို့ကတော့ ဖြုတ်ဖို့လိုပါတယ်။ ဖြုတ်ဖို့လိုတယ်ဆိုရင် ဘယ်ကြိုးကဘယ်လိုချိတ်ဆက်တယ်ဆိုတာအပြင် ကြိုးသွားတဲ့လမ်းကြောင်းကိုပါ မှတ်သားထားဖို့လိုပါတယ်။ ပြန်တပ်တဲ့အခါ ကြိုးသွားတဲ့လမ်းကြောင်းအတိအကျမဟုတ်ရင် အံဝင်ခွင်ကျမဖြစ်တာမျိုး ဖြစ်တတ်ပါတယ်။

## RAM ဖြုတ်တပ်ခြင်း

RAM slot ကနေ RAM ဖြုတ်တပ်တာက Laptop အဖုံးဖွင့်တာထက် အများကြီးလွယ်ပါတယ်။ Laptop တွေမှာသုံးတဲ့ SO IMM RAM slot ရဲ့ ဘေးနှစ်ဖက်မှာ စပရိန်နဲ့ကလစ်တွေ ပါဝင်လေ့ရှိပါတယ်။ တပ်ထားတဲ့ RAM ကို ဖြုတ်ချင်ရင် ကလစ်ကိုဖြုတ်လိုက်တာနဲ့ စပရိန်ရဲ့တွန်းကန်အားကြောင့် RAM က ကြွတက်လာမှာဖြစ်ပါတယ်။ RAM ကို တပ်မယ်ဆိုရင်လည်း slot ထဲကို အဆုံးထိ ထိုးထည့်လိုက်တာနဲ့ ကလစ်ကအလိုလိုပိတ်သွားမှာပါ။ သတိထားရမှာက RAM ကို အတည့်အတိုင်းဖြစ်တာသေချာဖို့ပါ။

## သတိထားရမယ့်အချက်

ကိုယ်တိုင် Laptop ရဲ့ ကိုယ်ထည်ကိုဖြုတ်ပြီး RAM upgrade လုပ်မယ်ဆိုရင် သတိထားရမှာက အဖြုတ်အတပ်လုပ်တဲ့အခါ အားမသုံးဘဲ ညင်ညင်သာသာပြုလုပ်ဖို့ပါ။ အဖုံး keyboard တွေဆွဲဖြုတ်တဲ့အခါ အလွယ်တကူဖြုတ်လို့မရရင် ဝက်အူတစ်ခုခု ကျန်နေတာဖြစ်တတ်ပါတယ်။ နောက်ထပ်သတိထားရမှာက ကိုယ်ဖြုတ်လိုက်တဲ့အစိတ်အပိုင်းတွေကို သေချာမှတ်သားထားဖို့ဖြစ်ပါတယ်။ ပြန်တပ်တဲ့အခါ ကြိုးတစ်ခုမှားတာနဲ့ အံဝင်ခွင်ကျမဖြစ်တာ၊ အလုပ်မလုပ်တာတွေ ဖြစ်နိုင်ပါတယ်။

Laptop အများစုမှာ အဖုံးဘယ်လိုဖြုတ်ရမလဲဆိုတာ manual စာအုပ်မှာ ပုံနဲ့ဖော်ပြထားလေ့ရှိပါတယ်။ Manual စာအုပ်မှာမပါရင်လည်း ကုမ္ပဏီ website မှာရှိတတ်ပြီး ကိုယ်တိုင်မလုပ်ဆောင်ခင် သေချာဖတ်ထားဖို့လိုအပ်ပါတယ်။ ဂရုတစိုက်နဲ့ ပြုလုပ်မယ်ဆိုရင် Laptop ရဲ့ RAM တိုးတာကို ကိုယ်တိုင်ပြုလုပ်နိုင်ပြီး လွယ်လွယ်ကူကူသက်သက်သာသာနဲ့ စွမ်းဆောင်ရည်တိုးမြင့်နိုင်ပါတယ်။

# အသုံးပြုသူတွေအတွက် လွယ်ကူချောမွေ့စေမယ့် Windows Utilities ဆော့ဖ်ဝဲလ်များ

ကျော်ဇေယျ

နာမည်ကျော် စမတ်ကတ်ကုမ္ပဏီ American Express မှာ ဆောင်ပုဒ်တစ်ခုရှိတယ်။ "သူမပါဘဲ အိမ်ကနေ မထွက်ခွာပါနဲ့" တဲ့။ အဲဒီလိုပဲ Word နဲ့ Firefox လို application အကြီးစားတွေအပြင် ကျွန်တော်တို့အနေနဲ့ သူတို့မရှိရင် နေလို့မဖြစ်ပါဘူး လို့ဆိုရလောက်တဲ့ ပရိုဂရမ်အချို့ရှိပါတယ်။ သူတို့က အရမ်းကိုအသုံးကျတယ်။ ကြော့ရှင်းလှပသေသပ်တယ်။ Windows နဲ့ ပတ်သက်ပြီး အတွေ့အကြုံခံစားမှု ကိုနှစ်ခြိုက်ပျော်မွေ့စရာဖြစ်အောင်လုပ်ပေးမယ့် utility တွေပဲဖြစ်ပါတယ်။ အဲဒီအထဲကအချို့ကို အခုဖော်ပြပေးလိုက်ပါတယ်။

## Win RAR

Rarlab ရဲ့ shareware ဖြစ်တဲ့ WinRAR ကို archining/ compression အတွက် အလွန်လူကြိုက်များတာ တွေ့ရပါတယ်။ သူ့ရဲ့နည်းပညာမူပိုင် rar-archive format က ဖိုင်တွေ ဖိသိပ်ချုံ့ယူပေးတဲ့နေရာမှာ နိုးနိုး zip ထက် အများကြီးပိုကောင်းအောင်လုပ်ပေးတယ်။ Audio နဲ့ image တွေအတွက်လည်း compression algorithm တွေ ပါဝင်ပါတယ်။



## Img Burn

Windows 7 ကို ဖြန့်ဝေတဲ့အခါ နောက်ဆုံးမှာတော့ microsoft က သူ့ရဲ့ OS မှာ ကာလရှည်ရှိခဲ့တဲ့ ပြစ်ချက်ကိုဖြေရှင်းပေးခဲ့တယ်။ ကိုယ့်ရဲ့ hard drive ပေါ်က image တစ်ခုကို ရုပ်အကောင်အထည်ရှိ disc ဖန်တီးပေးဖို့ ရိုးစင်းတဲ့ အလုပ်ကိုကိုင်တွယ်ပေးမယ့် ISO bunning ပရိုဂရမ် ထည့်သွင်းပေးတာဖြစ်ပါတယ်။ ဒါပေမဲ့ windows XP နဲ့ Vista အသုံးပြုသူတွေအတွက်ကတော့ အခု Img Burn လို app မျိုး သုံးရလိမ့်မယ်။ အခမဲ့ရပြီး အစွမ်းထက်တဲ့ ပရိုဂရမ်ဖြစ်ပါတယ်။ Disc ပေါ်မှာ image တွေ burn ပေးနိုင်သလို disc ကနေ image ကို ပြုလုပ်ယူနိုင်ပါတယ်။



## CCleaner

လူကြိုက်အများဆုံးသော registry-cleaning utility ဖြစ်ပါတယ်။ ဒါ့အပြင် CCleaner ဟာ ကိုယ့်ရဲ့ system ပေါ်က မလိုချင်တဲ့ temporary file တွေ၊ memory dumps တွေနဲ့ system restore points တွေကိုတောင် ရှင်းလင်းဖယ်ရှားပေးပါတယ်။ နောက်ဆုံး version မှာ start-up program နဲ့ services တွေကိုလည်း ကိုင်တွယ်စီမံခွင့်ပြုထားပါတယ်။



## WinDirStat

WinDirStat ဟာ စွမ်းအားထက်တဲ့ hand drive visualization tool ဖြစ်ပါတယ်။ ငြီးငွေ့ဖွယ်ကောင်းတဲ့ disk space ကို စက်ဝိုင်းစိတ်ပုံပြကားချပ်နဲ့ပြတဲ့ပုံစံဟောင်းထက် ပိုမိုသာလွန်ကြည့်ကောင်းပါတယ်။ ကိုယ့်ရဲ့ disk ပေါ်က နေရာလွတ်အားလုံးကို ဘာတွေကစားသုံးထားတယ်ဆိုတာ ဂရပ်ဖစ်ပုံနဲ့ပိုင်းခြားစိတ်ဖြာပြီး အပြည့်အစုံပြသပေးတယ်။

ဒီသတင်းအချက်ကို tree view ပုံစံနဲ့ ကြည့်ဖို့ရွေးနိုင်တယ်။ Bar graph မှာဆိုရင် folder တစ်ခုချင်းစီရဲ့ စုစုပေါင်းနေရာလွတ်ကို သူ့ရဲ့ subfolder နဲ့ ဖိုင်တစ်ခုချင်းစီ ဘယ်လိုပါဝင်သုံးစွဲထားတယ်ဆိုတာ ပြပေးတယ်။ Disk ကို treemap ပုံစံနဲ့ကြည့်ရင် အရောင်စုံပြီး သတ္တုရောင်တောက်တဲ့ အကွက်လေးတွေက ကိုယ့်ရဲ့ drive ပေါ်က ဖိုင်တစ်ခုချင်းစီ disk usage တစ်ခုလုံးမှာ ဘယ်လိုပါဝင် နေရာယူထားတယ်ဆိုတာ သရုပ်ဖော်ပေးပါတယ်။



## Speed Fan

အပြင်မှာ ပူပြင်းလောင်မြိုက်နေတဲ့အခါ ကိုယ့်ရဲ့ CPU ကရော ဘယ်လောက်ပူနေသလဲ သိပါသလား။ Motherboard ထဲမှာ အရေးကြီးတဲ့ အမျိုးမျိုးသော အပူချိန်တွေ၊ ဗို့အားတွေနဲ့ ပန်ကာအမြန်နှုန်းတွေ ခြေရာကောက်တဲ့ sensor တွေ တစ်ပါတည်း ပါပြီးသားပါ။ ဒါပေမယ့် သူတို့က ဘာပြောတယ်ဆိုတာ windows က ပြောပြမှာမဟုတ်ပါဘူး။ ဒါကြောင့် Speed Fan လိုအပ်တာပါ။ အခမဲ့ရတဲ့ပရိုဂရမ်ဖြစ်ပြီး စနစ်အပူချိန်တွေအားလုံး ပြောပြပေးတယ်။ ပန်ကာအမြန်နှုန်းကို ကိုယ်တိုင်စိတ်ကြိုက်ပဲဖြစ်ဖြစ် အပူချိန်ပြောင်းလဲမှုကိုတုံ့ပြန်တဲ့အနေနဲ့ပဲဖြစ်ဖြစ် ကိုင်တွယ်စီမံနိုင်ပါတယ်။ အဲဒါက S.M.A.R.T data ကိုလည်းပြပေးနိုင်လို့ hard disk က မပျက်စီးနိုင်သေးဘူးဆိုရင် အဲဒီအတိုင်းသေချာစေတယ်။



## Fraps

Gaming hardware အကြောင်း ဂရုစိုက်တဲ့သူတွေက frames pen second အကြောင်း ဂရုတစိုက်နဲ့ စိတ်ဝင်စားတယ်။ ကိုယ့်ရဲ့စနစ်က ဘယ်လောက်အထိအလုပ်လုပ်နေတယ်ဆိုတာ ကိန်းဂဏန်းနဲ့တိုင်းတာပေးတဲ့ အဆင်ပြေပြီး လက်တွေ့ကျတဲ့နည်းဖြစ်ပါတယ်။ ဒါပေမယ့် ဂိမ်းထဲမှာ FPS ကို မြင်ရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာရှာတွေ့ဖို့ အမြဲအားဖြင့်မလွယ်ကူပါဘူး။ တစ်ခါတလေ options menu ထဲမှာရှိတယ်။ တစ်ခါတလေ console commands ဖြစ်နေတတ်တယ်။ တစ်ခါတလေ ဖြစ်ကိုမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့ Fraps လိုအပ်တာပါ။

Fraps ဟာ background မှာ run တဲ့ utility ဖြစ်ပြီး frames pen second ကို run နေတဲ့ ဘယ် open GL ဒါမှမဟုတ် Direct X ဂိမ်း အပေါ်မှာမဆိုထပ်ပြီး ဖော်ပြပေးတယ်။ သုံးရအဆင်ပြေတဲ့ ဗီဒီယိုနဲ့ screenshot tool အနေနဲ့လည်း ထမ်းဆောင်ပေးတယ်။ ဒါပေမယ့် full version အတွက် ပေးချေမထားရင် ရေစာကိုပေါင်းထည့်ပါလိမ့်မယ်။



## True Crypt

ကိုယ့်ကွန်ပျူတာပေါ်က တစ်စုံတစ်ခုကို လုံခြုံစေချင်ရင် ဒါမှမဟုတ် ဝှက်ထားချင်ရင် True Crypt ထက် ပိုကောင်းတဲ့ နည်းလမ်းမရှိတော့ပါဘူး။ True Crypt ဟာ ပေါ့ပါးပြီး အခမဲ့ရတဲ့ utility ဖြစ်ပြီး encrypted လုပ်ထားတာတွေကို virtual drive အနေနဲ့ ဖန်တီးနိုင်တယ်။ mount လုပ်နိုင်တယ်။ ဒါကို ကွန်ပျူတာက removable hard disk အဖြစ် တွေ့မြင် ကိုင်တွယ်ပါလိမ့်မယ်။ True Crypt drive ပေါ်က encryption ဟာ အရမ်းကို အားကောင်းခိုင်မာပါတယ်။ Passkey ဒါမှမဟုတ် passfile မရှိဘဲ content တွေကြည့်လို့မရပါဘူး။ ပရိုဂရမ်ကိုယ်တိုင်က အရမ်းသေးပြီး install လုပ်စရာမလိုဘဲ run နိုင်တယ်။ ဆိုလိုတာက အရေးကြီးတဲ့ဖိုင်တွေကို encrypt လုပ်ပြီး thumb drive အပေါ် သိုလှောင်ထားနိုင်မယ်။ သူတို့ကို decrypt လုပ်ဖို့လိုတဲ့ဆော့ဖ်ဝဲလ်ကိုလည်း အတူတကွသယ်ဆောင်လာနိုင်ပါမယ်။



## Kee Pass

ပိုမိုများလာတဲ့ web ဝန်ဆောင်မှုတွေမှာ ကျွန်တော်တို့က နေ့စဉ် login ဝင်ဖို့လိုအပ်တဲ့အခါ password လုံခြုံရေးက ခါတိုင်းထက်ပိုပြီး ကြီးမားတဲ့ ပြဿနာဖြစ်လာပါတယ်။ ကိုယ့်ရဲ့ bank account password ကို နောက်ဆုံးပေါ် ပေါ်ပင်ဝက်ဘ်ဆိုက် တွေလက်ထဲထည့်ဖို့လောက်ပဲ ယုံကြည်ချင်စိတ်ရှိပါရဲ့လား။ Site တစ်ခုမှာ Data ပေါက်ကြားမှုဖြစ်တာနဲ့ကိုယ့်ရဲ့ account တွေအားလုံးဆုံးရှုံးသွားရနိုင်ပါတယ်။ ပြီးတော့ တူညီတဲ့ password တစ်ခုတည်း ကိုပဲမသုံးချင်ဘူးဆိုရင် အဲဒီ password တွေအားလုံးကိုချမရေးဘဲ ဘယ်လိုမှတ်မိမှာလဲ။ ဒါကလည်း အန္တရာယ်ကြီးပါတယ်။

Kee Pass ကိုသုံးပါ။ Kee Pass ဟာ password တွေ သိမ်းထားပေးတဲ့ မီးခံသေတ္တာပါပဲ။ ကိုယ်လိုချင်သလောက် site နဲ့ ပရိုဂရမ်တွေအတွက် ကြုံရာကျပန်းမထပ်တဲ့ password တွေ ထုတ်ပေးတယ်။ login လုပ်ဖို့အချိန်ကျတဲ့အခါ ကိုယ့်ရဲ့ master password ကို Kee Pass ဆီပေးလိုက်ရုံပါပဲ။ အဲဒါက username နဲ့ password ကို ကိုယ့်အတွက် ဖြည့်ပေးပါလိမ့်မယ်။ တစ်ခုလုံးကိုအားကောင်းစွာနဲ့ encrypted လုပ်ထားလို့ password database ကို USB drive အပေါ်မှာ စိတ်ကြိုက်သိမ်းထားနိုင်တယ်။ တစ်ယောက်ယောက်က decyphening လုပ်မှာ စိတ်ပူစရာမလိုပါဘူး။



## CPU-Z

CPU-Z မရှိတဲ့သူဟာ ကွန်ပျူတာနဲ့ ပတ်သက်ပြီး စိတ်အားထက်သန်တဲ့သူ မဟုတ်ပါဘူး။ ဒီသေးငယ်တဲ့ CPU စုံစမ်းစစ်ဆေးသူဟာ သူ့ကိုယ်သူ PC expent လို့ထင်တဲ့ ဘယ်သူ့အတွက်မဆို standard tool ဖြစ်လာတယ်။ CPU-Z ဟာ model, code name, process, core voltage, stepping နဲ့ revision number တွေ ပြောပြပေးမယ်။ ဒါ့အပြင် PC မှာ run နေတဲ့ core speed, FSB နဲ့ multiplier တွေကိုလည်း ဖော်ပြပေးတယ်။ DRAM က ဘယ်လောက်အမြန်နှုန်းနဲ့ run နေသလဲ ရှာဖွေနိုင်သလို အချို့စက်တွေမှာ SPD တွေကိုလည်း စစ်ဆေးပေးနိုင်ပါတယ်။





# SSD VS HDD

ခိုင်လင်း (စက်မှုတက္ကသိုလ်)

**လူ**အများစုဟာ အခုအခါ ကွန်ပျူတာ အသုံးချမှုဆိုင်ရာ လိုအပ်ချက်အတွက် laptop တွေကိုပဲ ဝယ်ယူလာကြပြီး သူတို့ဟာ ဆုံးဖြတ်ချက် တစ်ခု ချစရာရှိပါတယ်။ အဲဒါကတော့ အချက်အလက် သိုလှောင်သိမ်းဆည်းရေးအတွက် Solid State Drive (SSD) ကိုပဲ ရွေးရမလား။ ဒါမှမဟုတ် Hard Disk Drive (HDD) ကိုပဲ ရွေးရမလားဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ရှင်းလင်းတိကျတဲ့ တစ်ခုတည်းသော အဖြေမရှိပါဘူး။ ဝယ်ယူသူ တစ်ဦးချင်းစီမှာ မတူကွဲပြားတဲ့ လိုအပ်ချက်တွေ ရှိပြီး တစ်ဦးချင်းအလိုက် ကြိုက်နှစ်သက်မှုတွေနဲ့ ကိုယ့်မှာရှိတဲ့ ဘတ်ဂျက်အကန့်အသတ်တွေအရ စဉ်းစားဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ SSD တွေရဲ့ ဈေးနှုန်းတွေ ကျဆင်းလာပြီဆိုပေမယ့် gigabyte အလိုက် ကျသင့်တဲ့ ဈေးနှုန်းအရဆိုရင် HDD က အကျိုးအမြတ်အများကြီး သာလွန်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ စွမ်းဆောင်ရည်နဲ့ bootup အမြန်တက်မှုက အဓိက ဦးစားပေးကိစ္စဖြစ်ပြီး ငွေကြေးကို ထည့်တွက်စရာ မလိုရင် SSD က ပိုပြီးသင့်လျော်ပါတယ်။ ဒါကြောင့် ချင့်ချိန်တွက်ချက် ဈေးဝယ်တတ်သူတွေအတွက် SSD နဲ့ HDD Storage အကြား နှိုင်းယှဉ်မှုက စိတ်ဝင်စားစရာကောင်းသလို အရေးလည်း ကြီးပါတယ်။

### SSD ဆိုတာဘာလဲ

SSD (Solid State Drive) ဆိုတာ တစ်သားတည်းရှိတဲ့ ရုပ်ပစ္စည်းအခြေအနေမှာ အချက်အလက်တွေ သိုလှောင်ထားနိုင်တဲ့ drive ဖြစ်ပါတယ်။ လူအများစုက USB memory stick တွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်နေမှာပါ။ SSD ဆိုတာ ဘာမှထူးခြားတယ် မထင်ရတဲ့ USB Memory Stick ရဲ့ အရွယ်အစားကြီးမားပြီး ပိုမို အဆင့်မြင့် ရှုပ်ထွေးတဲ့ version အဖြစ် တွေးကြည့်နိုင်ပါတယ်။ Memory Stick လိုပဲ SSD မှာ လှုပ်ရှားတဲ့အစိတ်အပိုင်းတွေ မပါပါဘူး။ သတင်းအချက်အလက်တွေ ကို Microchips အပေါ်မှာပဲ သိုလှောင်သိမ်းဆည်း ပေးတယ်။ သာမန် hard dive တွေမှာက သတင်း အချက်တွေ ဖတ်ရှုရေးသားဖို့ ရေး၊ ဖတ်၊ ခေါင်းကို စက်ယန္တရားသုံး လက်တံသုံးပြီး စီထပ်ထားတဲ့ သိုလှောင်သိမ်းဆည်းရေး platter အပြားပေါ်က မှန်ကန်တဲ့ နေရာရောက်အောင် ရွှေ့ယူရတယ်။ ဒီကွာခြားချက်ကပဲ SSD ကို အများကြီး ပိုမိုမြန်ဆန် စေတာ ဖြစ်ပါတယ်။ ဥပမာ နှိုင်းနှိုင်းပြရရင် လိုချင်တဲ့ သတင်းအချက်ရဖို့ အခန်းထဲသွားပြီး စာအုပ်ကိုသွားယူရတာနဲ့ လိုအပ်တဲ့ စာအုပ်က ကိုယ့်ရှေ့မှာမှော်ဆန်စွာနဲ့ တိုက်ရိုက် ချက်ချင်းပွင့်လာတာလိုမျိုး ကွာခြားသလိုပါပဲ။ HDD မှာဆိုရင် လိုချင်တဲ့သတင်းအချက်ရဖို့ စက်ပိုင်းအရ လှုပ်ရှားမှုတွေလိုအပ်ပါတယ်။

ပုံစံကျ SSD တစ်ခုဟာ NAND-based flash memory လို့ခေါ်တဲ့ အရာကိုသုံးပါတယ်။ Non-volatile memory အမျိုးအစားဖြစ်ပြီး ဒါဟာ disk ကို ခလုတ်ပိတ်ပြီး လျှပ်စစ်ပါဝါဖြတ်လိုက်တဲ့အခါမှာတောင် အထဲမှာ သိုလှောင်ထားတဲ့ အချက်အလက်တွေ မေ့မသွားတာကို ဆိုလိုပါတယ်။ အဆုံးမတော့လည်း ဘယ်လိုအမြဲတမ်း မှတ်ဉာဏ် အမျိုးအစားအတွက်မဆို ဒါဟာမရှိမဖြစ် လိုအပ်တဲ့ စရိုက်လက္ခဏာဖြစ်ပါတယ်။ SSD ရဲ့ အစောပိုင်းနေ့ရက်တွေမှာ သူ့အပေါ်သိုလှောင်ထားတဲ့ အချက်အလက်တွေက နှစ်အနည်းငယ်ကြာပြီးတဲ့အခါ ရေးရင်းဖျက်ရင်း ပွန်းစားပြုန်းတီးပျောက်ကွယ်သွားတတ်တယ်ဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်ခဲ့တယ်။ ဒီနေ့ခေတ်အခါမှာတော့ ဒါက မှန်ကန်ခြင်း မရှိတော့ပါဘူး။ SSD အပေါ်မှာ တစ်နေ့ကုန် ရေးလိုက်ဖျက်လိုက်လုပ်တာတောင် အချက်အလက် သိုလှောင်သိမ်းဆည်းမှုတွေ မပျက်မယွင်းစေဘဲ နှစ်ပေါင်း ၂၀၀ ကျော် ထိန်းသိမ်းထားနိုင်ပါတယ်။

SSD မှာ အချက်အလက်တွေ ရေးလိုက်ဖတ်လိုက်လုပ်ဖို့ စက်ယန္တရားသုံး လက်တံအစား controller လို့ခေါ်တဲ့ ထည့်သွင်းပါရှိပြီးသား processor ကို အမှီပြုရပါတယ်။ SSD ရဲ့အမြန်နှုန်းကို အဆုံးအဖြတ်ပေးတဲ့နေရာမှာ controller ဟာ အရမ်းကို အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ အခါများစွာမှာ ကောင်းမွန်တဲ့ controller နည်းပညာက အကောင်းဆုံးသော SSD ကို သာမန်ကောင်းတယ် ဆိုရုံမျှ drive နဲ့ ကွာခြားသွားစေတာပဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ် မြန်ဆန်တဲ့ controller နမူနာတစ်ခုက Sandforce SATA 3.0 (6GB/s) SSD controller ဖြစ်ပြီး အရေးအဖတ် burst speed အမြန်နှုန်းကို 550 MB/s အထိ ထောက်ပံ့ပေးထားပါတယ်။

> ***SSD*** ***ရဲ့ အစောပိုင်းနေ့ရက်တွေမှာ သူ့အပေါ်သိုလှောင်ထားတဲ့ အချက်အလက်တွေက နှစ်အနည်းငယ်ကြာပြီးတဲ့အခါ ရေးရင်းဖျက်ရင်းပွန်းစားပြုန်းတီးပျောက်ကွယ်သွားတတ်တယ်ဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်ခဲ့တယ်။***

SSD တွေဟာ များသောအားဖြင့် 2.5" အရွယ်ရှိတတ်ပြီး အတွင်းက နည်းပညာကို ပလတ်စတစ် ဒါမှမဟုတ် သတ္တုအုံခွံနဲ့ ဖုံးအုပ်ထားကာ ဘက်ထရီ တစ်ခုနဲ့ ဆင်တူပါတယ်။

SSD ရဲ့ form factor ပုံပန်းသဏ္ဌာန်က တကယ်တမ်းမှာ ပုံမှန် hard drive နဲ့ အတူတူပဲဖြစ်ပါတယ်။ ပုံမှန်စံ 1.8" , 2.5" ဒါမှမဟုတ် 3.5" အရွယ်အစားတွေနဲ့လာပြီး အရွယ်အစားတူ hard drive တွေရဲ့ အုံခွံနဲ့ connector တွေနဲ့ သင့်တော်ဝင်ဆံ့ပါတယ်။ ဒီပုံမှန်စံအရွယ်အစားတွေမှာ အသုံးပြုတဲ့ connector က SATA ပဲ ဖြစ်ပါတယ်။ mini-SATA (mSATA) လို့ခေါ်တဲ့အရာ အသုံး ပြုတဲ့ ပိုသေးတဲ့ SSD တွေလည်း ရနိုင်ပြီး laptop ထဲက mini-PCI Express Slot မှာ တပ်ဆင်လို့ ရပါတယ်။

### HDD ဆိုတာ ဘာလဲ

HDD (Hard Disk Drives) တွေက နည်းပညာကမ္ဘာမှာ ရှိနေခဲ့တာ အတော်လေး ကြာပါပြီ။ ၁၉၅၆ ခုနှစ်မှာ IBM က ပထမဆုံး မိတ်ဆက်ဖော်ထုတ်ပေးခဲ့ဖြစ်လို့ နှစ်ပေါင်း ၆၀ နီးပါး သက်တမ်းရှိတဲ့ နည်းပညာဖြစ်ပါတယ်။ ယှဉ်ကြည့်ရင် အစောပိုင်း TV တွေမှာသုံးတဲ့ vacuum tube တွေဟာ ဒီလောက်အထိ ကြာကြာမခံခဲ့ပါဘူး။ HDD ဟာ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းဖို့ လည်ပတ်နေတဲ့ platter အပြားပေါ်က သံလိုက်ဂုဏ်သတ္တိကို အသုံးပြုပါတယ်။ ဆလင်ဒါပုံစံစီထပ်ထားတဲ့ လည်ပတ်နေတဲ့ အဝိုင်းချပ်ပြားတွေအကြား ရေးဖတ်ခေါင်းတွေက အလွန်တစ်ရာနီးကပ်ပါးလုပ်စွာနဲ့ ဝဲပျံရွေ့လျားပြီး အချက်အလက်တွေ အရေးအဖတ်ပြုလုပ်ပါတယ်။ platter တွေ မြန်မြန်လည်ပတ်လေ HDD က ပိုပြီး မြန်မြန်စွမ်းဆောင်လေလေပါပဲ။ ဒီနေ့ခေတ်ပုံမှန် laptop drive တွေမှာ တစ်မိနစ်ပတ်ရေ RPM အမြန်နှုန်း 5400 ကနေ 7200 အကြား လည်ပတ်ပါတယ်။ အချို့သော server အခြေပြု platter တွေဆိုရင် 15,000 RPM အမြန်နှုန်းအထိ လည်ပတ်နိုင်ပါတယ်။

HDD ရဲ့အဓိက အကျိုးကျေးဇူးက အချက်အလက်အများကြီးကို ဈေးနှုန်းသက်သာစွာနဲ့ သိုလှောင်ထားနိုင်စွမ်းပဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ 1 Terabyte (1,024 gigabytes) သိုလှောင်နိုင်စွမ်းဟာ laptop hard drive အတွက် အထူးအဆန်း မဟုတ်တော့တဲ့အပြင် သိပ်သည်းမှုနှုန်းက ဆက်လက်ကြီးထွား တိုးတက်နေတုန်းပဲ ဖြစ်ပါတယ်။ 4 TB Model ကို အခြေပြုစဉ်းစားရင် cost per gigabytes က \$0.075/GB ဝန်းကျင်ပဲရှိပြီး SSD (240 GB model) ရဲ့ \$1.00/GB နဲ့ယှဉ်ကြည့်ရင် အလွန်တရာ အံ့သြဖွယ်ကောင်းပါတယ်။ ဈေးသက်သာတဲ့ storage ကို သိုလှောင်မှုစွမ်းအားအများကြီးနဲ့ လိုချင်တယ်ဆိုရင် standard hard drive က သေချာပေါက် ရွေးရမယ့်အရာပဲ ဖြစ်ပါတယ်။

အသွင်အပြင်ပုံသဏ္ဌာန်နဲ့ ပတ်သက်ရင်တော့ အပြင်ပန်းကကြည့်ရင် HDD က SSD နဲ့ အဓိကအားဖြင့် တစ်ပုံစံတည်းပဲ ဖြစ်ပါတယ်။ HDD ဟာ SATA interface ကိုပဲ အများဆုံးသုံးကြပါတယ်။ Laptop hard drive ရဲ့ အတွေ့ရအများဆုံး အရွယ်အစားက 2.5" form factor ရှိပြီး ပိုကြီးတဲ့ 3.5" form factor ကို desktop ကွန်ပျူတာမှာ သုံးကြတယ်။ အရွယ်အစားပိုကြီးရင် အတွင်းမှာ platter တွေ ပိုထည့်နိုင်ပြီး သိုလှောင်မှုစွမ်းအား ပိုများပါတယ်။ အချို့ desktop hard drive တွေက အချက်အလက် 4TB အထိ သိုလှောင်နိုင်တယ်။

ဒါဆို SSD နဲ့ HDD ဘယ်ဟာပိုဝယ်သင့်သလဲ။ အထက်က ပြောခဲ့သလိုပဲ ဒါဟာ တစ်ဦးတစ်ယောက်ချင်းရဲ့ လိုအပ်ချက်တွေအပေါ် မူတည်ပါတယ်။ ဘယ် drive က ကိုယ့်အတွက် အကောင်းဆုံးလည်းဆိုတာ ပိုပြီးရှင်းလင်းတဲ့ အကြံဉာဏ်ပေးရမယ်ဆိုရင်

- သိုလှောင်စွမ်းအားကို 4TB အထိ များများလိုချင်ရင်
- ငွေကြေးအများကြီး မသုံးချင်ဘူးဆိုရင်
- ကွန်ပျူတာ boot up တက်တာ ဘယ်လောက်မြန်သလဲ၊ ပရိုဂရမ်ဖွင့်တာ ဘယ်လောက်မြန်သလဲ သိပ်ဂရုမစိုက်ဘူးဆိုရင် HDD ကိုရွေးသင့်ပါတယ် ဒါမှမဟုတ်
- ပိုမြန်တဲ့ စွမ်းဆောင်ရည်အတွက် ငွေပိုသုံးချင်စိတ်ရှိမယ်ဆိုရင်
- အကန့်အသတ်ရှိတဲ့ သိုလှောင်မှုစွမ်းရည်ကို စိတ်မခုဘူးဆိုရင် ဒါမှမဟုတ် ကျော်သွားနိုင်မယ်ဆိုရင် SSD ကို ရွေးသင့်ပါတယ်။

ဒီနေ့ခေတ်မှာ အများစုသော ဝယ်ယူသူတွေအတွက် ကုန်ကျစရိတ် အများကြီးသက်သာတာနဲ့တင် HDD အတွင်းမှာပါတဲ့ ကွန်ပျူတာ အသစ်တစ်လုံး ဝယ်ဖို့က အဓိပ္ပာယ်ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပညာအသစ်ကို လိုက်စားရတာ ခုံမင်ပြီး ထိပ်တန်းအဆင့် စွမ်းဆောင်ရည်က အရေးကြီးတယ်ဆိုရင် SSD ကို ရွေးသင့်ပါတယ်။ နောက်ဆုံးမှာ SSD ဟာ standard storage နည်းလမ်းအဖြစ် HDD နေရာမှာ အစားထိုးဝင်ရောက်သွားမှာ ဖြစ်ပါတယ်။ Ultrabook အမျိုးအစားမှာဆိုရင် SSD က default storage sevice အဖြစ်ပဲ တွေ့မြင်ရပါတယ်။ ကမ္ဘာနှစ်ခုစလုံးက အကောင်းဆုံးတွေလိုချင်ရင်တော့ အခုလောလောဆယ်မှာ hybrid ပုံစံနှစ်မျိုးပေါင်းစပ်ထားတဲ့ အကောင်းဆုံးဖြေရှင်းချက်တွေလည်း ရှိနေပါတယ်။

# DOWNLOAD SECTION

## APPLICATION SOFTWARE



### Libre Office 4

**www.libreoffice.com**
**Min Requirement:** XP/Vista/7/8, Mac OSX or Linux
**File Size - 183 MB**




Open Office ပေါ်မှာ အခြေခံရေးဆွဲထားတဲ့ ဒီ Open Source ဆော့ဝဲလ်မှာ Word Processor၊ Spread Sheet၊ Presentation Creator၊ Database အစရှိသဖြင့် tool တွေ ပါဝင်ပါတယ်။ Libre Office ဗားရှင်းအသစ်မှာ ပါဝင်လာတဲ့ Word Processor ဟာ DOCX ဖိုင်တွေကို ပိုမိုကောင်းမွန်စွာ Support လုပ်လာပါတယ်။ Spreadsheet Component ဖြစ်တဲ့ Calc ဟာလည်း ဗားရှင်း အသစ်မှာ ဖိုင်ကြီးကြီးမားမားတွေကို ဖွင့်တဲ့အခါ ပိုမိုမြန်ဆန်လာတာ တွေ့ရပါတယ်။ Presentation Creator ဖြစ်တဲ့ Impress မှာတော့ Android ဖုန်းတွေနဲ့ ချိတ်ဆက်သုံးနိုင်မယ့် remote control option ပါဝင်လာပါတယ်။

### Any GIF Animator

**www.anygif.com**
**Min Requirement: XP/Vista/7/8**
**File Size - 15.4 MB**



ကြိုက်နှစ်သက်ရာ ဗီဒီယိုအပိုင်းအစတစ်ခုကို သက်ဝင်လှုပ်ရှားတဲ့ GIF ပုံရိပ်တွေအဖြစ် ပြောင်းနိုင်တဲ့ tool တစ်ခုဖြစ်ပါတယ်။ GIF animation ဖန်တီးဖို့ Open Media ကို Click နှိပ်ပါ။ PC ပေါ်က ဗီဒီယိုတစ်ခုခုကိုဆွဲတင်တာ၊ YouTube က ဗီဒီယိုကို download ချတာ ဒါမှမဟုတ် Webcam ကနေ ဗီဒီယိုရိုက်ကူးရယူတာ စတဲ့ နည်းလမ်းတစ်ခုခုကိုသုံးပြီး media ကို ရွေးချယ်ပေးပါ။ ဒီလိုရွေးပြီးပြီဆိုတာနဲ့ အလိုရှိရာ ဗီဒီယိုအပိုင်းကိုရှာဖွေပြီး အမှတ်အသားပေးပါ။ Frame rate၊ အရွယ်အစားနဲ့ကြာချိန်ကို သတ်မှတ်ပါ။ ပုံရိပ်ကို ဖြတ်တောက်ခြင်း၊ effect ထည့်ခြင်းတွေ လုပ်ဆောင်ပါ။ ရရှိလာတဲ့ animation ကို ဝက်ဘ်ဆိုက်နဲ့ ဖိုရမ်တွေပေါ်မှာ တင်နိုင်ဖို့ Link တစ်ခုရရှိလာအောင် Any GIF ဆာဗာပေါ်ကို upload တင်ပေးပါ။

### Coffee Zip

**www.ohsoft.net**
**Min Requirement: XP/Vista/7/8**
**File Size - 3.4 MB**



7-Zip ပုံစံတူ ပြုလုပ်ထားတဲ့ File archiver ဖြစ်ပါတယ်။ ZIP, RAR, 7Z, ISO စတဲ့ နာမည်ကျော် compression format တွေကို support လုပ်ပါတယ်။ ဖိုင်တွေကို encrypt လုပ်ဖို့ AES-256 ကို အသုံးပြုတာကြောင့် လုံခြုံမှုရှိစေပြီး အရွယ်အစားကြီးမားတဲ့ archives တွေကို အပိုင်းလေးတွေ ဖြစ်အောင် ခွဲထုတ်နိုင်ပါတယ်။ ဒါကြောင့် CD, DVD တွေပေါ် အဆင်ပြေပြေ burn နိုင်သလို အွန်လိုင်းပေါ်မှာလည်း မျှဝေနိုင်ပါတယ်။ archive အသစ်တွေဖန်တီးဖို့ right click နှိပ်ပြီးပေါ်လာတဲ့ context menu ကနေပဲ လွယ်လွယ်ကူကူ ဖန်တီးနိုင်ပါတယ်။

## BROWSER ADD-ONS

## Firefox

### Custom App Button

**(bit.ly/custom313)**

ဒီ add-on က browser window ကို Menu Bar View ပြောင်းမထားချိန်မှာ ဘယ်ဘက် အပေါ်ထောင့်မှာ မြင်နေရတဲ့ လိမ္မော်ရောင် Fire fox Button ကို Customize လုပ်ခွင့်ပေးမှာဖြစ်ပါတယ်။ ဒီ add-on ရဲ့ Option ကို သွားရောက်ပြီး Presets ကို နှိပ်ကာ အရောင် ၂၇ ခုကို ရွေးချယ်နိုင်ပါတယ်။ Button အရောင်အပြင် General tab မှာ App Label field ကိုသုံးပြီး Button ရဲ့နာမည်ကိုပါ ပြောင်းလဲနိုင်ပါတယ်။

### Buttonlizer

**(bit.ly/button313)**

ဒီ add-on ကတော့ Add-on Bar ၊ Menu Bar ၊ Bookmark Bar စတဲ့ browser မှာ နေရာအတော်များများ ယူထားတဲ့အရာတွေကို Window ရဲ့ ညာဘက်အပေါ်ထောင့်က Button တစ်ခုထဲကို ထည့်သွင်းပေးပါတယ်။ ဒါကြောင့် Browser ရဲ့ နေရာအများအပြားကို ရှင်းလင်းနေစေမှာ ဖြစ်ပါတယ်။ ဒီ Button ပေါ်မှာ Mouse Pointer ကို တင်ထားလိုက်ရင် Toolbar ရဲ့ Option တွေကို ပြသပေးပါတယ်။

### Floff

**(bit.ly/floff313)**

အင်တာနက်အသုံးပြုစဉ်မှာ Browser ဟာ Flash လိုအပ်တဲ့ အချိန်ရှိသလို၊ မလိုအပ်တဲ့ အချိန်လည်း ရှိပါတယ်။ YouTube ဗီဒီယိုတွေ ကြည့်တဲ့အခါမျိုးမှာ Flash ကို မရှိမဖြစ်လိုအပ်ပြီး Flash နဲ့ run တဲ့ကြော်ငြာအမြောက်အများပါဝင်တဲ့ Web Page ကို ကြည့်နေတဲ့အချိန်မျိုးမှာတော့ Flash ကို ပိတ်ထားတာ အကောင်းဆုံးပါပဲ။ ဒါကြောင့် ဒီ add-on လေးကို သွင်းထားလိုက်ရင် ခလုတ်တစ်ချက်နှိပ်ရုံနဲ့ Flash ကို အပိတ်၊ အဖွင့် လုပ်နိုင်မှာဖြစ်ပါတယ်။

### Mega

**(bit.ly/mega313)**

အွန်လိုင်းမှာ ဖိုင်တွေကို မျှဝေဖို့နဲ့ သိမ်းဆည်းဖို့ Mega ဆိုတဲ့ အခမဲ့သုံးနိုင်တဲ့ Service ကို သုံးသူတွေအတွက် add-on ဖြစ်ပါတယ်။ ဒီ add-on ကို Browser မှာ သွင်းထားလိုက်ရင် Mega ကဖိုင်တွေကို အကန့်အသတ်မရှိ အမြောက်အများ download ချယူနိုင်မှာ ဖြစ်ပါတယ်။ Download ချယူရာမှာလည်း ပြီးဆုံးတဲ့အချိန်အထိ Back ground မှာ အလုပ်လုပ်ပေးနေမှာဖြစ်ပါတယ်။

## Opera

### Speed Dial for Youtube

**(bit.ly/speed313)**



Opera Browser မှာ ဒီ add-on ကို သွင်းထားခြင်းအားဖြင့် YouTube Video တွေကို up to date ကြည့်ရှုခွင့်ရနေမှာ ဖြစ်ပါတယ်။ Opera Browser မှာပါဝင်တဲ့ Speed Dial Page မှာ YouTube ရဲ့ ရေပန်းအစားဆုံး ဗီဒီယိုတွေကို Tile တစ်ခုအနေနဲ့ ဖော်ပြပေးထားမှာ ဖြစ်ပါတယ်။ အဲဒီ ဗီဒီယိုရဲ့ Tile နဲ့ Screen Shot ကို ပြသပေးထားမှာပါ။ ဒါကြောင့် စိတ်ဝင်စားတဲ့အရာတစ်ခုကို တွေ့ရင် Tile ကို တစ်ချက် click ပြီး ဗီဒီယိုကိုကြည့်နိုင်ပါတယ်။

### Select and Speak

**(bit.ly/speak313)**



Web Page ပေါ်ကစာတွေကို ဖတ်နေရတာ မျက်လုံးညောင်းလာပြီဆိုရင်တော့ Browser မှာ ဒီ add-on သွင်းထားလိုက်ရင် အဲဒီစာတွေကို အသံထွက်ဖတ်ပြပေးပါလိမ့်မယ်။ ဖတ်ရှုလိုတဲ့စာတွေကို highlight လုပ်လိုက်ပြီး right click နှိပ်ကာ 'Speakit with iSpeech' ဆိုတာကို ရွေးပေးလိုက်ပါ။ အဲဒီစာတွေကို အင်္ဂလိပ်လေယူလေသိမ်းရှိတဲ့ အမျိုးသမီးတစ်ယောက်က အသံထွက်ဖတ်ပြပေးပါလိမ့်မယ်။ ဒါပေမဲ့ ဒီ add-on ရဲ့ free version က အသံထွက်ဖတ်ပြတဲ့အချိန်ကို ၁ မိနစ်သာ ခွင့်ပြုပေးထားပါတယ်။

# DOWNLOAD SECTION

## MP3




JUST GIVE ME A REASON

LINK

https://www.dropbox.com/s/cqd3tbwc496y1cx/Juz%20Give%20me%20a%20reason.mp3?m

ဂီတလောကမှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ အခိုင်အမာရပ်တည်နိုင်ခဲ့တဲ့ Pink ရဲ့ နောက် ဆုံးထွက် album "The Truth About Love" ထဲက တတိယမြောက် single အဖြစ် ထုတ်ဝေခဲ့တဲ့ သီချင်းဖြစ်ပါတယ်။

သီချင်းရဲ့အကြောင်းအရာက အချစ်ဇာတ်လမ်းတစ်ခုမှာ ယောကျ်ားလေးနဲ့ မိန်းကလေး နှစ်ဖက်မတူညီတဲ့အမြင်တွေကို စုံတွဲသီချင်းပုံစံနဲ့ ဖော်ပြထားတာပါ။ မိန်းကလေးရဲ့အမြင်အဖြစ် သူ့ဘက်က အရာရာဖြည့်ဆည်းခဲ့ပေမယ့် ယောကျ်ားလေးက တဖြည်းဖြည်းသွေးအေးလာပြီး စကားတွေကအသက်မပါတော့ဘူး။ ယောကျ်ားလေးကတော့ မိန်းကလေးကအရေးမကြီးတဲ့ အကြောင်းအရာတွေကို ပြဿနာရှာနေတယ်။ အားလုံးအဆင်ပြေအောင်နေပေမယ့် ဘာလို့စိတ်တိုင်းမကျသလဲဆိုတာ နားမလည်နိုင် တော့ဘူးလို့ ဆိုထားပါတယ်။ အဲဒီလိုအမြင်ကိုယ်စီနဲ့ အဆင်မပြေပေမယ့် ဇာတ်လမ်းကပြီးဆုံးသွားတာမဟုတ်သေးဘူး။ အဆင်ပြေအောင် ပြန်ကြိုးစားလို့ရနိုင်ပါသေးတယ်ဆိုတဲ့အကြောင်း 'We're not broken just bent, and we can learn to love again' လို့ စပ်ဆိုထား ပါတယ်။

သီချင်းရဲ့အစပိုင်းနဲ့ အစိတ်အပိုင်းတော် တော်များများမှာ စန္ဒယားကိုအဓိကအားယူသုံးထားပြီး ဂစ်တာ၊ တယောတွေနဲ့ အားဖြည့်ထားပါတယ်။

Just Give Me a Reason ဟာ Pink ရဲ့ အောင်မြင်တဲ့ သီချင်းစာရင်းမှာ ထပ်မံထည့်သွင်းခံရမယ့် သီချင်းတစ်ပုဒ်ဖြစ်ပြီး ပရိသတ်အမျိုးအစားအားလုံးအတွက် အဆင်ပြေမယ့်သီချင်းဖြစ်ပါတယ်။

## MTV




GENTLE MAN

LINK

http://www.youtube.com/watch?v=ASO_zypdnsQ

Gangnam Style သီချင်းနဲ့ နာမည် ကျော်ခဲ့တဲ့ PSY ဟာ အခုတစ်ခါမှာတော့ ပရိသတ်အကြိုက်တွေ့စေမယ့် သီချင်းနောက်တစ်ပုဒ်ကို ထပ်မံတင်ဆက်လိုက်ပြန်ပါပြီ။ PSY ဟာ K-POP လောကမှာ ဘယ်သူမှမလုပ်သေးတဲ့ MTV တင်ဆက်ပုံတွေနဲ့ K-POP လောကမှာရော ကမ္ဘာ့ဂီတအသိုင်းအဝိုင်းကပါ လက်ခံခဲ့တဲ့အဆင့်ကို ရောက်ခဲ့ပါတယ်။ အခုအသစ်ထပ်ထွက်လာတဲ့ Gentleman သီချင်းဟာ PSY ရဲ့ ၁၉ ကြိမ်မြောက် K-POP တစ်ကိုယ် တော် အယ်လ်ဘမ်မှာပါဝင်ခဲ့တာဖြစ်ပြီး ဧပြီလ ၁၂ ရက်နေ့က စတင်ထုတ်ဝေခဲ့တာလည်းဖြစ်ပါတယ်။ အယ်လ်ဘမ်ထုတ်ဝေပြီးချိန်ကနေ အခုအချိန်အထိ Youtube ကြည့်ရှုသူဦးရေ ၁.၅ ဘီလီယံအထိ ရှိခဲ့ပြီး PSY ရဲ့ အများပြည်သူသွားလာသောနေရာများတွင် သရုပ်ပြခဲ့သော သီချင်းလည်းဖြစ်ပါတယ်။ သီချင်းရဲ့ပုံစံကတော့ လူကြီးလူငယ်အကြိုက် ဟာသဆန်ဆန် သရုပ်ဖော်ပေးထားပါတယ်။ ကောင်မလေးတွေကို ဟာသအဖြစ်ချောက်တွန်းအရှက်ခွဲခဲ့တဲ့ PSY တစ်ယောက် သူတကယ်ချစ်တဲ့ကောင်မလေးနဲ့တွေ့တော့မှ ပညာပေးခံရတဲ့ လူငယ်အကြိုက်ပုံစံလေးတွေကိုပါ ပုံဖော်ပေးထားတာကြောင့် Youtube ပေါ်မှာ လူကြိုက်အများဆုံး MTV အဖြစ် ရပ်တည်နေပါတယ်။ ဧပြီလ ၂၃ ရက်နေ့အထိ စစ် တမ်းအရ PSY ရဲ့ Gentleman MTV ဟာ ကြည့် ရှုသူဦးရေ ၂၂၀ မီလီယံအထိ ရှိခဲ့တာကိုလည်း တွေ့ ရပါတယ်။

## MOVIE




IRON 3 MAN

LINK

http://www.youtube.com/watch?v=aV8H7kszXqo

မကြာမီကာလအတွင်း အနောက်ဥရောပရုပ်ရှင် ဈေးကွက်ထက် အာရှရုပ်ရှင်ဈေးကွက်မှာ အရင်ဦးဆုံး ဦးစားပေးတင်ပြခွင့်ရထားတဲ့ IRON MAN 3 3D ရုပ်ရှင်ဇာတ်ကားကို မြန်မာပြည် အတွင်းကြည့်ရှုနိုင်တော့မှာပါ။ နာမည်ကျော် တရုတ်ရုပ်ရှင်မင်းသမီး ဖန်ပင်းပင်း ပါဝင်ထားတဲ့အပြင် အာရှဒေသများကိုဦးစားပေးရိုက်ကူးထားတဲ့ IRON MAN 3 ကို အာရှရုပ်ရှင်ဈေးကွက်မှာ နိုင်ငံတကာပြသရက်ထက် တစ်ပတ်စောပြီးပြသမှာပဲ ဖြစ်ပါတယ်။

IRON MAN 3 ဇာတ်ကားအရ လူစွမ်းကောင်းတစ်ဖြစ်လဲ လက်နက်တီထွင်သူ၊ သန်းကြွယ်သူဌေး Tony Stark ခေါ် သံမဏိလူသား (Iron Man) ရဲ့ ကမ္ဘာဖျက်ရန်သူကတော့ အာရှဒေသမှ The Mandarin (Ben Kingsley) ဆိုတဲ့ ဩဇာအာဏာလွှမ်းမိုးမှုကြီးမားတဲ့ရန်သူသစ်ကြီးနဲ့ ရင်ဆိုင်တိုက်ခိုက်ပြီး ခက်ခက်ခဲခဲ Action ခန်းတွေကို ရင်သပ်ရှုမောဖွယ် ရှုမြင်ခံစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဇာတ်လမ်းအရ သိပ္ပံပညာရှင် Aldrich Killian (Guy Pearce) အနေဖြင့် Tony Stark ၏ အထင်သေးမှုခံရပြီးနောက်ပိုင်း Super Soldier လို့ခေါ်တွင်တဲ့ အထူးစစ်သားတွေကိုလည်း တွေ့မြင်ရဦးမှာပါ။ IRON MAN ဟာ ရန်သူ The Mandarin ကို နှိမ်နင်းပြီး အကြဲအိုက်နေချိန်မှာသူ့ရဲ့ ဉာဏ်ရည်ထက်မြက်မှုနဲ့ စွမ်းဆောင်မှုတို့ကြောင့် ရရှိလာတဲ့ ဝတ်စုံအသစ်ကြောင့်ပဲ IRON MAN လူစွမ်းကောင်းဖြစ်လာမလား၊ ဝတ်စုံအသစ်ကပဲ IRON MAN ရဲ့ ဘဝကို ကယ်တင်သွားမလားဆိုတာ MARVEL ရုပ်ရှင် ပရိသတ်ကြီးအနေနဲ့ ပိတ်ကားပေါ်မှာ ရှုမြင်ခံစားကြည့်ကြပါစို့။

## BOOK




စာအုပ်စာပေချစ် ပရိသတ်ကြီးများအတွက် ကျွန်တော်မိတ်ဆက်ပေးလာခဲ့သည့် စာအုပ်များမှာ အတော်အတန်ပင် အမျိုးစုံခဲ့ပြီဖြစ်သည်။ ယခုတစ်ဖန်တွင် ထပ်မံအမျိုးစုံစေရန် စာအုပ်တစ်အုပ်ကို မိတ်ဆက်ပေးပါဦးမည်။

အဆိုပါစာအုပ်၏ မူရင်းစာရေးသူမှာ မြန်မာပြည်မော်ဒန်စာပေနယ်ထဲရှိ စာရေးဆရာတစ်ဦး၏ "ခပ်ညံ့ညံ့ဝတ္ထုရေးဆရာ" ဟု အမည်ပေး ကင်ပွန်းတပ်ခြင်းကို ခံထားရသူဖြစ်သည်။ ကိုယ့်အတွေး ကိုယ့်အမြင်နှင့်လွတ်လပ်စွာ ပြောဆိုမှုတစ်ခုဟုယူဆ၍ တစ်ဆင့်ပြန်လည်ဖော်ပြခြင်းသာဖြစ်ပါသည်။ မည်သူဆိုခဲ့ခြင်းဟု မဖော်ပြလိုပါ။

ယခုကျွန်တော်မိတ်ဆက်ပေးမည့် စာအုပ်မှာ မူရင်းစာရေးသူ လီယိုတော်လ်စတွိုင်း၏ Twenty Three Tales စာအုပ်ကို ဘာသာပြန်ရေးဖွဲ့ထားသော မောင်ထွန်းသူ၏ ***တော်လ်စတွိုင်းလ်ဝတ္ထုတိုများ***ဆိုသည့် စာအုပ်ပင်ဖြစ်သည်။

စာရေးသူက ယခုစာအုပ်၏မူရင်းကို ဖတ်ရှုအပြီးတွင် ယင်းရရှိလာသည့်အတွေးအမြင်များ၊ စဉ်းစားစရာများ အစရှိသည်တို့ကို စာအုပ်၏ "မြန်မာပြန်သူ၏အမှာ" စာမျက်နှာပြင်၌ပင် ရေးသားဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ ရေးသားချက်များကို ဖတ်ရှုခြင်းအားဖြင့် တော်လ်စတွိုင်း၏ရေးသားချက်၊ ဆိုလိုချက်များကို "မဖတ်မီက၊ သိနှင့်သည်" ဟူသော ခံစားချက်မျိုးကို ရရှိနိုင်မည်ဖြစ်သည်။

ယခုစာအုပ်နှင့်ပတ်သက်၍ ပထမဆုံး မိတ်ဆက်ပေးလိုသည်မှာ ယင်း၏ဖွဲ့စည်းပုံပင်ဖြစ်သည်။ "ကလေးသူငယ်များအတွက် ပုံပြင်များ"၊ "လူအများကြိုက်ပုံပြင်များ"၊ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်"၊ "ဘဝပုံရိပ်ပုံပြင်များ" စသည်ဖြင့် ခေါင်းစဉ်များပေး၍ အပိုင်းခုနစ်ပိုင်းခွဲထားသည့် စာအုပ်၏ဖွဲ့စည်းပုံက ကလေးငယ်များနှင့် ယခုမှစ၍ စာစဖတ်သူများအဖို့ ယင်းတို့ကြိုက်နှစ်သက်သည့်အပိုင်းကို လွယ်လင့်တကူ ဖတ်ရှုနိုင်မည့်အချက်ပင်ဖြစ်သည်။

ဝတ္ထုတိုပုဒ်ရေ (၂၃) ပုဒ်ရှိသည့်အထဲမှ ယခုစာရေးသူညွှန်းဆိုလိုသည့် ဝတ္ထုတို့မှာ အဘိုးအိုနှစ်ယောက်နှင့် အရှုံးအီဗန်တို့ ဖြစ်သည်။ အခြားဝတ္ထုတိုများ သူ့အကြောင်းအရာနှင့်သူ ကောင်းမွန်မှုရှိကြသည်ဆိုသော်လည်း အဆိုပါဝတ္ထုတိုနှစ်ပုဒ်မှာအနက် အဓိပ္ပာယ်အားဖြင့်ကောင်းမွန်လှသောကြောင့် စာဖတ်သူအမျိုးအစားမရွေး၊ ဘာသာမရွေး ဖတ်ရှုနိုင်မည်ဟုယုံကြည်ကာ ရည်ညွှန်းလိုက်ခြင်းပင်ဖြစ်သည်။

အဘိုးအိုနှစ်ယောက်ဝတ္ထုတွင် ဂျေရုဆလင်မြို့တော်သို့ဘုရားဖူးထွက်ကြမည့် အဘိုးအိုနှစ်ယောက်အကြောင်းကိုဖတ်ရှုကာ အမှန်တကယ်ဘုရားဖူးခြင်း၊ ဘုရားအဆုံးအမအတိုင်း ကျင့်ကြံခြင်းသည် "ဘာ" ဆိုသည်ကို တွေ့မြင်လာရမည်ဖြစ်သည်။ ဂျေရုဆလင်ဟု ဆိုလိုက်ခြင်းကြောင့် အဆိုပါဝတ္ထုမှာ ခရစ်ယာန်ဘာသာဝင်များနှင့်သာ သက်ဆိုင်သည်ဟု ပြောနိုင်မည်မဟုတ်။ အနှစ်သာရအားဖြင့် ဘာသာအားလုံးနှင့်သက်ဆိုင်မှုရှိလေသည်။ စာရေးဆရာ ပညာဝန်ဦးဖိုးကျားပင်လျှင် အဆိုပါဝတ္ထုတိုကို မြန်မာမှုပြု၍ "ဘုရားဖူးသွားခြင်း" (နာမည်မသေချာ) ဟု အမည်ပေးကာ ကျိုက်ထီးရိုးတောင်ပေါ် ကောလိပ်ကျောင်းသားနှစ်ယောက် ဘုရားဖူးသွားခြင်းအကြောင်း ရေးသားခဲ့သေးသည်။

အရှုံးအီဗန်ဝတ္ထုတွင်မူ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာမည်" ဆိုသော ဆောင်ပုဒ်အတိုင်း ဇာတ်လမ်းဆင်ရေးဖွဲ့ထားသည်ကို တွေ့ ရမည်ဖြစ်သည်။ ပေါ်တောတော ချာတာတာနှင့် သဘောကောင်းမနောကောင်း အလုပ်ကြိုးစားသည့် အီဗန်ကို သူ၏အကိုလူလည်များကတစ်ဖုံ၊ နတ်မိစ္ဆာတို့ကတစ်နည်း အနှောက်အယှက်ပေး မလိုတမာဖြစ် ကြသော်လည်း နောက်ဆုံးတွင်အီဗန်သာ စိတ်ချမ်း ချမ်းသာသာဖြစ်၍ ကျန်ရစ်ခဲ့သည်ကို ဖတ်ရှုရမည် ဖြစ်သည်။ ပုံပြင်ဆန်၍ လက်တွေ့နှင့် ကင်းကွာသည်ဟု ဝေဖန်မှုများရှိသော်လည်း ယခုဝတ္ထုသည် ကျွန်ုပ်တို့၏ ကောင်းမြတ်သောစိတ်ထားကို အရှည်သဖြင့်ရင့်သန်စေရန် ကျွေးကန်ပေးနိုင်သော ထောက်တိုင်တစ်တိုင်ဟု ယုံကြည်မိသောကြောင့်ပင် ရည်ညွှန်းလိုက်ခြင်းဖြစ်ပေသည်။

ထုံးစံအတိုင်းပင်. . . မြန်မာ့နှစ်သစ်၌ Digital Life ဂျာနယ်ချစ် ပရိသတ်များ အသိအမြင် ဗဟုသုတပို၍ပို၍ တိုးပွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

# TIPS & TRICKS

## ကွန်ပျူတာသုံးသူများအတွက်

# လွယ်ကူသက်သာ နည်းလမ်းအဖြာဖြာ

### (၁) ဆော့ဖ်ဝဲလ်တွေရဲ့ Keyboard Shortcut ကို သိနိုင်ဖို့




Windows ပရိုဂရမ်တချို့မှာ Alt Key ကို ၁ စက္ကန့်၊ ၂ စက္ကန့်ကြာအောင် ဖိထားရင် သက်ဆိုင်ရာ item ရဲ့ Shortcut label တွေ ဘေးမှာ ကပ်ရက်ပေါ်လာလေ့ရှိပါတယ်။ Microsoft Word မှာ ဆိုရင် Alt Key ကိုဖိထားချိန်မှာ Home tab ရဲ့ဘေးမှာ 'H' လို့ပေါ်နေတာကြောင့် သူ့ရဲ့ Shortcut က Alt + H ဖြစ်ပါတယ်။ ဒီလိုပဲ Label မှာ ပေါ်နေတဲ့ အက္ခရာနဲ့ နံပါတ်တွေကို Alt နဲ့တွဲနှိပ် ရင် သက်ဆိုင်ရာ function နဲ့ feature တွေကို ရရှိမှာပါ။ Microsoft Word ရဲ့ ribbon toolbar မှာရှိတဲ့ item တွေမှာ mouse pointer ကို ခဏကြာတင်ထား ရင် item တွေနဲ့ ပတ်သက်တဲ့ description တွေ ဖော်ပြပေးပါတယ်။

●

### (၂) ကွန်ပျူတာကို Lock ချဖို့ Shortcut ဖန်တီးရ အောင်




ကွန်ပျူတာသုံးသူ အများစုဟာ သူတို့ရဲ့ ကွန်ပျူတာကို User Account Passwordဖန်တီးပြီး အကာအကွယ်ပြုလုပ်လေ့ရှိကြပါတယ်။ နေ့လယ်စာစားတာ၊ ကော်ဖီသောက်တာစတဲ့ ကိစ္စတွေအတွက် ကွန်ပျူတာနဲ့ အလုပ်လုပ်နေရင်း နေရာကထသွားရတဲ့ အခါမျိုးမှာ ကွန်ပျူတာကို Log Off လုပ်ထားခဲ့ကြလေ့ရှိပါတယ်။ ဒီလို Log Off လုပ်လိုက်တဲ့အတွက် သုံးလက်စပရိုဂရမ်တွေ ပိတ်သွားတာကြောင့် အလုပ်ပြန်လည်စတင်ဖို့ နှောင့်နှေးမှုရှိနိုင်ပါတယ်။ အဲဒီအတွက် Windows 7 မှာ ကွန်ပျူတာကို Lock ချထားခဲ့ပြီး အကာအကွယ်လုပ်နိုင်ပါတယ်။ Lock ချတာဖြစ်တဲ့အတွက် လက် ရှိအသုံးပြုနေတဲ့ ပရိုဂရမ်တွေ ပိတ်မသွားလို့ အလုပ်ကို ချက်ချင်း ပြန်လည်စတင်နိုင်ပါတယ်။ Lock ချဖို့ Start ကိုနှိပ်ကာ Shut Down Button ဘေးကမြှားကိုနှိပ်ပြီး Lock ဆိုတာကို ရွေးလိုက်ရုံပါပဲ။ ဒီလိုLock မကြာ ခဏချနေရသူတွေအတွက်ကတော့ Desktopပေါ်မှာShortcut ဖန်တီးထားနိုင်ပါတယ်။ Desktop ပေါ်ကနေရာလွတ် တစ်ခုပေါ် Right Click နှိပ်ပါ။ ပေါ်လာတဲ့ menu ထဲက New> Shortcut ကိုရွေးပါ။ ပေါ်လာတဲ့ Window ရဲ့textboxမှာ"rundll32.exe user32.dll, LockWorkStation" လို့ရိုက်ပြီး Next ကိုနှိပ်ပါ။ exe နဲ့ User ကြားမှာ Space ပါရပါမယ်။ Shortcut နာမည်ကို 'Lock Computer' လို့ပေးပြီး Finish ကိုနှိပ်ပါ။ ဒါဆိုရင် Desktop ပေါ်မှာ ကွန်ပျူတာကို Lock ချနိုင်မယ့် Shortcut တစ်ခုရရှိပါပြီ။

### (၃) Start Menu ရဲ့ အရွယ်အစားပြင်ကြမယ်




Start Button ကိုနှိပ်ပြီး All Programs ကို သွားရောက်လိုက်တဲ့အခါ ကွန်ပျူတာမှာ သွင်းထားတဲ့ ပရိုဂရမ် List ကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ ဆော့ဖ်ဝဲလ်များများသွင်းထားလေ၊ တွေ့မြင်ရတဲ့ List ကပိုရှည်လေဖြစ်မှာပါ။ ဒါကြောင့် Start Menu ရဲ့အရွယ်အစားက သေးနေရင် မိမိအလိုရှိရာ ပရိုဂရမ်ကို ရောက်ရှိဖို့ Scroll လှိမ့်နေရမှာဖြစ်ပါတယ်။ ဒီလို Scroll လှိမ့်ရခြင်းမျိုးမရှိတော့အောင် Start Menu ရဲ့အရွယ်အစားကို ချိန်ညှိနိုင်ပါတယ်။ Start Button ကို Right Click နှိပ်ပြီး Properties ကို ရွေးပါ။ Start Menu Top အောက်က 'Store and display recently opend programs in the Start Menu' ဆိုတဲ့ Check box ကို အမှန်ခြစ်ပေးပါ။ ပြီးရင် Customize Button ကိုနှိပ်ပြီးပေါ်လာတဲ့ Window ရဲ့ Start Menu Size ဆိုတဲ့ box မှာ 'Number of recent programs to display' ကို 10 ; 15; 20 အစရှိသဖြင့် monitoerအရွယ်အစားကိုလိုက်ပြီးပြောင်းလဲ ချိန်ညှိနိုင်ပါတယ်။ Recent Program အရေအတွက် ပေါ်မူတည်ပြီး Start Menu ရဲ့ အရွယ်အစားက အကြီးအသေး ပြောင်းလဲသွားမှာဖြစ်ပါတယ်။

### (၄) မိုဘိုင်းလ်ပစ္စည်းတွေပေါ်မှာ ကြည့်နိုင်ဖို့ ဗီဒီယို format ပြောင်းကြမယ်

အရည်အသွေးကောင်းတဲ့ ဗီဒီယိုဖိုင်တွေဟာ အရွယ်အစားအလွန်ကြီးမားတတ်တာကြောင့်ဖုန်းနဲ့ တက်ဘလက်တွေထဲ ထည့်သွင်းကြည့်ရှုရာ မှာstorage နေရာအရမ်းယူပါတယ်။ www.freemake.com ကနေ အခမဲ့ယူနိုင်တဲ့ Freemake Video Converter ကမိုဘိုင်းလ်ပစ္စည်းအမျိုးအစားအားလုံးနဲ့ လိုက်လျောညီထွေဖြစ်မယ့် format ကို ပြောင်းပေးနိုင်တာကြောင့် ဖိုင်အရွယ်အစားကြီးမားမှုမရှိဘဲဖုန်းနဲ့တက်ဘလက်ပေါ်မှာ ဗီဒီယိုတွေကို အဆင်ပြေပြေကြည့် ရှုနိုင်မှာဖြစ်ပါတယ်။ ဒီ program က iPhone, iPad, iPod, Samsung, Nokia, BlackBerry စတဲ့ ဖုန်းအမျိုးအလိုက် ဗီဒီယို format တွေကို သီးခြားစီပြောင်းနိုင်ပါတယ်။ Video ဆိုတဲ့ Buttonနှိပ်ပြီးformat ပြောင်းမယ့်ဖိုင်တွေကို ရွေးချယ်ပေးကာ screen အောက်ခြေမှာ device manufacturer ကို သတ်မှတ်ပေးရပါမယ်။ Model အမျိုးအစားကိုတော့ drop-down menu မှာ ရွေးပေးပြီး Convert ကို နှိပ်ပေးလိုက်ရုံပါပဲ။

●



## WEBSITE REVIEW

### www.cnn.com




ဒစ်ဂျစ်တယ်သတင်းအချက်အလက်ခေတ်မှာ အောင်မြင်တဲ့ သတင်းမီဒီယာတစ်ခုအဖြစ် ရပ်တည်နေတဲ့ CNN သတင်းဌာနကြီးရဲ့ဝက်ဆိုက်ဖြစ်ပါတယ်။ နောက်ဆုံးရသတင်းတွေကို ရှာဖွေသိရှိလိုသူတွေအတွက် နည်းပညာကိုအသုံးချပြီး ထိပ်တန်းမီဒီယာဝက်ဆိုက်တစ်ခုဖြစ်လာခဲ့တဲ့ CNN ဝက်ဆိုက်ဟာ အသုံးပြုရလွယ်ကူမှု၊ မိုဘိုင်းလ် feature အထောက်အပံ့ပေးနိုင်မှုတို့ကြောင့် အောင်မြင်မှုရလာခဲ့ပါတယ်။ CNN ဝက်ဆိုက် ဝင်ရောက်ကြည့်ရှုသူ ၂၂ သန်းခန့်ရှိတယ်လို့ စာရင်းဇယားတွေမှာ ဖော်ပြကြပါတယ်။

### www.forbes.com




စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်တွေအတွက် တိကျတဲ့သတင်းအရင်းအမြစ်တစ်ခုအဖြစ် အများစု ယုံကြည်ရတဲ့ မီဒီယာတစ်ခုဖြစ်ပါတယ်။ ပုံနှိပ်ထုတ်ဝေတဲ့အပြင် Web, Mobile စတာတွေမှာလည်း ကြည့်ရှုနိုင်ပါတယ်။ Forbes Listက စိတ်ဝင်စားမှုခံရတဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ Forbes.com ကို ဝင်ရောက်ကြည့်ရှုသူ ၁၀ သန်းရှိတယ်လို့သိရပါတယ်။

### www.cbs.com




အမေရိကမှာ လူကြည့်အများဆုံးဝက်ဆိုက်တစ်ခုဖြစ်သလို ဝင်ရောက်ကြည့်ရှုသူအရေအတွက် ပုံမှန်တိုးတက်နေတဲ့ မီဒီယာတစ်ခုဖြစ်ပါတယ်။ CBS ဟာ TV, Radio အစီအစဉ်တွေပေါင်းစပ်ပြီး Web Portal ၃၀ ကို ပိုင်ဆိုင်ထားပါတယ်။ CBS ရဲ့ နည်းပညာအသုံးချအစီအစဉ်တစ်ခုဖြစ်တဲ့ CBS Connect ဟာ လူအများစု စိတ်ဝင်စားမှုခံရတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။

### www.tmz.com




၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ စတင်ထုတ်လွှင့်ခဲ့တဲ့ Thirty Mile Zone (TMZ.com)မှာ Celebrity တွေရဲ့ အတင်းအဖျင်းသတင်းတွေနဲ့ အတည်မပြုနိုင်တဲ့ ထူးထူးခြားခြားသတင်းတွေကို တင်ဆက်ပေးတာကြောင့် အမေရိကမှာ လူကြိုက်များတဲ့ ဝက်ဆိုက်တစ်ခုဖြစ်သလို ဝေဖန်ရှုံ့ချခံရတဲ့ မီဒီယာတစ်ခုလည်းဖြစ်ပါတယ်။ TMZ မှာ Facebook Fan ၁ သန်းကျော်ရှိပြီး Twitter Follower ၁ သန်းခွဲခန့်ရှိပါတယ်။

# MOBILE ARENA & SHOPPING GUIDE

presented by Digital life



# FACEBOOK HOME







# htc one BLINKFEED

ဦးဧသောင်းဝင်း (ပန်းချယ်ရီ)

လောလောဆယ် စမတ်ဖုန်းဈေးကွက်အတွင်း စစ်တမ်းကောက်ယူမယ်ဆိုရင် Galaxy S4, HTC One, iPhone 5, Optiuus G Pro, BlackBerry Z 10, Sony Xperia Z, Nexus 4, Galaxy Note 2 စတဲ့ စမတ်ဖုန်းတွေကို ထိပ်တန်းစာရင်းဝင်အဖြစ် မြင်တွေ့ကြရမှာဖြစ်တယ်။ ဒါပေမဲ့ Android Phone အုပ်စုမှာ Galaxy S4 နဲ့ HTC One တို့က ဈေးကွက်ရှယ်ယာအများဆုံးယူနေ တယ်။

HTC One က ဈေးကွက်ထဲကို နောက်ဆုံးရောက်ရှိလာခဲ့တယ်။ ထိပ်တန်းစာရင်းဝင်လို့ သတ်မှတ်ကြရတဲ့အတိုင်း အမျိုးအစားတစ်ခု ချင်းမှာ ထူးခြားတဲ့ ကိုယ်ပိုင်အရည်အချင်းတွေ ရှိနေကြတယ်။ ဝယ်ယူအသုံးပြုတဲ့သူတွေအနေနဲ့ အားသာချက်တစ်ခုခုအပေါ် အခြေခံပြီး ကြိုက်နှစ်သက်ရာကို ဝယ်ယူအသုံးပြုတာ ဖြစ်ပါတယ်။

နောက်ဆုံး ထွက်ရှိခဲ့တဲ့ HTC One နဲ့ ပတ်သက်ပြီး အသုံးပြုသူတွေရော ထုတ်လုပ်သူအချင်းချင်းပါ လှုပ်လှုပ်ရွရွဖြစ်သွားစေခဲ့ တာကတော့ Blinkfeed ထည့်သွင်းပါဝင်လာတာ ဖြစ်တယ်။ သမားရိုးကျ Android panel တစ်ခုနဲ့ မြင်တွေ့ရ မယ့်အစား HTC One ကို ဝယ်ယူကာ သေတ္တာဘူး လေးထဲကနေ ထုတ်ကြည့်ပြီး ဖွင့်လိုက်တာနဲ့ ကမ္ဘာ့ သတင်းတို့၊ လူမှုကွန်ရက်ရဲ့ နောက်ဆုံးချိတ်ဆက်မှု တို့အပါအဝင် ထူးခြားတဲ့ Home Screen လေးကို အရင်တွေ့ကြရလိမ့်မယ်။ လက်ချောင်းလေးတစ် ချက် ဝှေ့ယမ်းလိုက်တာနဲ့ မိမိအတွက် လောလော ဆယ်အကျိုးရှိစေမယ့် ကိစ္စတစ်ခုကို ပြဆိုပေးတယ်။ တစ်နည်းပြောရရင် မျက်လုံးလေးတစ်ချက် ပုတ်လိုက်တာနဲ့ အကြောင်းကိစ္စတစ်ခုခုဆီကို ရောက် သွားစေနိုင်ဖို့ စီစဉ်ပေးတဲ့ feature ဖြစ်နေတယ်။ ဒါကြောင့်များ Blinkfeed လို့ ခေါ်ဝေါ်သုံးနှုန်းစေ တာလားလို့ တွေးတောစရာဖြစ်စေတယ်။

တစ်ချို့ကလည်း Blinkfeed က Flipboard နဲ့ တော်တော်တူတယ်လို့ ဆိုကြတယ်။ Animation ကိစ္စကတော့ နည်းနည်းကွာခြားလာတယ်ဆိုတာ အတိအလင်းပြောနိုင်တယ်။ ထူးထူးခြားခြားလှုပ်လှုပ်ရွရွဖြစ်သွားစေတဲ့ အချက်က ဘာလဲလို့ မေးစရာရှိပါတယ်။ Pulse တို့ Flipboard တို့ ဒါမှမဟုတ်Google Current တို့နဲ့ မတူတဲ့ အတွက်ဖြစ်တယ်။ စမတ်ဖုန်းလေးအနေနဲ့ Blinkfeed က သုံးဆောင်မှုကိစ္စအဝဝကို ကိုယ်တိုင် ပြင်ဆင်ပေးထားနိုင်တဲ့ အရည်အချင်းရှိတယ်။

ဒီလိုအမြတ်မ်း ချက်ချင်းသိနိုင်ဖို့ ပြဆိုပေး ရမယ့် အကြောင်းကိစ္စတွေကိုတော့ Blinkfeed ရဲ့ setup လုပ်ငန်းစဉ်တွေနဲ့ ထားရှိရတယ်။ ပြီးရင် blue boxes လေးတွေထဲ ပြဆိုပေးမယ်။ လိုအပ်တဲ့ blue box လေးကို တို့ထိလိုက်ရုံနဲ့ ကြည့်ခွင့်ရစေတယ်။ Interface က ရိုးရှင်းလွယ်တယ်၊ ဒီလို အစီအစဉ်တွေကို Mobile Republic က ဆောင်ရွက်ပေးတာ ဖြစ်တယ်။ အသင့်လုပ်ကိုင် ပေးထားတဲ့ feeds တွေထဲက မိမိကြိုက်ရာကို အသုံးပြုနိုင်တဲ့ ပုံစံလို့လည်း ပြောနိုင်ပါတယ်။ Blinkfeed ရဲ့ ပြင်ဆင်ပေးထား ချက်တွေကို အထက်အောက် Scrolling လုပ်ပြီး ထပ်ရှာနိုင်ပါသေးတယ်။

ရုံဖန်ရံခါသာ လူမှုကွန်ရက်ထဲဝင်ကြည့်လေ့ရှိသူအတွက် ပိုပြီးထိရောက်စွာ အသုံးချနိုင်စေတယ်။ Facebook တို့၊ Firefox တို့ Linked In တို့၊ Twitter တို့လို Social Services တွေနဲ့ အလွယ် တကူ ချိတ်ဆက်ယူလို့ရတယ်။ Calender ကနေ တစ်ဆင့် ခေါ်ရင်လည်း ရနိုင်ပါတယ်။ ဒါမှမဟုတ် HTC One နဲ့အတူ ပါလာသေးတဲ့ Zoe Share တို့ Kid Mode တို့ TV တို့လို အသုံးချစရာ အစီအစဉ် တွေနဲ့လည်း တိုက်ရိုက်ဆက်သွယ်ပြီး ကြည့်ရှုခံစား ခွင့်ရနိုင်ပါသေးတယ်။

Live Home Screen နဲ့ ပွဲထွက်လာတဲ့ HTC One ကို မြင်တွေ့ကြရတဲ့အခါ နောင်များမကြာမီ Facebook Phone ဆိုတာများ ပေါ်ထွန်းလာလေမလားလို့ ဆွေးနွေးဖြစ်ကြတယ်။ ဒါ့အပြင် iPhone/iPad လို iOS သုံးတဲ့ မိုဘိုင်းလ်ကိရိယာတွေမှာလည်း Blinkfeed ကို အသုံးချလာနိုင်စရာအကြောင်းရှိနေပြန်တယ်။ Mobile Republic က ဖန်တီးခဲ့တဲ့ Blinkfeed တွေထဲက content တွေမှာ AOL တို့ Associated Press တို့နဲ့ CBS Interactive တို့လို မီဒီယာအရင်းအမြစ်၁၅၀၀ လောက်ကို မြည်းစမ်းခွင့် ရကြပါလိမ့်မယ်။

Blinkfeed နဲ့ ပတ်သက်ပြီး ညွှန်းဆိုကြရာမှာ မိမိအတွက် အသုံးတည့်စေမယ့်အရာအားလုံးကို တစ်နေရာတည်းမှာ ရှိနေစေတဲ့ ပရိုဂရမ်လို့ ပြောဆိုကြတာမျိုးလည်း တွေ့နိုင်ပါသေးတယ်။ တယ်လီဖုန်းအသုံးပြုသူတွေအနေနဲ့ တစ်ဦးချင်း မြတ်နိုးရာ ခုံမင်ရာ၊ စွဲလန်းစရာတွေရှိနိုင်သလို လက်ငင်းအရေးကြီးတဲ့ အကြောင်းအရာကိစ္စတွေနဲ့ ပတ်သက်တဲ့ သတင်းကို သိလိုသူတွေလည်း ရှိနေမှာအမှန်ဖြစ်တယ်။ လောလောဆယ် စမတ်ဖုန်းလောကမှာ တည်ဆောက်ထားတဲ့ ဒီဇိုင်းနဲ့ ခေတ်မီတဲ့ အသွင်အပြင်၊ လုပ်ကိုင်နိုင်တဲ့ စွမ်းအား အစစအရာရာ ဆိုဖွယ်ရာမရှိအောင် ကောင်းမွန်တဲ့ HTC One မှာ Blinkfeed ပရိုဂရမ်လေး ပါဝင်လာတဲ့အတွက် လှုပ်လှုပ်ရွရွ ဖြစ်သွားစေလောက်တဲ့အထိ ဆွဲဆောင်နိုင်ခဲ့တယ်။

နာမည်ကြီးမဂ္ဂဇင်းတစ်ခုကတော့ HTC One နဲ့အတူ ပါလာတဲ့ Blinkfeed ကို Sense 5 Interface လို့ ညွှန်းဆိုဖော်ပြခဲ့တယ်။ HTC One မိတ်ဆက်ပွဲမှာ စီအီးအိုဖြစ်တဲ့ Peter Chan က HTC One နဲ့အတူ ပူးပွဲပါလာတဲ့ feature သစ် (၅) မျိုးကို ရှင်းလင်းပြောကြားသွားရာမှာလည်း Blinkfeed ကို အထူးပြဆိုပြောကြားခဲ့တာကို တွေ့လိုက်ကြရတယ်။ 4.62 ppi Density နဲ့ တင်ဆက်ပေးတဲ့ ၄. ၇ လက်မအရွယ် SLCD 3 display လေးနဲ့ ကြည့်ရှုခွင့်ရတဲ့အတွက် Blinkfeed ကို ပိုပြီး နှစ်ခြိုက်စရာ ဖြစ်သွားစေတယ်လို့လည်း ပြောနိုင်ပါတယ်။ HTC One အနေနဲ့ 1.7 GHz Qualcomm Snapdragon S4 Pro Processer နဲ့ 2GB RAM ကို သုံးထားတဲ့အတွက်လည်း လိုရာခရီးကို သွက်လက်မြန်ဆန်စွာ ပြောင်းရွှေ့ကြည့်ရှု ခွင့်ရတယ်။ ဒါ့အပြင် HTC Zoe Camera app ရဲ့ ပံ့ပိုးချက်တွေကြောင့် Blinkfeed ကို ပိုပြီးအမွှန်းတင်ခွင့် ရသွားစေတယ်။ 3G/4G ဆက်သွယ်ရေးစနစ်နဲ့ Wifi စနစ်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်စေတဲ့အတွက် Blinkfeed ရဲ့ နောက်ကွယ်က အကြောင်းအရာ တွေက စိတ်ဝင်စားစရာ ကောင်းလှပါတယ်။










နောက်ဆုံး HTC One မှာ Blinkfeed ကို အသုံးပြုပေးလိုတဲ့အခါ သမားရိုးကျမူလ Android Home Screen နဲ့တင်ထားပြီး အသုံးချလို့ ရနိုင်တဲ့ Option လည်း ပေးထားတာကိုတောင် တွေ့နိုင်ပါတယ်။ HTC One က ပွဲဦးထွက် မိတ် ဆက်ရင်း တွဲထည့်ပေးလိုက်တဲ့ Blinkfeed ကြောင့် အသုံးပြုသူတွေအကြားမှာရော ထုတ်လုပ်သူတွေ လောကမှာပါ လှုပ်လှုပ်ရွရွဖြစ်သွားရကြောင်း တစေ့တစောင်း တင်ပြပေးလိုက်ရပါတယ်။



# ထိုင်းတက်ဘလက်ကိုမှ ကြိုက်တယ်ဆိုသူတွေအတွက်

# Sonore Tab 705

တစ်ချိန်က ပြည်တွင်းဈေးကွက်ကို စိုးမိုးခဲ့တဲ့ ထိုင်းပစ္စည်းတွေဟာ အခုဆိုရင် ပြည်တွင်း ဈေးကွက်နဲ့ အလှမ်းဝေးနေခဲ့တာ အတော်ကိုကြာပါ ပြီ။ တကျော့ပြန် ဝင်လာတယ်လို့ပဲ ဆိုရမှာပါ။ အိုင်တီပစ္စည်းတွေ တစ်ခေတ်ပြန်ထလာချိန်မှာတော့ ထိုင်းထုတ်ကုန်တွေကို ဆိုင်တွေပေါ် မှာ တော်တော်များများပြန်တွေ့လာရပါတယ်။အဝတ်အစားနဲ့ လူအသုံးအဆောင်တွေမှာ ထိုင်းပစ္စည်းတွေဟာ ရောင်းတန်းဝင် ပစ္စည်းတွေဖြစ်ခဲ့ပြီး အိုင်တီပစ္စည်းတွေကိုလည်း အခုနောက်ပိုင်းမှာ ထပ်မံတင်ပို့လျက်ရှိပါတယ်။ အရင်ကတော့ ဈေးကွက်ထဲမှာ ထိုင်းပစ္စည်းဆိုရင်ကို အလိုလို ဈေးကြီးနေတတ်တာကို တွေ့ရ ပေမယ့် အိုင်တီပစ္စည်း တွေအနေနဲ့ကတော့ ဈေးသက်သာနေတာကိုလည်း တွေ့ရပါတယ်။ အခု ပြည်တွင်းကိုဝင်လာတဲ့ မော်ဒယ်သစ်ထိုင်းတက်ဘလက်ကတော့ Sonore Tab 705 ဖြစ်ပါတယ်။ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းတဲ့ တက်ဘလက်တစ်လုံးဖြစ်တယ်လို့ လူပြောများနေတဲ့ တက်ဘလက်တစ်လုံးလည်း ဖြစ်ပါတယ်။ ဘာလို့ ဈေးသက်သာပြီးအရည်အသွေးကောင်းသလဲ ဆိုတာသူ့ရဲ့အသေးစိတ်လေ့လာကြည့်လိုက်ရအောင်။





### CPU

CPU ရဲ့ အမြန်နှုန်းဟာ 1.2 GHz အထိ အသုံးပြုနိုင်ပြီး All Winner ကုမ္ပဏီသစ်မှ ထုတ်လုပ်ပေးထားတာဖြစ်တဲ့အပြင် Cortex A8 အမျိုး အစား CPU တစ်လုံးဖြစ်ပါတယ်။ မြန်နှုန်းမြင့် CPU တစ်လုံးဖြစ်တာကြောင့် Application အမြင့်တွေကို ကောင်းကောင်းအသုံးပြုနိုင်ပါတယ်။

### RAM

RAM ပမာဏဟာ 512 MB အထိ ပါဝင်ပြီး APP အမြင့်တွေကို အမြန်ဆုံးနှုန်းထားနဲ့ မRunနိုင်ရင်တောင် အခြားပမာဏတူ တက်ဘလက်တွေထက်တော့ မနှေးတာတော့ အသေအချာပါပဲ။ DDR3 ဖြစ်တဲ့အတွက် နောက်ဆုံးပေါ် RAM အမျိုးအစားကိုအသုံးပြုထားတာပါ။

### Display

မျက်နှာပြင် အကျယ်အဝန်းဟာ တက်ဘလက် တစ်လုံးမှာ ရှိထိုက်တဲ့ ၇ လက်မအရွယ် တက်ဘလက်တစ်လုံး ဖြစ်ပါတယ်။ မျက်နှာပြင်ဟာ ပွတ်ဆွဲလိုက်တာနဲ့ အကောင်းစားတက်ဘလက်တစ်လုံးရဲ့ မျက်နှာပြင်မှန်း သိသာလောက်အောင် လျှင်မြန်ပြီး WVGA မျက်နှာပြင်အမျိုးအစားဖြစ်ပါတယ်။ Multi Touch ကို ထောက်ပံ့ပေးထားတာကြောင့် လက်နှစ်ချောင်းနဲ့ထောက်ပြီး အသုံးပြုနိုင်တဲ့ အပြင် Resolution ကို 840 x 480 အထိ ထောက်ပံ့ပေးထားပါတယ်။

### System (OS)

Google ရဲ့ Android 4.0 (ICS) ကို OS အဖြစ် အသုံးပြုပေးထားပါတယ်။ Android 4.0 (ICS) ရဲ့ အားသာချက်ကတော့ Built in Task Manager ပါဝင်တာကြောင့် OS ရဲ့ အမြန်နှုန်းကို လိုသလိုချိန်ညှိပြီးအသုံးပြုနိုင်ပါတယ်။OS ကောင်းမွန်မှုကြောင့် Application မရွေးပါဘူး။ ဘယ် Application မဆိုအသုံးပြုနိုင်တဲ့ OS တစ်ခုဖြစ်ပါတယ်။

### ကင်မရာနှင့်ဘက်ထရီ

ကင်မရာကတော့ Social VideoChat ပါ အသုံးပြုနိုင်အောင် အရှေ့ရောအနောက်မှာပါ ပါဝင်ပြီး အရှေ့ကင်မရာကတော့ 0.3MP အထိ အသုံးပြုထားပြီး အနောက်ကင်မရာကိုတော့ 2.0MP အထိ အသုံးပြုပေးထားပါတယ်။ ဘက်ထရီထောက်ပံ့မှုကတော့ 26,00 mAh ပမာဏအထိ အသုံးပြုပေးထားပြီး Li-polymer အမျိုးအစားကို အသုံးပြုပေးထားပါတယ်။ 26,00 mAh ပမာဏအထိ အသုံးပြုပေးထားတာကြောင့် အနည်းဆုံးတစ်ရက်ကို တစ်ခါလောက်သာ အားသွင်းဖို့ လိုပါလိမ့်မယ်။

### အခြားပါဝင်သောပစ္စည်းများ

သီချင်း၊ ဗီဒီယို၊ ဓာတ်ပုံနဲ့ Ebook စတဲ့ function တွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ပြီး ကြည်လင်သောအသံနဲ့ ပြတ်သားတဲ့ ရုပ် ထွက်တွေကိုပါ ရှုမြင်ခံစားနိုင်မှာပါ။ Micro SD Card ကို 32 GB အထိ ထပ်မံဖြည့်စွက် အသုံးပြုနိုင်ပြီး USB Port တစ်ခုကို ချိတ် ဆက်မှုပိုင်းအတွက် ဖြည့်စွက် ပေးထားပါတယ်။ Wifi ချိတ်ဆက်ဖို့အတွက် 802.11 b/g/n စနစ်တွေကို ထောက်ပံ့ပေးထားပါတယ်။ သူ့ရဲ့ Accessories အဖြစ် ပါဝင်မှာတွေကတော့ တိုက်ရိုက် အားသွင်းကြိုးတစ်ချောင်း၊ USB ကြိုးတစ်ချောင်း၊ နားကျပ်တစ်ခုနဲ့ အသုံးပြုသူအတွက် လမ်းညွှန်စာအုပ် တစ်အုပ်လည်း ပါဝင်ပါတယ်။

ဈေးနှုန်းကတော့ ၇၉,၉၀၀ ကျပ်ဖြစ်ပြီး ရောင်းချပေးမယ့် ဆိပ်ကမ်းသာလမ်းအောက်ဘလောက်ရှိ NEO Tech ဆိုင်မှလည်း Sonore Tab ဝယ်သူတိုင်းကို Smart Cover တစ်ခုကိုပါ မေတ္တာ လက်ဆောင်အဖြစ် ပေးသွားမှာပါ။ ဖုန်းနဲ့ ဆက်သွယ် စုံစမ်းချင်ရင်တော့ ၀၁-၃၉၈၀၁၉၉ ကို ဆက်သွယ် စုံစမ်းနိုင်ပါတယ်။

| Sonore Tab 705 | |
|---|---|
| Brand | Sonore |
| Model | TAB 705 |
| CPU | Allwinner A13 Cortex A8 1.2 Ghz |
| Display | WVGA 7" Capacitive multi-touch screen |
| Resolution | WVGA 800 x 480 resolution display |
| Memory | 512MB RAM DDR3, FlashDisk 4GB |
| [illegible] | Android 4.0 OS |
| [illegible] | WiFi 802.11 b/g/n |
| [illegible] | Front camera 0.3 Mega Pixel back camera 2.0 Mega Pixel |
| Video Playback : | MPEG1/2/4, H.264, H.263, VC-1, AVS, VP8 |
| Audio Format : | MP3, WMA, AAC, WAV, OGG, FLAC, APE |
| Picture Format : | BMP, JPG, PNG, GIF |
| E-Book Format : | Adobe Flash support |
| Battery : | Li-polymer 2,600 mAH |
| Slot : | T-Flash slots, 1 USB |
| [illegible] | AC-charger, USB Cable, Earphone, User manual TE |

MOSTPOPULAR



The new iPad

16GB (4G) - 609US$
32GB (4G) - 709US$
64GB (4G) - 809US$
Contact - 0973171212



iPad 4 (4G)

16GB (WiFi) - 659US$
32GB (WiFi) - 749US$
64GB (WiFi) - 839US$
Contact - 01 398436

Contact - 01 398430



MOMO

Display - 7.0" Capacitive Touch
CPU - 1GHz
Memory - 1GB
Storage - 8GB
OS - Android4.0.4
Camera - 0.3MP (Front)
Other - WiFi, Card Reader

Contact - 01 377373



ACER ICONIA

Display - 7.0" Capacitive Touch
CPU - Dual Core 1.2GHz
Memory - 512MB
Storage - 8GB
OS - Android4.1(Jelly Bean)
Camera - 0.3MP (Front)
Other - WiFi, Card Reader

# GALLERY ထဲက ဓာတ်ပုံတွေကိုဖျောက်ပြီး APP တွေကို LOCK လုပ်ကြည့်ရအောင်

သျှမ်းထက်

ဖုန်းတစ်လုံး အသုံးပြုတော့မယ်ဆိုရင် ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ကိုယ်ပိုင်ဒေတာတွေ ရှိကြစမြဲပါ။ အထူးသဖြင့်က တော့ ဓာတ်ပုံတွေပေါ့။ ဒါတွေကို Security ရှိရှိနဲ့ အသုံးပြုဖို့ လိုပါတယ်။ ဒီလို app တွေကို မသိလို့ အခက်တွေ့နေကြတဲ့သူတွေကလည်း အများကြီးပါ။ Application တွေကို lock လုပ်နိုင်ကလည်း အတော်ကိုအဆင်ပြေတဲ့ featured တစ်ခုပါပဲ။ ဥပမာပြောရရင် Facebook app တစ်ခုပဲ ထားပါတော့။ ကိုယ့်ဖုန်းကို တစ်ခြားတစ်ယောက်က လာသုံးမယ်ဆိုရင် ကိုယ့် Facebook Account ပါ ခိုးသွားနိုင်ပါတယ်။ Facebook လို Private application တွေကို Lock လုပ်ထားဖို့တော့ ဖုန်းပိုင်ရှင်က သိထားရမှာပါ။ ဒါကြောင့် ဖုန်းထဲက Application တွေ၊ ဓာတ်ပုံတွေကို ထိန်းသိမ်းဖို့ အတွက် Gallery & Apps Lack pro ကို အသုံးပြုလို့ရပါတယ်။ အလားတူ Application တွေရှိပေမယ့် ဒီ Application က ပိုပြီးသုံးရလွယ်ကူပါတယ်။ Feature တွေကတော့ Lock ချတဲ့နေရာမှာ Locker ကို Pattern နဲ့သော်လည်းကောင်း၊ Pin နံပါတ်နဲ့ သော်လည်းကောင်း အင်တာနက်ချိတ်ဆက်မှုရှိရင်တော့ အသံနဲ့ပါ Lock ချထားနိုင်ပါတယ်။ ဒါ့အပြင် Locker ကို နှစ်ဆင့်ထပ်ပြီးလည်း Lock လုပ်နိုင်ပါ တယ်။ Application ကိုတော့ Play store ပေါ် မှာ Gallery and App Lock Pro လို့ရိုက်ပြီး ရှာနိုင် ပါတယ်။ Play store ပေါ်က တိုက်ရိုက်လည်း install လုပ်နိုင်ပါတယ်။

**Application တွေကို Lock ချခြင်းနှင့် Gallery ထဲက ဓာတ်ပုံတွေကိုဖျောက်ခြင်း**

ပထမဦးဆုံး Application ဖွင့်လိုက်တာနဲ့ ပုံမှာပြထားတဲ့အတိုင်း Lock Mode ၃ ခုကို တွေ့ရပါမယ်။ ထားချင်တဲ့ Lock Mode ကို ရှာပါ။ အသံနဲ့ Lock ချတဲ့ Voice Access ကတော့ အင်တာနက်Connectionလိုပါတယ်။ ဥပမာ Pattern ကို ရွေးတယ်ပဲ ထားပါတော့။ Pattern ပုံစံကို နှစ်ခါဆွဲခိုင်းပါလိမ့်မယ်။ Pattern ဆွဲပြီးရင် Password Recovery ဆိုပြီး ထပ်ပေါ်လာပါလိမ့်မယ်။ Secret Question ဆိုတဲ့ နေရာမှာ ကြိုက်တဲ့စာလုံး ရိုက်နိုင်ပါတယ်။ Secret Answer မှာလည်း ကြိုက်













ရာကို နှိပ်နိုင်ပါတယ်။ Email ID ကတော့ @email.com ဆိုတဲ့ပုံစံမျိုး ထည့်ပေးရမှာပါ။ ပြီးသွားရင်တော့ Password ကို ဘယ်အချိန်တွေမှာ တစ်ခါပြန်ပေးမလဲဆိုတဲ့ Function တစ်ခုကို စီစဥ်ပေးရမယ့်နေရာရောက်ပါပြီ။ ၅ မိနစ် ၁၀ မိနစ် စသည်ဖြင့် ရွေးပေးလိုက်ပါ။ အဲဒီအကျိုးသက်ရောက်မှုကတော့ Lock ချထားတဲ့ App တစ်ခုကို ဝင်ပြီးတိုင်း ၅ မိနစ်တစ်ခါဖြစ်စေ ၁၀ မိနစ်တစ်ခါဖြစ်စေ ပိုင်ရှင်ဟုတ်မဟုတ် Password ကို ပြန်မေးပေးနေမှာပါ။ ပြီးရင်တော့ ကိုယ်ထားထားတဲ့ Lock ပုံစံကို ရွေးပေးပြီး ok လုပ်ပေးလိုက်ရုံပါပဲ။ ပြီးသွားရင်တော့ Gallery Hider ထဲဝင်ပြီး ဖျောက်ချင်တဲ့ ပုံတွေကို ဖျောက်နိုင်ပါတယ်။ App Locker ထဲဝင်ပြီး Lock ချချင်တဲ့ App ကို Lock ချနိုင်ပါတယ်။ ပြီးသွားရင်တော့ Activate ဆိုတဲ့နေရာကို နှိပ်လိုက်ပါ။ Deactivate လို့ပေါ်လာပြီး ဒါဆိုရင်တော့ Applocker သုံးလို့ရပါပြီ။

**Locker ကို နှစ်ဆင့်ပိတ်ထားခြင်း**

Activate နဲ့ Deactivate လုပ်တဲ့နေရာမှာ Advanced ဆိုတဲ့နေရာတစ်ခုကို နှိပ်လိုက်ပါ။ အဲဒီလိုဝင်လိုက်ရင် အမှန်ခြစ်ပေးလို့ရတဲ့ Setting လေးခုကို တွေ့ရပါလိမ့်မယ်။ Double door Protection ဆိုတဲ့နေရာကို အမှန်ခြစ်ပေးလိုက်ပါ။ အမှန်ခြစ်ပေးလိုက်ရင် Lock Mode ကို ပြန်ရောက်လာပြီး Locker ပုံစံပြန်ရွေးခိုင်းမှာပါ။ ပေးထားပြီးသား Locker ရဲ့ဘေးမှာ အစိမ်းရောင် လေးလင်းနေပြီး မီးလင်းနေတဲ့ Locker ကို Click ပေးလိုက်ပါ။ အဲဒါကိုတော့ Locker နှစ်ဆင့်ဖြစ်ပြီး ဖုန်းရဲ့ Security ကို ပိုပြီးအဆင့်မြှင့်သလို ဖြစ်သွားပါတယ်။










# MOBILE Q&A

**Q. Android ဖုန်းပါ။ ဖုန်းပြောပြီး ဖုန်းချလိုက်ရင် ပါဝါပိတ်ပိတ် သွားတယ်။ ဘယ်လိုလုပ်ရမလဲ။**

A. ဖုန်းထဲက Call Log ကို အကုန်ဖျက်ပေးလိုက်ပါ။ အဲဒါဆို ပြန်မပိတ်တော့ပါဘူး။

**Q. အခုထွက်တဲ့ ၁၅၀၀ဆင်းကတ်က ဖုန်းပျောက်ရင်ဘယ်လောက်နဲ့ ပြန်လျှောက်ရပါသလဲ။**

A. အခုထွက်တဲ့ ၁၅၀၀ဆင်းကတ်က ဖုန်းပျောက်ရင် ပြန်လျှောက်ခ ၂သောင်းနဲ့ ပြန်လျှောက် ရပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေမှာ အတိအလင်း ကြေငြာပေး ထားပါတယ်။

**Q. ၁၅၀၀ဆင်းကတ်က အင်တာနက်လျှောက်လို့ ရပါသလား။**

A. ၁၅၀၀ဆင်းကတ်က အင်တာနက်လျှောက်လို့ ရပါတယ်။ အရင် ၂သိန်းတန်နဲ့ ၅သိန်းတန် ဖုန်းတွေလိုပဲ လျှောက်ရမှာပါ။ အင်တာနက်လျှောက်ခကတော့ ၁သောင်းပါ။ ၁မိနစ် လေးကျပ်နှုန်းနဲ့ဘီလ်ကောက်ခံမှာပါ။

**Q. ဟန်းဆက်ဝယ်ရင်ဆိုင်တွေမှာ Dual Simဆိုပြီးပြောရောင်းပါတယ်။ အဲဒါ ဘာကိုခေါ်တာလဲ။ CDMA 800Mhz သုံးလို့ရပါသလား။**

A. တချို့ဖုန်းတွေကတော့ CDMA 800 ရော GSM ပါသုံးလို့ရပါတယ်။ တချို့ဖုန်း တွေကတော့GSMနဲ့ WCDMA ပဲရပါတယ်။ သေချာမေးဝယ်ဖို့ လိုပါတယ်။

**Q. Google Play မှာ Viber ကိုရှာတာမတွေ့ဘူး။ ဘာဖြစ်လို့လဲ။**

A. Google Play က မြန်မာနိုင်ငံအတွက်တစ်ခုသက်သက်ဖွင့်ပေးထားတာပါ။ တခြားနိုင်ငံတွေရဲ့ App Store နဲ့မတူပါဘူး။ မြန်မာနိုင်ငံအတွက်သီးသန့်ဖွင့်ပေးထားတာဖြစ်လို့ ပိုက်ဆံနဲ့ဝယ်သုံးလို့ရတဲ့App တွေတော့မရှိပါဘူး။

Digital life
မိုဘိုင်းလ်နှင့်ပတ်သက်သော မေးခွန်းများ ပေးပို့လိုပါက ဂျာနယ်တိုက်သို့ ပေးပို့နိုင်ပါသည်။
A(4), First Floor (right), Chan Myae Market Steet
Botahtaung Township, Yangon.
☎ 09-43032878 / 09-73186027
digital.life.journal@gmail.com

# HOW TO

## iPhone အတွက် စိတ်ကြိုက် ringtone ဖန်တီးရအောင်

မင်းညီညီချမ်း



Multimedia စွမ်းဆောင်ချက်တွေမှာ ပြိုင်ဖက်ကင်းလောက်အောင် စွမ်းဆောင်ပြထားနိုင်လို့ လူကြိုက်များနေတဲ့ iPhone ကိုင်ဆောင်သူများဟာလည်း သီချင်းကြိုက်သူများဖြစ်နေလေ့ရှိပါတယ်။ အဲဒီလိုပဲ iPhone နဲ့ တွဲဖက်ရတဲ့ iTunes ဆော့ဖ်ဝဲလ်ဟာလည်း ဂီတရသခံစားမှုမှာ ပြီးပြည့်စုံ တဲ့ ဆော့ဖ်ဝဲလ်တစ်ခုပါပဲ။ ဒါပေမဲ့ iPhone မှာ Apple ရဲ့ကန့်သတ်ချက်အချို့ကြောင့် ဖုန်းထဲက သီချင်းတွေကို ringtone အဖြစ်ထားလို့မရတဲ့ စိတ်အနှောင့် အယှက်ဖြစ်စရာ တစ်ခုရှိနေပါတယ်။ ဒါကို iTunes သုံးပြီး ဘယ်လိုကျော်လွှားနိုင်မယ်ဆိုတာ လက်တွေ့လိုက်ပါရအေ။ iPhone အတွက် ringtone ဖြတ်ယူရာမှာ iTools လိုမျိုး Third-party ဆော့ဖ်ဝဲလ်နဲ့လည်း ရနိုင်ပေမယ့် တရားဝင်အထောက်အပံ့ပေးထားတဲ့ iTunes နဲ့ဖြတ်ယူရင် ပိုမိုစိတ်ချရတာမို့ ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ringtone ဖြတ်ယူထည့်သွင်းရာမှာ Android ဖုန်းတွေက ပိုအဆင်ပြေတာတော့ အမှန်ပါပဲ။

## သီချင်းတွေကိုစီဒီထဲကနေယူကြမယ်



Ringtone လုပ်မယ်ဆိုမှတော့ သီချင်း တစ်ပုဒ်တော့လိုနေပြီပေါ့။ iTunes သုံးပြီး PC ပေါ် ကနေတစ်ဆင့် သီချင်းနားထောင်နေကျလူကတော့ playlist ဆောက်ပြီးသား ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အခုမှစသုံးမယ့်သူတွေကတော့ iTunes ထဲ သီချင်း အရင်ထည့်ပေးဖို့ လိုပါလိမ့်မယ်။ ဒီလိုလုပ်နိုင်ဖို့ ပထမဆုံး iTunes ကို အရင်ဖွင့်ပါမယ်။ ကွန်ပျူတာထဲမှာ MP3 ရှိပြီးသားဆိုရင် File Menu အောက်က Add File to Library (အတိုကောက် Ctrl+O)ကိုနှိပ်ပြီး ထည့်လို့ရပေမယ့် မရှိသေးရင် (ဒါမှမဟုတ်)သီချင်းစီဒီကို သုံးချင်ရင်တော့ iTunes ဖွင့်ထားလျက်က သီချင်းစီဒီကို ထည့်လိုက်ပါမယ်။ စီဒီထဲက သီချင်းတွေကို iTunes Music Library ထဲကို import လုပ်မလားလို့မေးတဲ့အခါ Yes ကို နှိပ်ပေးလိုက်ရုံပါပဲ။ ဒါပေမဲ့ Audio CD တို့ရဲ့ ထုံးစံအတိုင်း Track 1၊ Track 2 စသည်ဖြင့် နာမည်တပ်ပေးပါလိမ့်မယ်။ iTunes ထည့်ထားတဲ့ ကွန်ပျူတာမှာ အင်တာနက်ချိတ်ဆက်မှုရှိတယ်ဆိုရင်တော့ စီဒီထဲက အချက်အလက်ကိုဖတ်ကာ အွန်လိုင်းပေါ်ကနေ Cover Artတွေ၊ သီချင်း နာမည်တွေကို download ဆွဲယူပြသနိုင်တာကို အံ့အားသင့်ဖွယ် တွေ့မြင်ရပါလိမ့်မယ်။

## Garage Band သုံးတဲ့ Mac သမားတွေအတွက်



Mac မျိုးကွဲတွေဖြစ်တဲ့ Mac Pro၊ Mac Mini၊ Mac book တို့ ကိုင်ခွင့်ရထားသူတွေကတော့ ကံကောင်းပါတယ်။ Ringtone အတွက်ပဲ ဖြစ်ဖြစ်၊ Text tone အတွက်ပဲဖြစ်ဖြစ် Mac တွေမှာ ပါတဲ့iLife' 11ထဲက Garage Band ဂီတတည်းဖြတ် ဆော့ဖ်ဝဲလ်ကတော့ အဆင်အပြေဆုံးပါပဲ။ Garage Band (4.1.1 အထက်) ကနေစပြီး iPhone Ringtone ဖြတ်တဲ့ Project ဆောက်ခွင့်ပါဝင် လာပါတယ်။ Garage Band New Project Dialog Box ကနေ iPhone Ringtone ကို ရွေးချယ် ကာစိတ်ကြိုက်ဖန်တီးခွင့်ပေးထားလို့ Timeline တွေနဲ့အတူ အသံမျိုးစုံပေါင်းစုကစားခွင့်ရစေမှာပါ။ ဒါ့အပြင် Garage Band ထဲက တူရိယာမျိုးစုံနဲ့ တွဲဖက်ကာ Software Loop တွေ၊ Vocal တွေ ပေါင်းထည့်ပြီး ကိုယ်ပိုင် Ringtone တောင်လုပ်လို့ ရပါသေးတယ်။ သီချင်းတွေကို စက္ကန့် ၄၀ စာအတွင်း တော့ထားရမှာဖြစ်ပြီး Loop လုပ်ထားဖို့လည်း မမေ့ပါနဲ့။ အဲဒါပြီးရင်တော့ Share Menu ကနေ Send Ringtone to iTunes ကိုရွေးလိုက်ရုံပါပဲ။ ပြီးရင် iTunes ကို ဖွင့်ကြည့်တဲ့အခါ Tones Library ထဲမှာ ခုနက ဖန်တီးထားတဲ့ Ringtone ကို တွေ့ ရပါလိမ့်မယ်။

## iTunes နဲ့ Ringtone ဖြတ်မယ်

iTunes Music Library ထဲကို သီချင်း ရောက်သွား ပြီဆိုရင် Ringtone ဖြတ်ရတာ တော်တော်လွယ်သွားဖို့ ရှိပါတယ်။ ဒါပေမဲ့ Ringtone အဖြစ် လိုချင်တဲ့သီချင်း အစအဆုံးကို ဘယ်နေရာကစတယ်၊ ဘယ်နေရာကဆုံး တယ်ဆိုတာကို အချိန်နဲ့ မှတ်ထားဖို့တော့ လိုပါလိမ့်မယ်။ ဒါ့အပြင် iTunes ရဲ့ File Menu အောက်က Preferences ထဲဝင်ပြီး General အောက်က Import Setting ကို ထပ်ဝင်လိုက်ပါ။ အဲဒီမှာ MP3 Encoder အစား AAC Encoder ကိုရွေးလိုက်ပါ။

ပြီးရင်တော့ iTunes Playlist ထဲက ကိုယ့် Ringtone ဖြတ်ချင်တဲ့သီချင်းကို Right-click နှိပ်၊ Get infoကိုရွေးကာ Option tab ထဲက Start Time နဲ့ Stop Time မှာ အပေါ်က မှတ်ခဲ့တဲ့ အချိန်တွေကို ရိုက်ထည့် လိုက်ပါ။ SMS အဝင်အတွက် ၅စက္ကန့်စာလောက် လျှာထားသင့်ပြီး ဖုန်းမြည်သံအတွက် ၃၀စက္ကန့်လောက် တော့ ထားသင့်ပါတယ်။ အဲ့ဒီနောက်မှာတော့



Create AAC Version ကိုရှာနှိပ်လိုက်ပါ။ သီချင်း ၂ပုဒ်ဖြစ်သွားတာကို တွေ့ရပါလိမ့်မယ်။ အောက်က သီချင်း ကမှ Ringtone ဖြစ်လို့ အဲဒီသီချင်းခေါင်းစဉ်ပေါ် Right-click နှိပ်၊ Show in Windows Explorer ကိုရွေးလိုက်ပါ။ ပေါ်လာတဲ့သီချင်းဖိုင်ရဲ့နောက်မြီး Extension ကို .m4a ကို .m4r အဖြစ် ပြောင်းလိုက် ပါ။ ပြီးရင်တော့ iTunes ထဲက Tones Library ထဲဆွဲချလိုက်ရုံပါပဲ။ ဒါပေမဲ့ မူလသီချင်းထဲက Start Time ကို 0 ပြန်ထားဖို့နဲ့ Stop Time ကို သီချင်း အဆုံးအထိ ပြန်ထားဖို့ မမေ့ပါနဲ့။ AAC Version ထုတ်ထားတဲ့သီချင်းကိုလည်း ဖျက်လိုက်လို့ ရပါပြီ။ ဒီလို Ringtone ဖြတ်တာက iTunes 11 နဲ့ဆို ပို အဆင်ပြေပါလိမ့်မယ်။

Ringtone ကို iPhone ထဲထည့်ဖို့ အရင်ဆုံး iPhone နဲ့ iTunes ချိတ်ထားဖို့လိုပြီး Tones tab ထဲဝင်ကာ Sync Tone လုပ်ဖို့လိုပါလိမ့်မယ်။ ဖြတ်ထားတဲ့ Ringtone ကို မမြင်ရရင် Add File to Library နဲ့ ဆွဲထည့်ပေးလိုက်ပါ။



# DIGITALPLAY

## Hushed

Min requirement - Android 4.0
File Size - 9.5 MB




Hushed

နိုင်ငံပေါင်း ၄၀ ကျော်မှာ ယာယီဖုန်း နံပါတ်တွေ ငှားရမ်း အသုံးပြုနိုင်တဲ့ app ဖြစ်ပါတယ်။ နိုင်ငံတကာကို လှည့်လည်သွားလာနေပြီး ရောက်တဲ့ နိုင်ငံတိုင်းမှာ ဖုန်းအသစ်မဝယ်ချင်သူတွေအတွက် အဆင်ပြေတဲ့အပြင် ယာယီအသုံးပြုဖို့ ဖုန်းနံပါတ် အပိုတစ်ခုလိုအပ်နေသူတွေအတွက်ပါ အဆင်ပြေပါတယ်။ နိုင်ငံအပေါ်မူတည်ပြီး ဖုန်းနံပါတ်တစ်ခုကို တစ်ပတ်စာအတွက် အနည်းဆုံး 1.99 ဒေါ်လာနဲ့ ငှားရမ်းနိုင်ပါတယ်။ အများဆုံး တစ်နှစ်စာငှားရမ်းနိုင် ပြီး 99.99 ဒေါ်လာ ကျသင့်ပါမယ်။ ငှားရမ်းရာမှာ ဖုန်းနံပါတ်အပြင် အချိန်အကန့်အသတ်နဲ့ အခမဲ့ ခေါ်ဆိုခွင့်၊ SMS ပေးပို့ခွင့်တွေ ပါဝင်ပါတယ်။ ငှားရမ်း ထားတဲ့နံပါတ်နဲ့ မူလနံပါတ်ကြားအချိန်မရွေးပြောင်းလဲအသုံးပြုနိုင်ပါတယ်။

## Life Kraze

Min requirement - Android 2.2
File Size - 15 MB




LifeKraze

နာမည်ကျော် ကုန်အမှတ်တံဆိပ်တွေကို ဝယ်ယူရာမှာ လျှော့ဈေးနဲ့ရနိုင်အောင် လုပ်ပေးတဲ့ app ဖြစ်ပါတယ်။ App က သတ်မှတ်ထားတဲ့ နေ့စဉ် လုပ်ငန်းတွေကို လုပ်ဆောင်ပြီး ကိုယ့်ရဲ့လုပ်ဆောင် ချက်တွေကို အခြား Life Kraze အဖွဲ့ဝင်တွေဆီ ပို့ပေးရမှာပါ။ ကိုယ့်ရဲ့လုပ်ဆောင်ချက်ကို အခြား အဖွဲ့ဝင်တွေက အမှတ်ပေးမှာဖြစ်ပြီး အမှတ်များများ ရရင် လျှော့ဈေးများများ ပိုရမှာပါ။ ကိုယ်ကလည်း အခြား အဖွဲ့ဝင်တွေရဲ့ လုပ်ဆောင်ချက်တွေကို အမှတ်ပေး နိုင်ပါတယ်။

## eBay

Min requirement - Android 2.1
File Size - 11.9 MB




eBay

Online ကနေ အရောင်းအဝယ်ပြုလုပ်နိုင်တဲ့ eBay website ရဲ့ app ဖြစ်ပြီး feature အသစ် တွေ ပါဝင် လာပါတယ်။ ပစ္စည်း list တွေ တစ်ခုထက်မက ပြုလုပ်ပြီး အသုံးပြုနိုင်ပါတယ်။ ကုန်ပစ္စည်းတွေအတွက် အမျိုးအစား ခွဲခြားမှုအသစ်တွေ၊ ပို့ဆောင်ရေး အစီအစဉ်သစ်တွေ ပါဝင်လာပါတယ်။ Auto Complete Check လည်း ပါဝင်လာပါတယ်။

## Mediafire



Min requirement - Android 2.2
File Size - 28.4 MB

အခမဲ့ရရှိနိုင်တဲ့ cloud storage ဝန်ဆောင် မှုဖြစ်ပြီး 50 GB အထိ ရရှိနိုင်ပါတယ်။ Document၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ မိုဘိုင်း app တွေ အပါအဝင် ဖိုင် အမျိုးအစားမျိုးစုံ သုံးနိုင်ပါတယ်။ ကိုယ့်ရဲ့ဖိုင်တွေကို password နဲ့ ကာကွယ်ထားနိုင်သလို စိတ်ကြိုက် ပြင်ဆင်တည်းဖြတ်နိုင်ပါတယ်။ Acc တစ်ခုထဲကို ကွန်ပျူတာ၊ ဖုန်းနဲ့ tablet မျိုးစုံကနေ ပြင်ဆင်အသုံး ပြုနိုင်ပါတယ်။

MediaFire

## Gogobot



Min requirement - Android 4.0
File Size - 7.7 MB

ခရီးသွားလမ်းညွှန် app ဖြစ်ပြီး ကမ္ဘာအနှံ့က နေရာဒေသပေါင်း ၆၀၀ ၀၀၀ ကျော် ပါဝင်ပါတယ်။ ခရီးစဉ်တစ်ခုစီအတွက် အခြားအဖွဲ့ဝင်တွေရဲ့ သုံးသပ်ချက်တွေ၊ လမ်းညွှန်ချက်တွေနဲ့ မြေပုံတွေ ပါဝင်ပါတယ်။ ဟိုတယ်နဲ့ စားသောက်ဆိုင်တွေရဲ့ လိပ်စာ၊ ဖုန်းနံပါတ်နဲ့ အခြားအသေးစိတ်အချက်အလက်တွေအပြင် ကြိုတင်အခန်းရယူတာ၊ မှာကြားတာတွေ ပြုလုပ်နိုင်ပါတယ်။

Gogobot

## Field Trip



Min requirement - Android 2.3
File Size - 2.4 MB

ခရီးသွားလမ်းညွှန် app ဖြစ်ပါတယ်။ ထင်ရှားတဲ့နေရာ ဒေသတစ်ခုကို ရောက်သွားရင် အဲဒီဒေသရဲ့ သတင်းအချက်အလက်တွေကို အလိုအလျောက် ဖော်ပြပေးမှာပါ။ သတင်းအချက်အလက်တွေကို ပုံနဲ့စာသားတွေအပြင် အသံထွက်ပြီး ပြောပြပေးမှာ ဖြစ်ပါတယ်။ စားသောက်ဆိုင်နဲ့ ဟိုတယ်တွေ အတွက် အကြံပြုချက်တွေကိုလည်း ဖော်ပြပေးမှာဖြစ်ပါတယ်။

Field Trip

## Last Message

Min requirement - Android 2.2
File Size - 1.2 MB




Last Message

ကိုယ့်ဖုန်းဘက်ထရီကုန်ခါနီး နောက်ဆုံး အချိန်မှာ contact list ထဲမှာရှိတဲ့ ဖုန်းတွေကိုဘက်ထရီကုန်ပြီးပိတ်သွားပြီဆိုတဲ့အကြောင်း Msg ပို့ပေး တဲ့ app ဖြစ်ပါတယ်။ ပို့ပေးရမယ့် ဖုန်းနံပါတ်တွေကို ရွေးချယ်ပေးနိုင်သလို ဖုန်းရဲ့ contacts books, Facebook နဲ့ Twitter ထဲက friend တွေကိုလည်း ပေးပို့နိုင်ပါတယ်။ ပေးပို့မယ့် Msg စာသားနဲ့ ဘက်ထရီ ဘယ်လောက်ပမာဏရောက်ရင် ပေးပို့မလဲဆိုတာကိုပါ သတ်မှတ်နိုင်ပါတယ်။

## You Send It

Min requirement - Android 2.2
File Size - 28.4 MB



YouSendIt

Online ကနေ အရွယ်ပမာဏကြီးမားတဲ့ ဖိုင်တွေပေးပို့နိုင်တဲ့ app ဖြစ်ပါတယ်။ အခမဲ့ရတဲ့ acc မှာ 50 MB အထိရှိတဲ့ file ကို ပေးပို့နိုင်ပြီး 2 GB storage ရရှိမှာပါ။ Online က ဆောင်ရွက်မယ့် စာချုပ်နဲ့ စာရွက်စာတမ်းတွေမှာသုံးဖို့ digital signature ၅ ခု ရရှိမှာပါ။ တစ်လကို 9.99 ဒေါ်လာ ကျသင့်တဲ့ Pro acc မှာဆိုရင် 2 GB အထိရှိတဲ့ ဖိုင်ကိုပေးပို့နိုင်ပြီး storage 5 GB နဲ့ digital signature ၁၀ ခု ရရှိမှာပါ။ Pro Plus acc မှာဆိုရင်တော့ storage နဲ့ signature ကို အကန့်အသတ်မရှိ ရရှိနိုင်ပြီး တစ်လကို 14.99 ဒေါ်လာ ကျသင့်ပါတယ်။

# TREND

# အာဖရိကပြည်သူတွေအတွက် မိုဘိုင်းလ်ဖုန်းက ဆောင်ကြဉ်းပေးခဲ့သော အပြောင်းအလဲများ

ကျော်ကျော်သက်








အာဖရိကလို့ ဆိုလိုက်ရင် ကမ္ဘာမှာ ဖွံ့ဖြိုးမှုနောက်အကျဆုံး ဒေသကြီးအဖြစ် အရင်ဆုံး မြင်မိကြမှာပါ။ အရွယ်အစားကြီးမားသလောက် နိုင်ငံတွေက များတဲ့အပြင် စစ်ပွဲတွေနဲ့ ပြဿနာ ပေါင်းစုံကြုံတွေ့နေရတဲ့ အာဖရိကအတွက် အဲဒီ အမြင်ဟာ မှန်နေဆဲဖြစ်ပါတယ်။ သဘာဝသယံဇာတပေါကြွယ်ဝပြီး လုပ်နိုင်ကိုင်နိုင်တဲ့ အရွယ်ကောင်း လူငယ်ဦးရေ များပြားတဲ့အတွက် ဖွံ့ဖြိုးနိုင်တဲ့ အခွင့်အလမ်းတွေရှိပေမယ့် ပြဿနာတွေကြားမှာပဲ လုံးပမ်းနေရဆဲဖြစ်ပါတယ်။ ယနေ့အခါမှာတော့ အာဖရိကမှာ ထူးခြားတဲ့ပြောင်းလဲမှုတစ်ခု တဖြည်းဖြည်းအရှိန်ရလာပြီ ဖြစ်ပါတယ်။ အဲဒါကတော့ မိုဘိုင်းလ်ဖုန်းတွေဖြစ်ပါတယ်။ အာဖရိကမှာမိုဘိုင်းလ်ဖုန်းအသုံးပြုမှု များလာတဲ့အကြောင်းအရာ

လူအများအတွက်ထိပ်တန်းဆွေးနွေးစရာ ခေါင်းစဉ်မဟုတ်ပေမယ့် အာဖရိကပြည်သူတွေရဲ့ လက်တွေ့ဘဝမှာ အကျိုးသက်ရောက်မှု ကြီးမားလှပါတယ်။အာဖရိကဟာအရင်လိုပဲကမ္ဘာ့ အများစုမှာ နောက်ကျကျန်ခဲ့ဆဲဖြစ်ပါတယ်။ နိုင်ငံအများစုရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ အခြေခံအဆောက်အအုံကဏ္ဍတွေဟာ အားနည်းလျှက်ရှိပြီး မိုဘိုင်းလ်ဆက်သွယ်ရေးဟာ ထူးထူးခြားခြား ဖွံ့ဖြိုးမှုရှိတဲ့ တစ်ခုတည်းသော ကဏ္ဍဖြစ်ပါတယ်။ လက်ရှိအာဖရိကမှာ မိုဘိုင်းလ်ဖုန်းသုံးသူအရေအတွက်ဟာ လျှပ်စစ်မီးရရှိသူအရေအတွက် သန့်ရှင်းတဲ့သောက်ရေရရှိသူအရေအတွက်၊ သန့်ရှင်းတဲ့အိမ်သာ အသုံးပြုသူအရေအတွက်ထက် ပိုများပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နိုင်ဂျီးရီးယားနိုင်ငံမှာ ဖုန်းလိုင်း ၁၀၀,၀၀၀ ခန့်သာရှိပြီး အားလုံးနီးပါးက အစိုးရက ဝန်ဆောင်မှုပေးထားတဲ့ ကြိုးဖုန်းတွေဖြစ်ပါတယ်။ ယနေ့မှာတော့ အသုံးပြုသူ သန်း ၁၀၀ ခန့်နဲ့ အာဖရိကရဲ့ အကြီးဆုံးမိုဘိုင်းလ်ဈေးကွက်အဖြစ် ရပ်တည်လျှက်ရှိပါတယ်။ အဲဒီကာလအတွင်းမှာပဲ ကင်ညာနိုင်ငံရဲ့ မိုဘိုင်းလ်ဖုန်းအသုံးပြုသူအရေအတွက်က အဆ ၅၀၀ လောက် တိုးလာခဲ့ပါတယ်။

အာဖရိကရဲ့ မိုဘိုင်းလ်ခေတ်ဦးမှာ အဓိကအရေးပါခဲ့တာက SMS ကို အသုံးပြုပြီး အရင်ထက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်ပါတယ်။ နောက်ပိုင်းမိုဘိုင်းလ်ထဲကနေ အင်တာနက်သုံးနိုင်ချိန်မှာတော့ အကျိုးသက်ရောက်မှုက ပိုများလာပါတယ်။ အာဖရိကမှာ ကွန်ပျူတာနဲ့ ဆက်စပ်ကဏ္ဍတွေ ဖွံ့ဖြိုးမှုနည်းတဲ့အတွက် အင်တာနက်သုံးသူအများစုက မိုဘိုင်းလ်ဖုန်းကနေ သုံးတဲ့သူတွေဖြစ်ပါတယ်။ အာဖရိကဟာ PC ခေတ်ကို ကျော်ပြီး မိုဘိုင်းလ်ခေတ်ကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ယနေ့အချိန်မှာအာဖရိကပြည်သူတွေအတွက် မိုဘိုင်းလ်ဖုန်းတွေက ဆောင် ကျဉ်းပေးခဲ့တဲ့ အပြောင်းအလဲတွေကို ကဏ္ဍအလိုက် ဖော်ပြပေးလိုက်ပါတယ်။

## စိုက်ပျိုးမွေးမြူရေး

အာဖရိကပြည်သူအများစုဟာ တောင်သူလယ်သမားတွေဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍဟာ လူအများစုရဲ့ ဘဝရပ်တည်မှုဖြစ်ပါတယ်။ လယ်သမားအများစုက ကျေးလက်ဒေသမှာ နေထိုင်ကြပြီး ဆင်းရဲတဲ့အပြင် ပညာလည်း မတတ်ကြပါဘူး။ ဒါကြောင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်တွေကို မသုံးနိုင်ဘဲ ထွက်ကုန်တွေက အရည်အသွေးနဲ့အရေအတွက် နှစ်မျိုးလုံးအားနည်းလေ့ရှိပါ တယ်။ ဈေးကွက်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လက်လှမ်းမမီတာကြောင့် ရောင်းချရာမှာ ဈေးနှိမ်ခံရတဲ့အပြင် ဈေးကွက်ကို ခန့်မှန်းပြီး အကျိုးရှိတဲ့ သီးနှံကို ရွေးချယ်တာမျိုးလည်း မလုပ်နိုင်ပါဘူး။ ဒီအချက်တွေဟာ အာဖရိကလယ်သမားတွေ အမြဲကြုံတွေ့ခဲ့ရတာ ဖြစ်ပေမယ့် မိုဘိုင်းလ်ဖုန်းတွေက တဖြည်းဖြည်း ပြောင်းလဲစေခဲ့ပြီဖြစ်ပါတယ်။ မိုဘိုင်းလ်ဖုန်းတွေကနေ ဈေးကွက်အချက်အလက်တွေကို အမြဲတမ်းသိနေရတဲ့အတွက် သီးနှံတွေ ရောင်းချရာမှာ အမြတ်ပိုမိုရလာပါတယ်။ ဒါ့အပြင် မြေဩဇာ၊ ပိုးသတ်ဆေးနဲ့ ခေတ်မီစိုက်ပျိုးနည်းစနစ်တွေအကြောင်း ပိုပြီးလွယ်လွယ်ကူကူ သိရှိလာတဲ့အတွက် ထုတ်ကုန်တွေရဲ့ အရေအတွက်နဲ့ အရည်အသွေးနှစ်မျိုးလုံး တိုးတက်လာစေပါတယ်။

## ကျန်းမာရေး

အာဖရိကနိုင်ငံအများစုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုက အားနည်းပါတယ်။ လူအများစုက ကျေးလက်မှာနေတဲ့အတွက် ကျန်းမာရေးဝန်ဆောင်မှုတွေနဲ့ အလှမ်းဝေးပါတယ်။ မိုဘိုင်းလ်ဖုန်းတွေက ကျေးလက်ပြည်သူတွေအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ များစွာအကျိုးပြုခဲ့ပါတယ်။ အထူးသဖြင့် အာဖရိကရဲ့ အဓိကပြဿနာတစ်ခုဖြစ်တဲ့ AIDS ရောဂါနဲ့ ပတ်သက်ပြီး ပညာပေးလုပ်ငန်းဆောင်ရွက်ရာမှာ အခြေခံ အဆောက်အအုံနဲ့ ယဉ်ကျေးမှုအရ ပုံမှန်နည်းလမ်းတွေ သုံးတာထက် မိုဘိုင်းလ်ဖုန်းကနေ ဆောင်ရွက်တာက များစွာထိရောက်မှု ရှိပါတယ်။ အာဖရိကရဲ့ နောက်ထပ်အဓိက ကျန်းမာရေးပြဿနာက ဆေးဝါးအတုပြဿနာပါ။ အာဖရိကဈေးကွက်မှာ ရှိတဲ့ ဆေးဝါးတွေရဲ့ ၃၀ ရာခိုင်နှုန်းက အတုတွေ ဖြစ်ပြီး အဲဒီဆေးတွေကြောင့် နှစ်စဉ်လူများစွာသေဆုံးနေပါတယ်။ ဂါနာနိုင်ငံကဆရာဝန်တစ်ဦး က SMS စနစ်သုံးပြီး ဆေးအတုအစစ်စစ်ဆေးတဲ့ စနစ်တစ်ခု ဖန်တီးခဲ့ပါတယ်။ ဝယ်ယူသူက ဆေးဘူးမှာပါတဲ့ ကုတ်နံပါတ်ကို SMS နဲ့ပို့ပေးရင် အစစ်ဟုတ်မဟုတ် စစ်ဆေးပေးတဲ့စနစ် ဖြစ်ပြီး အခြားအာဖရိကနိုင်ငံတွေမှာပါ အသုံးပြုနေပြီဖြစ်ပါတယ်။

## ငွေကြေးနှင့်ဘဏ်လုပ်ငန်း

အာဖရိကပြည်သူအများစုအတွက် ဘဏ်စနစ်ဆိုတာ မသက်ဆိုင်တဲ့ အရာတစ်ခုပါ။ ဒါပေမဲ့ မိုဘိုင်းလ်ဖုန်းတွေက အာဖရိကပြည်သူတွေကို ဘဏ်စနစ်နဲ့ ရင်းနှီးစေပြီး နေ့စဉ်ငွေကြေးသုံးစွဲမှုကို ပိုမိုလွယ်ကူစေပါတယ်။ ကျေးလက်မှာနေထိုင်တဲ့ သာမန်အာဖရိကပြည်သူတွေ အလွယ်တကူသုံးနိုင်အောင် ဖန်တီးထားတဲ့ မိုဘိုင်းလ်ငွေပေးချေမှုစနစ်ကြောင့် ဈေးဝယ်တာ၊ ငွေကြေးလွှဲပြောင်းပေးပို့တာတွေမှာ သိသိသာသာ တိုးတက်လာပါတယ်။ ယနေ့အချိန်မှာ အာဖရိကပြည်သူအများစုက မိုဘိုင်းလ်ငွေပေးချေမှုစနစ်ကို သုံးနေပြီဖြစ်ပါတယ်။

## ဖျော်ဖြေရေး

ဖျော်ဖြေရေးနယ်ပယ်ဟာလည်း မိုဘိုင်းလ် ဖုန်းတွေကြောင့် ကြီးကြီးမားမား ပြောင်းလဲခဲ့ပါတယ်။ ရုပ်ရှင်နဲ့တီဗီအစီအစဉ်လို ပုံမှန်ဖျော်ဖြေရေးတွေအတွက် မိုဘိုင်းလ်ဖုန်းက ကြော်ငြာတာ ကျယ်ပြန့်လာသလို မိုဘိုင်းလ်ဖုန်းအတွက် ရည်ရွယ်တဲ့ ဖျော်ဖြေရေးကဏ္ဍသစ်တွေလည်း ပေါ်ပေါက်လာပါတယ်။ အာဖရိကမှာ ကြီးကြီးမားမားအောင်မြင်တဲ့ မိုဘိုင်းလ်ဖျော်ဖြေရေးက Online ရေဒီယိုဖြစ်ပါတယ်။ ဒါ့အပြင်Onlineကနေပန်းချီ၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ ဂီတတွေ ရောင်းချတာလည်း ကျယ်ပြန့်လာပါတယ်။

## နိုင်ငံရေးလှုပ်ရှားမှု

၂၀၁၁ ခုနှစ်က အာဖရိကမြောက်ပိုင်းနိုင်ငံအများစုမှာ အစိုးရအပြောင်းအလဲဖြစ်စေခဲ့တဲ့ လူထုအုံကြွမှုတွေမှာ မိုဘိုင်းလ်ဖုန်းတွေက အရေးပါတဲ့ အခန်းက ပါဝင်ခဲ့ပါတယ်။ အဖြစ်အပျက်တွေကို အချိန်နဲ့တစ်ပြေးညီ လူအများစုဆီကို ဖြန့်ဝေနိုင်တဲ့အတွက် လှုပ်ရှားမှုတွေရဲ့ အကျိုးသက်ရောက်မှုကို ပိုမိုအားကောင်းစေခဲ့ပါတယ်။ ယခင်က ဘယ်သူမှမသိဘဲ ပျောက်ကွယ်သွားမယ့်ကိစ္စတွေဟာ မိုဘိုင်းလ်ဖုန်းတွေကြောင့် လူများစုဆီ ပျံ့နှံ့သွားပြီး အလေးထားစရာ ဖြစ်လာခဲ့ပါတယ်။ လူထုလှုပ်ရှားမှုတွေအပြင် ရွေးကောက်ပွဲတွေနဲ့ အစိုးရဌာနတွေရဲ့ လုပ်ငန်းတွေမှာလည်း မိုဘိုင်းလ်ဖုန်းတွေက အကျိုးသက်ရောက်မှုရှိပါတယ်။ သတင်းအချက်အလက်တွေ မြန်မြန်ဆန်ဆန် ဖြန့်ဖြူးနိုင်တဲ့အတွက် လုပ်ငန်းပိုင်း ပိုမိုထိရောက်မှုရှိတဲ့အပြင် ပိုပြီးပွင့်လင်းမြင်သာမှုရှိအောင် အထောက်အကူပြုပါတယ်။

အာဖရိကဟာ ယနေ့အထိ ပြဿနာမျိုးစုံကြုံတွေ့နေရဆဲဖြစ်ပါတယ်။ စစ်ပွဲတွေကြောင့် နေရပ်က စွန့်ခွာလာတဲ့ ဒုက္ခသည်တွေလည်း အများအပြားရှိပါတယ်။ ဒုက္ခသည်စခန်းတွေ စီမံအုပ်ချုပ်ရာမှာလည်း မိုဘိုင်းလ်ဖုန်းတွေက အရေးပါပါတယ်။ အဓိကအားဖြင့ ဒုက္ခသည်စာရင်းကောက်ယူရာမှာနဲ့ သတင်းအချက်အလက် ဖြန့်ဝေရာမှာ မိုဘိုင်းလ်ဖုန်းက အသုံးဝင်ပါတယ်။ အရေးပေါ် အခြေအနေပေါ် ပေါက်လာရင် အလျင်အမြန်ဆက်သွယ်နိုင်တဲ့အတွက် လိုအပ်တဲ့လုပ်ငန်းတွေကို ပိုပြီးထိထိရောက်ရောက်ဆောင်ရွက်နိုင်စေပါတယ်။

အသုံးဝင်သုံး ရှုမှု ကွန်ရက် အသွင်အပြင်

# FACEBOOK Home

နေ့စဉ်နဲ့အမျှ ခေတ်လူငယ်တွေရဲ့ လုပ်ငန်းဆောင်တာတွေထဲမှာ နိစ္စဓူဝ မပါမဖြစ်ပါနေတာ ကတော့ Facebook ကြည့်ခြင်းဆိုတာပါပဲ။ မေးစရာရှိလာတာကလည်း Facebook ကို Mobile ပေါ်ကပဲ ဖြစ်ဖြစ် PC ပေါ်ကပဲဖြစ်ဖြစ် ကြည့်တဲ့အခါမှာ အခက်အခဲတွေကတော့ အနည်းနဲ့အများရှိတတ်ပါ တယ်။ ဒီလိုအခက်အခဲတွေကကင်းဝေးပြီး ချောချောမွေ့မွေ့ Facebook ကို ဘယ်လိုအသုံးချလို့ရ မလဲဆိုတဲ့ မေးခွန်းပါပဲ။ ဒါတွေကိုဖြေရှင်းဖို့အတွက် Facebook က သူ့ရဲ့ကိုယ်ပိုင်အသွင်အပြင်တွေနဲ့ Android ပရိသတ်အတွက် Facebook Home ဆိုတဲ့ Launcher တစ်ခုကို ပြီးခဲ့တဲ့ ဧပြီလ ၁၂ ရက်နေ့က HTC ရဲ့ ဖုန်းအသစ်ဖြစ်တဲ့ First နဲ့အတူ မိတ်ဆက် ပြသခဲ့ပါတယ်။




Facebook ဟာ သူ့ရဲ့ ကိုယ်ပိုင် Android အသွင်အပြင်ပြုလုပ်ရခြင်းကတော့ အသုံးပြုသူရဲ့ ဖုန်းစနစ်တစ်ခုလုံးကို Facebook ရဲ့ New Feeds တွေ လုပ်ဆောင်ချက်တွေနဲ့ ပြည့်နှက်နေအောင်ပြုလုပ်ပေးချင်တဲ့ ရည်ရွယ်ချက်ကြောင့် Facebook Home ကို ထုတ်လုပ်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

Facebook ရဲ့ အသွင်အပြင်ဟာ တစ်ခြား Android အသွင်အပြင်တွေထက် တမူထူးခြားပြီး Facebook Social Network ကို အဓိကအားပြုထားတဲ့ အသွင်အပြင်တစ်ခုဖြစ်ပါတယ်။ Facebook Social Network ကို အသုံးပြုသူတွေအတွက် ထုတ်လုပ်ထားတာကြောင့် Facebook Home ကို အသုံးပြုထားတဲ့ဖုန်းဟာ အမြဲတစေအင်တာနက်နဲ့ချိတ်ထားနိုင်မှ Facebook က နောက်ဆုံးရအချက်အလက်တွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် Facebook Home မှာ ဘယ်လို Feature တွေ ပါဝင်လာမလဲဆိုတာ လေ့လာကြည့်ရအောင်။

Android ရဲ့ Notification လုပ်ဆောင်ချက်တွေဖြစ်တဲ့ Call Log, Message နဲ့ Application Notification တွေအပြင် အသုံးပြုသူရဲ့ Facebook အကောင့်ထဲက New Feeds, Friend activities တွေကိုပါ အချိန်နဲ့တပြေးညီ Cover Feeds ဆိုတဲ့ Facebook Home ရဲ့ Feature တစ်ခုက ဖော်ပြပေးနေမှာပါ။ ဒီလိုတစ်စုတစ်စည်းတည်း ဖော်ပြထားတဲ့ မျက်နှာပြင်ပေါ်က Notification တွေကို မျက်နှာပြင်ပေါ်မှ နှစ်သက်ရာ Notification ကိုနှိပ်ပြီး ချက်ခြင်းတုံ့ပြန်မှုတွေပြုလုပ်နိုင်မှာပါ။ အကယ်၍ Live ပြပေးနေတဲ့ Notification တွေကို မမြင်ချင်တော့ဘူးဆိုရင်လည်း Notification တွေကို ဖုန်းရဲ့ မျက်နှာပြင်ပေါ်ကတစ်ဆင့် ပွတ်ဆွဲပြီးဖယ်ရှားပစ်နိုင်ပါတယ်။ Drag and Drop လုပ်လို့ရတဲ့ Touch Button တစ်ခုလည်း Home Screen မှာပါဝင်ပြီး အဲဒီ Button ကတော့ ဖုန်းအသုံးပြုသူရဲ့ Facebook အကောင့်ပုံကို အဝိုင်းပုံသဏ္ဍာန်နဲ့ ထားရှိပေးထားပါတယ်။ Drag and Drop Button ဟာ Application Screen, Recent App နဲ့ Back Button တွေကို Drag and Drop စနစ်နဲ့ အသုံးပြုနိုင်မှာပါ။

Facebook Home ရဲ့ အားသာချက်တစ်ခုကတော့ ဘယ် Android Launcher တွေမှာမှ မပေးတဲ့ဝိမ်းဖြစ်စေ၊ Application တစ်ခုခုဖြစ်စေ သုံးနေရင်း Facebook ပေါ်မှ သူငယ်ချင်းတစ်ယောက် ယောက်က စကားပြောလိုက်တာနဲ့ သုံးလက်စ Application ကို ပိတ်စရာမလိုဘဲ အဲဒီ Application ပေါ်ကနေ တစ်ဆင့် Chatting ပြန်လုပ်နိုင်မယ့် Featured လည်း ပါဝင်ပါတယ်။





HTC First မှာမဟုတ်ပဲ အခြား Android စနစ်သုံးဖုန်းတွေမှာလဲ Facebook Home ကို Launcher Theme တစ်ခုအနေနဲ့ အသုံးပြုမယ်ဆိုရင် လည်း ဖုန်းထဲမှာရှိတဲ့ Application တွေကို မထိခိုက်ပဲအသုံးပြုနိုင်မယ့်အပြင် ကြိုက်နှစ်သက်ရာ Application တွေကို Facebook Home ရဲ့ Favourite Lists ကိုပါ ထည့်သွင်းပြီး အသုံးပြုနိုင်ပါတယ်။

Facebook Home Launcher ကို Android 4.0 နဲ့အထက်ရှိတဲ့ ဘယ်ဖုန်းမှာမဆို အသုံး ပြုနိုင်ပြီး Support မလုပ်တဲ့ ဖုန်းတွေမှာလည်း အနည်းငယ်ပြင်ဆင်ပြီး အသုံးပြုနိုင်တာကိုတွေ့ရပါ တယ်။ အခြား Android ဖုန်းတွေမှာသုံးမယ်ဆိုရင် တော့ Application သုံးခုလိုအပ်ပါတယ်။ Facebook app, Facebook Messenger app နဲ့ Facebook Home app တို့ဖြစ်ပါတယ်။ ဒီ Application သုံးခုရှိ ရင်တော့ Facebook Home app ကို run ပြီး Facebook Home Launcher ကို ချောချော မွေ့မွေ့ အသုံးပြုနိုင်ပါတယ်။ အထူးသဖြင့် Facebook က အာမခံ ပေးထားတဲ့ ဖုန်းတွေကတော့ Galaxy S3, S4, Note, Note 2 နဲ့ the HTC One X, One X+ တို့မှာ ဘယ်လိုပြင်ဆင်မှုမျိုးမှမလိုပဲ အသုံးပြု နိုင်ပါတယ်။ အခြား Huawei ဖုန်းတွေမှာ Android တို့ရဲ့ ထုံးစံအတိုင်း ပြင်ဆင်မှုတွေပြုလုပ်မှသာ အသုံးပြုနိုင်မှာ ပါ။ ဒါကြောင့် Facebook Home UI ဟာ လူမှုကွန် ရက်အတွက် အကောင်းဆုံး UI တစ်ခုအဖြစ်နဲ့ရော လူသုံးအများဆုံး UI တစ်ခုအဖြစ်နဲ့ပါ ရပ်တည်သွား နိုင်တယ်လို့ နည်းပညာရပ်ဝန်းက ပညာရှင်တွေက သုံးသပ်ကြပါတယ်။



# HTC First



ဧပြီလထဲမှာပဲ ထွက်ရှိခဲ့တဲ့ သဘောကျနှစ်ခြိုက်စရာ စမတ်ဖုန်းတစ်လုံးကို ညွှန်းဆိုပြရမယ်ဆိုရင် ဒါဟာ HTC First ကလွဲလို့ တစ်ခြားဟာ ဖြစ်နိုင်စရာ မရှိတော့ပါဘူး။ စွမ်းဆောင်ရည်မြင့်ရင် ဈေးနှုန်းမြင့်တယ်ဆိုတဲ့ အယူအဆတစ်ခုကို ၉၉ ဒေါ်လာဆိုတဲ့ ဈေးနှုန်းနဲ့ ချိုးဖျက်လာတဲ့ အဆင့်မြင့်ဖုန်းတစ်လုံးလို့လည်း ဆိုနိုင်မှာပါ။

HTC First နဲ့ ပတ်သက်လို့ လူသိများနေတဲ့ အခြားနာမည်က Facebook Phone ဆိုတာပါပဲ။ ဒီလိုခေါ်ဆိုနိုင်အောင်လည်း First မှာ Facebook Home UI ကို အသုံးပြုထားပါတယ်။

Android OSv 4.1 (Jelly Bean) ကိုတင် run ထားတဲ့ First ဟာ internal calculation အပိုင်းမှာတော့ လက်ခံနိုင်လောက်တဲ့ မြန်ဆန်မှုကို ပိုင်ဆိုင်ထားတယ်လို့ ဆိုရမှာပါ။ Chipset က Qualcomn MSM8930 Snapdragon 400၊ CPU က Dual-Core 1.4 GHz Krait၊ GPU က Adreno 305၊ Memory 1 GB RAM အစရှိတဲ့ spees တွေကလည်း ဒီလိုသွက်လက်တဲ့ မြန်ဆန်မှုမျိုးရရှိနိုင်အောင် လုပ်ဆောင်ပေးနိုင်တဲ့ အခြေအနေမှာ ရှိနေပါတယ်။

ဒါ့အပြင် First ဟာ ရုပ်ထွက်အပိုင်းမှာလည်း မညံ့ဘူးဆိုတဲ့ အခြေအနေမှာ ရှိပါတယ်။ သူ့အရင် ထွက်ခဲ့ဖူးတဲ့ 458ppi၊ HTC One နဲ့ ထိပ်တိုက်မယှဉ်သာပေမယ့်လည်း 1280 x 720 display (342 ppi) ရှိတဲ့ ရုပ်ထွက်စွမ်းရည်က First ဟာ လက်ခံနိုင်လောက်တဲ့ ရုပ်ထွက်ကြည်လင်မှု ပိုင်ဆိုင်ထားတယ်ဆိုတာကို သက်သေပြပေးပါလိမ့်မယ်။ ဒါက ရှုချင်စဖွယ်၊ နှစ်လိုဖွယ်ကောင်းတဲ့ ဓာတ်ပုံတွေ မိမိဖုန်းထဲမှာ ရှိနေပါလားဆိုတဲ့ အသိကိုလည်း တိုးပွားနေစေပါလိမ့်မယ်။

First နဲ့ပတ်သက်လို့ Android ပိုင်းဆိုင်ရာ ထူးခြားချက်တစ်ခုက Stock Android (Pure Android) စစ်နိုင်သမျှ စစ်အောင် အသုံးပြုထားတယ်ဆိုတာပါပဲ။ ဒီလိုဖြစ်အောင်လည်း First ပေါ်မှာ Third- Party ဆန်ဆန် app တွေဆိုလို့ အထက်က ဆိုခဲ့သလို Facebook Home UI နဲ့ AT & T Carrier ၏ ကုမ္ပဏီရဲ့ Visual Voicemail နဲ့ Wi-fi ၊ app တို့ကိုသာ အသုံးပြုထားပါတယ်။ Facebook Phone လို့ခေါ်ဆိုနိုင်မယ့် အသုံးဝင် Facebook Home Feature တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ Chat Heads ဆိုတာပါပဲ။ ဒီ feature က Facebook Messenger နဲ့ အချိန်ပြည့်ချိတ်ဆက်မှု ပေးထားပါတယ်။ မိမိသူငယ်ချင်းက ပေးပို့လာတဲ့ စာသားတွေကိုလည်း မိမိ ဘယ် app ကိုပဲ အသုံးပြုနေပါစေ၊ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ ဒီ feature ကတစ်ဆင့် ဖော်ပြပေးနိုင်ပါလိမ့်မယ်။

First နဲ့ပတ်သက်လို့ အကောင်းတွေချည်းပဲရှိတာတော့ မဟုတ်ပါဘူး။ ဧပြီလအတွင်း First ထွက်ရှိလာချိန်မှာ ဆိုးဆိုးရွားရွား အဝေဖန်ခံထားရတဲ့ အချက်နှစ်ချက်ရှိပါတယ်။ အဲဒါတွေကတော့ First ရဲ့ ကိုယ်ထည်တည်ဆောက်ပုံနဲ့ ကင်မရာအားနည်းချက်ပါပဲ။

စမတ်ဖုန်းတွေရဲ့ ကိုယ်ထည်ပိုင်းဆိုင်ရာ ဆန်းသစ်မှုတွေနဲ့ ပတ်သက်လို့ နာမည်ရှိထားတဲ့ HTC ဟာ First မှာတော့ အဲဒီလိုစွမ်းဆောင်ရည်ကို လျှော့ချထားတယ်လို့ ဝေဖန်သူတွေက ဆိုထားပါတယ်။ ဒီလိုအပြစ်ဆိုရအောင်လည်း HTC ရဲ့ ကိုယ်ထည် အထူးသဖြင့် ကျောဘက်ဒီဇိုင်းဟာ နိုးစင်းလွန်းလှပါတယ်။ မျက်စိပသာဒမဖြစ်စေဘဲ လိုက်ဖိုသုံးခုသာ ဖော်ပြမှုရှိထားတဲ့ပုံစံက ဒီဇိုင်းအဆန်းအပြားတွေကို ရင်ခုန်တတ်သူတွေကိုတော့ အပြည့်အဝဆွဲဆောင်နိုင်ဖို့ သေချာလှမှာတော့ မဟုတ်ပါဘူး။



ကင်မရာအပိုင်းမှာ Back Camera ဟာ 5 MP သာ ရှိတာကြောင့်လည်း ဝေဖန်စရာအချက် ဖြစ်လာပါတယ်။ လူမှုကွန်ရက် အသုံးများကြမယ့်သူတွေ အတွက် ရုပ်ထွက်ကောင်းကောင်း ဓာတ်ပုံ တွေက နှစ်သက်စရာဖြစ်ကြမှာပါ။ ဒီလိုအခြေအနေ မှာ First ရဲ့ 5 MP ကင်မရာဟာ Facebook User တွေအတွက် စိတ်တိုင်းကျဖြစ်စေမယ့် ရုပ်ထွက်ကို ပေးစွမ်းနိုင်ဖို့ ခဲယဉ်းနေပါလိမ့်မယ်။




ခြုံငုံပြီး ပြောရမယ် ဆိုရင်တော့ First ဟာ internal calculation အပိုင်းမှာ သိသာတဲ့ မြန်ဆန်မှုမျိုးကို ပိုင်ဆိုင်ထားပေမယ့် ကိုယ်ထည်တည်ဆောက်ပုံနဲ့ ကင်မရာအပိုင်းမှာတော့ အားနည်းချက်ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သတိပြုစရာတစ်ချက်ရှိပါသေးတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ သူ့ရဲ့ဈေးနှုန်းပါပဲ။ ၉၉ ဒေါ်လာ (Locked) ဆိုတဲ့ ဈေးနှုန်းကို First လို စမတ်ဖုန်းတစ်လုံးအတွက် သတ်မှတ် ပေးမှုဟာ ဝယ်ယူအသုံးပြုမယ့်သူအတွက် အမှန်တကယ် အကျိုးရှိနေပါတယ်။ ဒါဟာ First ရဲ့ ပြစ်ချက်တစ်ချို့ကို ပြန်လည်ထေမိစေတဲ့အဓိကအချက်တစ်ချက်လို့လည်း ဆိုနိုင်မှာအသေအချာပါပဲ။

# HOT STUFF




## Portable 3G Wireless Router

ဖုန်းကို Tethering လုပ်ပြီး ကွန်ပျူတာ ကိုအင်တာနက်ပြန် share သုံးရလို့ စိတ်ညစ်နေမလား။ 3G wireless router လို့ခေါ်တဲ့ gadget အသစ်တစ်ခုရှိပါတယ်။ Router ကို ဖုန်းနဲ့ USB ကတစ်ဆင့် ချိတ်ပေးလိုက်ရုံပါပဲ။ Tethering မလုပ်ပဲ အင်တာနက်ကိုတိုက်ရိုက်အသုံးပြုနိုင်မှာပါ။ Power bank စနစ်ပါနေတာကြောင့်လည်း ဖုန်းကwireless routerနဲ့ ချိတ်ဆက်တိုင်း အားသွင်းပြီးသား ဖြစ်နေမှာပါ။ သေးငယ်ပြီး သယ်ဆောင်ရလွယ်ကူတဲ့ ဒီဇိုင်းကြောင့်ဘယ်နေရာကိုသွားသွားကိုယ်နဲ့အမြဲဆောင်သွားလို့ရပါတယ်။ Network ခေါင်းနဲ့ ပြန်ထွက်ပေးထားလို့ချိတ်ဆက်ဖို့ Network ကြိုးလိုပါတယ်။

**Price - 20700 ကျပ်**
**Contact - Fax. F@X computer 01-380988**

## Tablet Stand

Tablet iPad တစ်လုံးဝယ်ပြီး ထားစရာနေရာမရှိ ဖြစ်နေရင်တော့ Tablet Stand တစ်ခုကိုအမှန် တကယ်ဝယ်သုံးဖို့လိုနေပါပြီ။ အကောင်းဆုံး Tablet Stand တစ်ခုလို့ ပြောရမှာပါပဲ။ သံကိုယ်ထည်နဲ့ ပြုလုပ်ထားပြီး ရော်ဘာအစွပ်တစ်ခုလည်း ပါဝင်နေတာကြောင့် ပြုတ်ကျသွားရင်တောင် မပျက်စီးအောင်ကာကွယ်ပေးထားပါတယ်။ ထောက်တိုင်ကလည်းလိုသလို လှည့်ပြီး သုံးနိုင်လို့ အဆင်ပြေပြေအသုံးပြုနိုင် ပါတယ်။ ipad နဲ့ Galaxy Tablet တော်တော်များများ မှာအသုံးပြုနိုင်ပြီး Tablet ကို PC ပုံစံမျိုးပဲ အသုံးပြုချင်သူတွေအတွက်ပါ အဆင်ပြေပါတယ်။

**Price - 3600 ကျပ်**
**Contact - F@X Computer 01-389357**





## Alcohol Tester

Apple iDevice တွေနဲ့ ချိတ်ဆက်ပြီး လူတစ်ယောက် အရက်သောက်ထားတယ်၊ မသောက်ထားဘူးဆိုတာ တိုက်ရိုက်သိနိုင်တဲ့ ပစ္စည်း တစ်ခုပါ။ အောက်ဘက်မှာ Air hole ပါဝင်ပြီး Air hole က တစ်ဆင့်ပါးစပ်မှ လေပေးလိုက်ရုံနဲ့ အရက်သောက်တယ်၊ မသောက်ဘူးဆိုတာကို အတိ အကျဖော်ပြပေးမှာပါ။ Voice alarm တစ်ခုပါဝင်တာကြောင့် အသံပေးစနစ်နဲ့လည်း အချက်ပြနိုင်သလို LCD Display ကလည်း နောက်ခံအရောင် (၃)မျိုးနဲ့ခွဲခြားပြသပေးထားပါတယ်။ ပုံမှန်အခြေအနေမှာ အစိမ်း ရောင်ကိုပြသပြီး Alcohol အနည်းငယ်တွေ့ရှိရင်တော့ အဝါရောင်နဲ့ ပြသမယ့် အပြင်အမြင့်ဆုံး Alcohol ပမာဏမှာအနီရောင်ကို ပြသပေးမှာပါ။

**Price - 15900 ကျပ်**
**Contact - F@X Computer 01-380988**

## Tablet Case



ဘယ်Tabletမဆိုထည့်ပြီး သယ်ဆောင် သွားနိုင်တဲ့ Tablet အိတ် တစ်လုံးဖြစ်ပါတယ်။ အဝတ်အိတ်ဖြစ်လို့ ရေစိုမခံပေမယ့်ပေါ့ပေါ့ပါးပါးနဲ့ စမတ်ကျကျ သယ်ဆောင်သွားနိုင်ပါတယ်။ ဇစ်ဆွဲတဲ့ အထဲမှာ ချိတ်ထားလို့ရတဲ့ ကွင်းကလေးတစ်ခု ပါဝင်တာကြောင့် ထားစရာနေရာ လိုက်ရှာ နေစရာမလိုဘဲ အဆင်ပြေရာ နေရာမှာချိတ်ထားနိုင်တာကြောင့်နေရာစားသက်သာစေပါတယ်။ အဝတ်ပေါ်မှာမှ နှစ်ထပ်သားနဲ့ ချုပ်ပေးထားတာကြောင့် ပိုအကြမ်းခံ ပါတယ်။

**Price - 6000 ကျပ်**
**Contact - Lin Thu Zar Computer Centre 01-377373**



## Laser Distance Metre

အင်ဂျင်နီယာတွေ၊ မြေတိုင်း ပညာရှင်တွေ အတွက်သိပ်ကို အဆင်ပြေမယ့် Gadget တစ်ခုပါ။ အကွာအဝေးပမာဏကို လေဆာ point နဲ့ ထောက်ပြီး တိုင်းရုံနဲ့ အကွာအဝေးကို သိနိုင်တဲ့ distance အကွာ အဝေးတိုင်းမီတာ တစ်ခုဖြစ်ပါတယ်။ အခြားလုပ်ငန်း တွေမှာလည်း အသုံးပြုနိုင်မယ့် Gadget တစ်ခုဖြစ်ပြီး ဖုန်းပုံစံဒီဇိုင်းနဲ့မို့ အိပ်ထောင်ထဲထည့်ပြီး သယ်ဆောင်သွားနိုင်ပါတယ်။ အဝေးဆုံးမီတာ ၇၀ အထိ တိုင်းတာ နိုင်ပြီး Unit အနေနဲ့ လက်မ၊ ပေ၊ မီတာတို့နဲ့ ပြသပေးမှာဖြစ်ပါတယ်။

Price - 77900 ကျပ်
Contact - F@X Computer 01-389357

## Bluedio Handfree



ခိုင်ခိုင်ညားညားနဲ့ အကောင်းဆုံး bluetooth Handfree တစ်ခုကိုနားမှာ တပ်မယ်ဆိုရင် တော့ Bluedio ရဲ့ T-9 အမျိုးအစား Handfree က အသင့်တော်ဆုံးပါပဲ။ လှပတဲ့ဒီဇိုင်း၊ ပေါ့ပါးတဲ့ အလေး ချိန်နဲ့ ကြည်လင်ပြတ်သားတဲ့ အသံထွက်တို့ကို ရရှိနိုင်မယ့် Handfree တစ်ခုဖြစ်ပါတယ်။ ပေါ့ပါးတဲ့ အတွက်နားမှာ တပ်ရင် တပ်ထားမှန်းတောင် မသိနိုင်တဲ့ Bluetooth Handfree တစ်ခုဖြစ်ပါတယ်။ ၁ နာရီ၊ ၂ နာရီ အားသွင်းထားရုံနဲ့ ၄ နာရီအထက် ဖုန်းပြောနိုင်ပြီး Stand by အနေအထားနဲ့ နာရီ ၁၀၀ အထိ အသုံးပြုနိုင်ပါတယ်။

**Price - 6900 ကျပ်**
**Contact - F@X Computer 01-380988**

## 8825 cover




**Price - 5,000 Ks**
**Contact - Unique Computer Center 0973171213**

## galaxy grand cover



**Price - 5,000 Ks**
**Contact - Unique Computer Center 0973171214**

## galaxy SIII cover



**Price - 9,000 Ks**
**Contact - Unique Computer Center 0973171213**

သေးငယ်ပေါ့ပါး ပေမယ့် စွမ်းဆောင်ရည်မငယ်တဲ့

# iPad Mini



လက်ရှိထိပ်တန်း **Android** တက်ဘလက်တွေကို မမီဘူးလို့ ထောက်ပြလာမယ့် စက်ရုပ်ပရိသတ်တွေ ဆွံ့အသွားစေမယ့် အချက်တစ်ချက်ကို **iPad Mini** က ဝှက်ဖဲအဖြစ် ကိုင်ထားပါသေးတယ်

Apple ဖခင်ကြီးစတိဗ်ဂျော့ဘ်စ်သက်ရှိထင်ရှားရှိချိန်ကတည်းက ၇ လက်မအရွယ် တက်ဘလက် ထုတ်ဖို့ စိတ်ကူးတွေကို ပယ်ချခဲ့ဖူးပေမယ့် ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာတော့ Apple ကုမ္ပဏီဟာ ၇.၉ လက်မအရွယ် iPad Mini ကို ဈေးကွက်ထဲချပြီး ပြိုင်ဘက်တွေကို ကိုင်လှုပ်ခဲ့ပါတယ်။ ၁၀ လက်မနီးပါးရှိတဲ့ iPad ပုံမှန်အရွယ်အစားကနေ ၇.၉ လက်မသို့ လျှော့ချလိုက်ခြင်းဟာ အထူးသဖြင့် Google Nexus 7 ကို ယှဉ်ပြိုင်ဖို့ဖြစ်မှာ သေချာသလောက်ပါပဲ။

ကဲ . . . သေးသေးကွေးကွေး iPad Mini လေးကို ရွေးချယ်ဖို့ ဘယ်အကြောင်းအရာတွေက တွန်းအားပေးနေသလဲဆိုတာကို ကြည့်ကြပါစို့။

iPad မျိုးဆက်တွေကို ရင်းနှီးပြီးသား၊ i ပရိသတ်တစ်ယောက် အနေနဲ့ကတော့ iPad Mini ကို ကောက်ကိုင်လိုက်တာနဲ့ ပထမဆုံး တွေ့ရမယ့်အချက်က သေးငယ်ပေါ့ပါးတဲ့အချက်ပါပဲ။ ဒါပေမဲ့ Apple ထုတ်ကုန်တွေရဲ့ ထုံးစံအတိုင်း iPad Mini ရဲ့ ကိုယ်ထည်တည်ဆောက်ပုံက အပျံစားပါပဲ။ ပေါ့ပါးတဲ့အချက်ကတော့ အိပ်ရာပေါ် ပက်လက်လှန်အိပ်ပြီး အင်တာနက်သုံးတတ်သူတွေ၊ ဂိမ်းကစားတတ်သူတွေ အကြိုက်တွေ့မယ့်အချက်ပါ။ မျက်နှာပေါ် iPad ပြုတ်ကျတဲ့ဒဏ်ကို လည်း နည်းနည်းသက်သာစေတာ ပါ။ဒါ့အပြင် Nexus 7 ထက် ယောင်ယောင်လေးပိုကြီးလို့ နှစ်လုံးယှဉ်ကြည့်လိုက်ရင် နှာတစ်ဖျားအသာရ နိုင်ပါတယ်။

ပုံမှန် iPad ရဲ့ အရွယ်တစ်ဝက်ပဲရှိပေမယ့် အတွင်းဖွဲ့စည်းပုံ မှာတော့ iPad Mini ဟာ ဒုတိယမျိုးဆက် iPad နဲ့ တူညီသလောက်ရှိပါတယ်။ 1024 x 748 ရုပ်ထွက်ရှိတဲ့ မျက်နှာပြင်ဟာ မူလ iPad 1 နဲ့ အတူတူပေမယ့် ရုပ်ထွက်သိပ်သည်းဆ (163 ppi) ပဲရှိတာမို့ (264 ppi) ရှိတဲ့ iPad Retina display တွေရဲ့ ရုပ်ထွက်အရည်အသွေးကို မမီနိုင်သလို iPhone 4, 4S နဲ့ 5 တို့မှာပါတဲ့ 326 ppi Retina display တွေနဲ့ အဝေးကြီးပဲဆိုတာကိုလည်း ကြိုတင်လက်ခံထားမှ ရမယ်။ ဖွယ်တယ်တယ်ရုပ်ထွက်ဟာ အခြား Apple ထုတ်ကုန်တွေနဲ့ယှဉ်ရင် ငုပ် သွားစေပါတယ်။ ဒါပေမဲ့ ဒါဟာ iPad Mini ရဲ့ တစ်ခုတည်းသော ဘဝင်မကျစရာပါ။

တက်ဘလက်တစ်ခုရဲ့ အသက်ဖြစ်တဲ့ Chipset မှာ Apple A5 ကို သုံးစွဲထားလို့ iPad Mini ဟာ iPhone 4S, iPad 2 တို့နဲ့ မျိုးဆက် တစ်ခုတည်း ဖြစ်သွားစေတယ်။ A5 Chipset ဟာ ဂရပ်ဖစ်စွမ်းဆောင်ရည် အလွန်မြင့်မားလို့ iPad Mini ပေါ် မှာ ဂိမ်းကစားရတာ အလွန် ပေါ့ပါးသွက်လက်တာ တွေ့ရတယ်။ ဒါဟာလည်း တွန်းတင်ရတဲ့ ppi နည်းလို့ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် iPad Mini ဟာ 5 MP ကင်မရာ ပါဝင်လာလို့ 0.9 MP ပဲရှိတဲ့ iPad 2 ကင်မရာကနေ သိသိသာသာ တိုးတက်လာတဲ့အချက်ပါပဲ။ Video call တွေအတွက် ထည့်ပေးထားတဲ့ front-facing ကင်မရာကလည်း HD ဗီဒီယိုတွေအထိ ရိုက်ကူးပေးနိုင်ပါတယ်။

iPad Mini ရဲ့ ပုံရိပ်ပေါ် မျက်နှာပြင်က လက်ရှိထိပ်တန်း Android တက်ဘလက်တွေကို မမီဘူးလို့ ထောက်ပြလာမယ့် စက်ရုပ်ပရိသတ်တွေ ဆွံ့အသွားစေမယ့် အချက်တစ်ချက်ကို iPad Mini က ဝှက်ဖဲအဖြစ် ကိုင်ထားပါသေးတယ်။ အဲဒါကတော့ ဘက်ထရီသက် တမ်းဖြစ်ပြီး ၁၀ နာရီတောက်လျှောက် အသုံးခံတဲ့အချက်က အလိုလို နေရင်းကို ဘက်ထရီကုန်နေတတ်တဲ့ Android တက်ဘလက်ကိုင် ဆောင်ထားသူတွေ သွားရည်ယိုစေမှာပါ။

ခြုံငုံသုံးသပ်ရရင် iPad Mini ဟာ တရုတ်နိုင်ငံထုတ် တန်ဖိုးနည်းတက်ဘလက်တွေသာ ကြီးစိုးနေတဲ့ ၇ လက်မအရွယ် တက်ဘလက် အသိုင်းအဝိုင်းမှာ လက်မထောင်နိုင်တဲ့ Apple ထုတ်ကုန်တစ်ရပ်ပါပဲ။ ဘက်စုံမှုတတဲ့ စွမ်းဆောင်ရည်ရှိသလို iPad ရဲ့ ၉.၇ လက်မအရွယ်ကို ကြီးတယ်ထင်တဲ့ i ပရိသတ်တွေအတွက်လည်း ရွေးချယ်ဖို့သင့်တော်ပါတယ်။ ပြည်တွင်းမှာ iPad Mini ကို 16 GB ဆိုရင် ၃၉၉ ဒေါ်လာဝန်းကျင်နဲ့ ဝယ်ယူနိုင်သလို 32 GB version ဆိုရင်တော့ ၄၉၉ ဒေါ်လာဝန်းကျင်လောက် ပေးဝယ်ရပါလိမ့်မယ်။ ဖုန်းကတ်ထည့်သုံးလို့ရတဲ့ 4G ဆိုရင်တော့ 16 GB ကို ၅၂၀ ဒေါ်လာဝန်းကျင် 32 GB ကို ဒေါ်လာ ၆၀၀ ဝန်းကျင်နဲ့ ဝယ်ယူနိုင်ပါလိမ့် မယ်။ iPad Mini နဲ့ယှဉ် ရွေးချင်စရာဆိုရင်တော့ Nexus 7 (32 GB ကို ၃၆၉ ဒေါ်လာ) နဲ့ Galaxy Note 10.1 (16 GB ကို ၄၉၉,၀၀၀ ကျပ်) တို့ရှိကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။




## FIRST APPS FOR YOUR iPAD MINI

### SKYPE FOR iPAD
With the front-facing camera and portability, you can connect with your loved ones wherever you are.
• iPad | iOS 4.3 | Free | v4.1.1

### IBOOKS
Continuous scrolling means you can effortlessly move through entire books, as well as share quotes.
• iPad+ | iOS 5.0 | Free | v3.0

### EBAY FOR IPAD
The revamped interface of this app is a perfect fit for the iPad mini, allowing you to check your bids quickly and simply.
• iPad+ | iOS 4.0 | Free | v2.1.1

### ITUNES U
The iPad mini has been cited as the ideal learning tool, and this app makes it possible to study anywhere.
• iPad+ | iOS 5.0 | Free | v1.3

# PRICE LIST

## TWZ

| | |
|---|---|
| TWZ E300 | 80,000 Ks |
| TWZ 308 | 59,000 Ks |

## Huawei

| | |
|---|---|
| Huawei C-8813 | 130,000 Ks |
| Huawei U-8851D | 125,000 Ks |
| Huawei U-8661 | 75,000 Ks |
| Huawei Y 210 GSM | 60,000 Ks |
| Huawei Y220 | 60,000 Ks |
| Huawei Y300 | 105,000 Ks |

## Lenovo

| | |
|---|---|
| Lenovo A780 | 109,000 Ks |
| Lenovo A790e | 104,000 Ks |
| Lenovo A789 | 105,000 Ks |
| Lenovo A690 | 85,000 Ks |
| Lenovo A65 | 85,000 Ks |
| Lenovo A800 | 125,000 Ks |
| Lenovo A60+ | 69,000 Ks |
| Lenovo S880i | 169,000 Ks |
| Lenovo A2 Tablet | 172,000 Ks |

## Sony Ericsson

| | |
|---|---|
| Sony Xperia TX | 385,000 Ks |
| Sony Xperia GO | 175,000 Ks |
| Sony Xperia T | 359,000 Ks |
| Sony Xperia SL | 285,000 Ks |
| Sony Xperia mini | 108,000 Ks |
| Sony Xperia J | 178,000 Ks |
| Sony Xperia Tipo | 122,000 Ks |

## HTC

| | |
|---|---|
| HTC Desire X | 236,000 Ks |
| HTC Desire C | 149,000 Ks |
| HTC Desire V | 254,000 Ks |
| HTC Desire VC | 199,000 Ks |
| HTC Titan | 310,000 Ks |
| HTC One V | 214,000 Ks |
| HTC One X Plus | 529,000 Ks |
| HTC XL | 319,000 Ks |
| HTC XE | 320,000 Ks |
| HTC Amaze Ruby | 309,000 Ks |
| HTC Window 8X | 455,000 Ks |
| HTC Window 8S | 324,000 Ks |
| HTC One SV | 495,000 Ks |
| HTC Butterfly | 589,000 Ks |
| HTC One X Plus | 529,000 Ks |
| HTC One S | 308,000 Ks |

## Samsung

| | |
|---|---|
| Galaxy Y | 89,000 Ks |
| Galaxy Pocket | 83,000 Ks |
| Galaxy Grand | 315,000 Ks |
| Samsung S Duos | 235,000 Ks |
| Galaxy Amazing | 138,000 Ks |
| Galaxy Ace | 143,000 Ks |
| Galaxy S Advance | 250,000 Ks |
| Galaxy Ace-Plus | 172,000 Ks |
| Galaxy Ace 2 | 205,000 Ks |
| Galaxy SII | 340,000 Ks |
| Galaxy SIII | 455,000 Ks |
| Galaxy Note II 5.5 | 509,000 Ks |
| Galaxy Tab 7.7 | 410,000 Ks |
| Galasy Tab 10.1 | 369,000 Ks |



309,000 Ks

### HTC Amaze Ruby

**4.3" CAPACITIVE TOUCH**
**DUAL-CORE 1.5 GHZ**
**1 GB**
**16 GB**
**8 MP, 2 MP (SECONDARY)**
**09-8301037**



85,000 Ks

### Lenovo A65

**3.5" CAPACITIVE TOUCH**
**800 MHZ**
**220 MB**
**4 GB INTERNAL**
**3.5 MP**
**AVAILABLE AT 09-8301037**



324,000 Ks

### HTC Windows 8S

**4.0" CAPACITIVE TOUCH**
**DUAL-CORE 1.0 GHZ KRAIT**
**512 MB**
**4 GB INTERNAL**
**5 MP**
**AVAILABLE AT 09-8301037**



122,000 Ks

### Sony Xperia Tipo

**3.2" CAPACITIVE TOUCH**
**800 MHZ**
**512 MB**
**2.9 GB**
**3.15 MP**
**AVAILABLE AT 09-8301037**

# DEALER LIST

## Phone Sales and Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| Aikon | No(108)B2, 1st Floor,Yuzuna Banyardala RD Ygn | 095033308 |
| AOTO | No.15-17 (3) floor, Insein Road, Kamaryut Tsp, Ygn | 09-450050968 |
| Araindamar | S-33,Ground Floor, FrontRoll, Yuzuna Plaza | 200747 |
| Aikon | No 135 1st floor Bogyoke Road,corner of 47 th street | 294036/5198170 |
| Asia Mobile | No 140, Latha St: (upper),Latha Tsp, Yangon | 01243304 |
| Any Time Mobile | NO 004, D Aung Mingalar Street, Tamwe Tsp, Ygn | 01-200747 |
| Bogyoke Mobile | No 60, Bogyoke Aung San Road,PazunTaung, Ygn | 01-292627 |
| Cosmos Mobile | No 103, Ground Floor, LaPyaytWunPlaza, Ygn | 095157817 |
| DawAye Electronics & Mobile | No 170,B-1,172,174,A-1,Banyadala St, Ygn | 290295/202755 |
| Easy One Mobile | No 163, Latha Street, Latha Tsp, Ygn | 01-250941 |
| Energy Mobile Accessories | No 47, Hledan Street, Lanmadaw Tsp, Ygn | 01-222180 |
| Green Line | NO 204, Botahtang Pagoda St,(middle) PZT tsp, Ygn | 095077799 |
| Gadget Ocean | No 352,366 Mahabandoola Garen Street(upper block) | 01-255556 |
| HTAKE TAN Mobile | No 532,542(H), Maharbandoola St,(27)St,Bapaldan,Ygn | 09-73252027 |
| KKA | 159 corner of Anarahtar & Mahabandoola Garden St. | 246427 |
| Lar Lar Mobile | No 70, Ground Floor, Insein Road. Hlaing, Ygn | 095019406 |
| MK Mobile | Room No, (E.2/3), 1st floor,Yuzuna Plaza | 0973078369 |
| Mr.Fone | No.212, East Shwe Gone Dine Rd, Infront of MPT off: | 558228 |
| Mobile Plantet | No.7, Anawrahta Rd, Pazundaung Tsp, Ygn | 095176225 |
| Mobile Bank | No.291, Ground floor, Bo Aung Kyaw St(Middle),Ygn | 01-398487 |
| My Mobile | No.92, Phonegyi St, (middle), Near of Sanpya Cinema,Ygn | 225649 |
| Mobile King | No.255A, Banyadala Rd(Near Aung Mingalar Bus Stop). | 201307 |
| Mobile House | No.161, Lathar Street, Upper Block, Lathar Tsp Ygn. | 01-250880 |
| Mobile Valley | No.143, U Chit Mg Housing (West of Aroma studio)Bahan. | 09-420119228 |
| New Fone Mart | No.261, Khone Gyi St & In Front of Junction Mawtin, Ygn. | 0973900822 |
| Orbit Mobile Shop | No.66, Latha St(Lower Block), Latha Tsp, Ygn. | 01385818 |
| Phoenix | No.181,Bet, Shwe Taungtan St & 14th St, Ahnawyather Rd. | 01-224922 |
| Ph:Master Mobile center | No.105, Latha St,(Upper), Latha Tsp, Ygn. | 01250905 |
| Smile Mobile | No.17, Yatanar Road,16Gwet, Kalar Pagoda Bus Stop,Ygn. | 09-73229006 |
| SYH | No.111, R (17/18) 1st floor, Yuzuna Plaza, Ygn. | 095124872 |
| S Wellcom mobile | No.198, 31 street, (Upper Block), Ground Floor. | 09-5114948 |
| telechoice Mobile Mart | No.168-A,Damazaydi Road,Ygn. | 534644 |
| Talky Mobile | No.330, Yangon International Road, Pyay Road,Ygn. | 01-215076 |
| Universal Mobile | No.757, between 15th and 16th Mahabandoola Rd,Ygn. | 211311 |

## Computer Sales and Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| Acer | No.570, Cornor of 8th St, Lamadaw Tsp,Ygn | 01-221683 |
| ABC | No.165/175,Seikkanthar St(Mid), Ygn | 01-382275 |
| Asia Tech | No.274/278,Seikkanthar (Up), Ygn | 01-392951 |
| AC | No.208,Seikkanthar (Mid), Ygn | 01-252627 |
| Access Spectrum | No.364-366,Mahabandoola Garden(Barr),Ygn | 01-386567 |
| AGK | No.210,Seikkanthar (Mid) St, Ygn | 01-246669 |
| ASUS(Golden Power) | No.4,13rd(Lower) St, Ygn | 01-210943 |
| Brother | No.370,Bo Aung Kyaw St(upper), Ygn | 01-380137 |
| Do Do Ko Ko | No.244,Ground Floor,Seikkanthar St, Ygn | 01-388654 |
| Dell (Blu-ray) | No.152,Shwegonedine Road,Bahan, Ygn | 01-556118 |
| Delux (Asia Tech) | No.274-278,Seikkanthar St(Upper), Ygn | 01-392952 |
| Engenius (Access Spectrum) | No.364-366, Mahabandoola Garden(Barr),Ygn | 01-380900 |
| Eastern | No.129,Seikkanthar (lower), Ygn | 01-398224 |
| Gigabyte (Myanmar Star-tech) | No.351,Room(101,102),Thein Phyu Rd,Ygn | 01-394270 |
| IT City | No.160,Anawratha Road,Cornor of Bar St,Ygn | 01-243049 |
| Info-gate | No.250,Ground Floor,Seikkanthar(upper),Ygn | 01-377583 |
| IT Mart | No.126,Seikkanthar St, Lanmadaw, Ygn | 09-73050274 |
| I.C.E | No.41,Hlendan St, Lanmadaw, Ygn | 01-228805 |
| INNWA | No.142,38th St(lower),Ygn | 01-398297 |
| King Empire | No.167-173,Seikkanthar St,Ygn | 01-386925 |
| King Power | No.131, Seikkanthar St(Uner),Ygn | 01-398008 |
| Life Mark | No.221,Seikkanthar St(Middle), Ygn | 01-391690 |
| Lenovo (KMD) | No.170-184,Pasodan Road(Middle),Ygn. | 01-245180 |
| Lenovo (Lucky Bird) | No.355,Rm(106),Thein Phyu Road,Ygn. | 01-248167 |
| MSI | No.158,36th Street (Middle),Ygn. | 01-240110 |
| Neo Tech | No.175,(G/F) Seikkanthar(lower),Ygn. | 01-398199 |
| Radiance | No.201,Bo Aung Kyaw St.Bet Ygn | 01-385267 |
| Sky Light | No.203,Seikkanthar(Middle),Ygn. | 01-246566 |
| Techno Eye | No.170(D1),Corner of the Myanmar Goneyi. | 09-73201252 |
| T-Land | No.77,Pasodan Rd(lower)Bet:, Ygn. | 09-382868 |
| Technoland | No.162-170,36th St (middle),Ygn. | 01-375191 |
| Unique | No.194,Seikkanthar St,Ygn. | 01-387459 |
| View Sonic(Royal Ayeyarwaddy) | No.7,87th Street, Mingalar Taung Nyunt,Ygn. | 01-394494 |
| GPT | No.206(B),Bogyoke Aung San Road,Ygn. | 01-392576 |

# Sony Xperia Go



ပြည်တွင်းဈေးကွက်မှာ ဆိုနီဖုန်းတွေ အဝယ်လိုက်နေချိန်မှာတော့ Xperia GO ကလည်း ဆိုင်တော်တော်များများမှာ ရောင်းအားအကောင်းဆုံး စာရင်းဝင်နေပါတယ်။ Xperia GO ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ် Google ရဲ့ နောက်ဆုံးထုတ် OS ဖြစ်တဲ့ Jelly Bean ကို OS ကို ဆိုနီက တရားဝင်ထုတ်လုပ်ပေးလိုက်ပါပြီ။ ဒါကြောင့် Xperia GO ကို အသုံးပြုသူတိုင်း နောက်ဆုံးပေါ် Android OS ကို အသုံးပြုနိုင်မယ့်အပြင် Application တွေကိုလည်း အဆင်ပြေပြေအသုံးချ နိုင်မှာပါ။ ဖုန်မှုန့်နဲ့ ရေစိုတာတွေကိုပါ ကာကွယ်ပေးတာကြောင့် အတော်ကိုအကြမ်းခံတဲ့ ဖုန်းတစ်လုံး လည်းဖြစ်ပါတယ်။ ရေစိုခံ ရုံတင်မဟုတ်ဘဲ ရေအနက်တစ်မီတာမှာ မိနစ်သုံးဆယ်အထိ အထားခံပါတယ်။ GSM 2G ရော 3G ကိုပါ ထောက်ပံ့ပေးထားတာ ကြောင့် WCDMA ဆင်းကတ်တွေနဲ့ပါ အဆင်ပြေပါတယ်။ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ စတင်ထုတ်လုပ် ရောင်းချပေးခဲ့တဲ့ ဖုန်းတစ်လုံးဖြစ်ပြီး အခုအချိန်နဲ့ နှိုင်းစာကြည့်ရင်တော့ မော်ဒယ်မြင့်ဟန်းဆက် တစ်လုံးအဖြစ်ရပ်တည်နေပါသေးတယ်။ ဈေးနှုန်းကလည်း ၂ သိန်းဝန်းကျင်ပဲ ရှိပါတယ်။

**CPU**

မြန်နှုန်းမြင့် Dual Core CPU ကို အသုံးပြုပေးထားပြီး အမြန်နှုန်း 1 GHz အထိ အသုံးပြုနိုင်ပါတယ်။ Dual Core အဆင့်ရှိ CPU တစ်လုံးဟာ နောက်ဆုံးပေါ် Android OS နဲ့ Application တွေကို အမြန်ဆုံးနှုန်းထားတွေနဲ့ အသုံးပြုနိုင်ပါတယ်။

**RAM**

512 MB RAM ကို အသုံးပြုပေးထားပြီး Application တွေကိုလည်း တစ်ပြိုင်နက်တည်း အနည်းဆုံးသုံးလေးခုလောက်ထိ RAM ပေါ်တွင် Run နိုင်ပါတယ်။

**GPU**

ဖုန်းတစ်လုံးရဲ့ ကင်မရာပိုင်းနဲ့ ရုပ်ထွက်ပိုင်းကို GPU ဟာ အဓိကနေရာကနေ ထောက်ပံ့ပေးနေပါတယ်။ Xperia GO ရဲ့ GPU အမျိုးအစားကလည်း ထိပ်တန်းဖုန်းတစ်လုံးဖြစ်တဲ့ Samsung Galaxy S III ရဲ့ GPU ဖြစ်တဲ့ Mali 400 ကို အသုံးပြုပေးထားတာကြောင့် Xperia GO ဟာ ရုပ်ထွက်ပိုင်းကို အထူးထောက်ပံ့ပေးထားပါတယ်။

**Display**

မျက်နှာပြင်အကျယ်အဝန်းဟာ ၃.၅ လက်မကျယ်ဝန်းပြီး Resolution 320 x 480 အထိ ထောက်ပံ့ပေး ထားပါတယ်။ မျက်နှာပြင်သိပ်သည်းဆအနေနဲ့ 165 ppi အထိ ထောက်ပံ့ပေးထားပြီး မျက်နှာပြင်ကို ဆိုနီရဲ့ Bravia Engine စနစ်ကို အသုံးပြုထားတဲ့အပြင် မျက်နှာပြင်ကို အစင်းရာ မထင်စေတဲ့ နည်းပညာကိုပါ အသုံးပြုပေးထားပါတယ်။



**ကင်မရာနှင့် သိုလှောင်နှုန်း**

5 Megapixel အဆင့်ရှိ အနောက်ကင် မရာတစ်လုံးပါဝင်ပြီး အရှေ့ကင်မရာကတော့ မပါ ဝင်ပါဘူး။ ဒါပေမဲ့ အားကောင်းတဲ့ အနောက် ကင်မရာဟာ 2592 x 1944 Resulution အဆင့်ရှိတဲ့ ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မှာဖြစ်သလို ဗီဒီယိုရိုက်ရာ တွင် လည်း ရုပ်ထွက်အားကောင်းတဲ့ 720p အဆင့်ရှိ ဗီဒီယိုတွေကိုပါ ရိုက်ကူးနိုင်ပါတယ်။ သိုလှောင်မှု ပမာဏအရ နဂို 4 GB ပါဝင်ပြီး Micro SD Card ကို 32 GB ထပ်မံအသုံးပြုနိုင်တဲ့ Card Slot တစ်ခု လည်း ပါဝင်ပါတယ်။

**OS နှင့် ဘက်ထရီ**

Operating System အနေနဲ့ကတော့ Android စတင် နာမည်ရခဲ့တဲ့ 2.3.6 (Ginger Bread) ကို အသုံးပြုပေးထားပြီး ထပ်မံအဆင့်ထပ် မြှင့်လိုပါက 4.1 (jellybean) အထိ အသုံးပြုနိုင်ပါတယ်။ ဘက်ထရီကတော့ Li-ion အမျိုးအစားကို အသုံးပြုပေးထားပြီး ဘက်ထရီပမာဏ 1305 mAh အထိ အသုံးပြုနိုင်ပါတယ်။ Xperia GO ဟာ 2G နဲ့ 3G ကွန်ရက်ပေါ်မှာတော့ နာရီ ၅၀၀ နီးပါး အသင့်အနေအထားနဲ့ အသုံးပြုနိုင်ပြီး ဖုန်းပြောမယ် ဆိုရင်တော့ 2G နဲ့ 3G ကွန်ရက်ပေါ်မှာ ၆ နာရီ နီးပါး ဖုန်းပြောနိုင်ပါတယ်။





| | |
|---|---|
| **Display** | - 3.5" Capacitive Touch |
| **CPU** | - Dual Core 1GHz |
| **Memory** | - 512MB |
| **Storage** | - 4GB |
| **OS** | - Android 2.3.6 (Ginger Bread) |
| **Camera** | - 5MP (Back) |
| **Other** | - WiFi, Card Reader, Bluetooth Waterproof |

# Specs Arena



ph: 09-73171213



ph: 01-8604200



ph: 01-245180



ph: 01-385177

| Name | Galaxy Grand(GSM) | HTC One X+(GSM) | Samsung Galaxy Noet II(GSM) | Sony Xperia Z(GSM) |
|---|---|---|---|---|
| Display | 5.0"Capacitive Touch | 4.7" Touch Screen | 5.55" Capacitive Touch | 5.0" Capacitive Touch |
| CPU | Dual Core 1.2GHz | Quad Core 1.7GHz | Quad Core 1.6GHz | Quad Core 1.5GHz |
| RAM | 1 GB | 1 GB | 2 GB | 2 GB |
| Camera | 8MP(Back), 2MP (Front) | 8MP(Back), 1.6MP (Front) | 8 MP(Back), 1.9MP (Front) | 8 MP(Back), 2MP (Front) |
| Storage | 8GB | 64 GB | 16 GB | 16 GB |
| Price | 309,000 Ks | 629 U$ | 515,000 Ks | 560,000 Ks |



ph: 01-398436



ph: 01-391730



ph: 01-391789



ph: 01-245180

| Name | HTC Desire VC(GSM+CDMA) | Huawei C8813D (GSM+CDMA800) | LG Optimus L9 (GSM) | Sony Xperia E (GSM) |
|---|---|---|---|---|
| Display | 4.0" Capacitive Touch | 4.5" Capacitive Touch | 4.7" Capacitive Touch | 3.5" Touch Screen |
| CPU | 1 GHz | Dual Core1.2 GHz | Dual Core1 GHz | 1 GHz |
| RAM | 512 MB | 512 MB | 1 GB | 512 MB |
| Camera | 5 MP (Back) | 5 MP (Back) | 5 MP (Back) | 3.15 MP (Back) |
| Storage | 4 GB | 4 GB | 4 GB | 4 GB |
| Price | 277 U$ | 145,000 Ks | 275,000 Ks | 150,000 Ks |



ph: 01-358902



ph: 01-391730



ph: 01-250084



ph: 09-73171213

| Name | Galaxy Pocket (GSM) | Lenovo A60+ (GSM) | iPhone 4S Clone (GSM) | Huawei C8810 (CDMA) |
|---|---|---|---|---|
| Display | 2.8" Capacitive Touch | 3.5" Capacitive Touch | 3.5" Capacitive Touch | 4.0" Capacitive Touch |
| CPU | 832 MHz | 1 GHz | 1 GHz | 1GHz |
| Storage | 3 GB | 512 MB | 32 GB | 512 MB |
| Camera | 2MP | 2MP | 5 MP(Back) | 2MP (Back) |
| OS | Android 2.3.6 | Android 2.3.6 | Android 6.0 | Android 2.3.6 |
| Price | 92,000 Ks | 75,000 Ks | 75,000 Ks | 99,000 Ks |

ဈေးနှုန်းများကူညီပံ့ပိုးပေးသော Eastern ကွန်ပျူတာဆိုင်အား အထူးကျေးဇူးတင်ရှိပါသည်။

# F@X COMPUTER
SALES & SERVICE

Laptop Brand အစုံ၏
Internal Battery (OEM) အသစ်များကို
ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ပါသည်။



ဆိုင်မှဝယ်ယူသော
မည်သည့် Laptop များအတွက်မဆို
Internal Battery အသစ်များကို
(3500Ks) Discount! ပေးနေပါသည်။

Buy Any Laptop 4000 Ks Off & 7 Gifts!
Buy Any Accessories 2% Off!



- Laptop Brand New & Japan Domestic Used,....
- Tablet & Mobile,...
- Laptop Spare-parts
- Laptop & Mobile Accessories,...
- Engineering Accessories အမျိုးမျိုးနှင့်
- Electronic Accessories အမျိုးမျိုးတို့ကို
- အရည်အသွေးမှန် ဈေးနှုန်းချိုသာစွာဖြင့်
- လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

OPEN DAILY
9:00 AM TO 6:00 PM

F@X (SKT)
No.208, SeikkantharStreet,
Kyauktada Township.
Ph:380988,09 73013836

F@X (BAK)
No.205, Bo Aung Kyaw Street,
Kyauktada Township.
Ph:389357,09 73162792

F@X (YDN)
No.B4-9, Yadanar Street
(Between 32x33 & 77x78).
Ph:02 69389,09 91039206

E-mail : kacfax@gmail.com,kacfax@mail2world.com



# A-One Computer
Training & Mobile Service

HUAWEI Samsung GALAXY Sony Ericsson NOKIA Connecting People htc quietly brilliant

ANDROID

Root + Myanmar Fonts = 3000 Ks
Software(စိတ်ကြိုက်သွင်း)= 1000 Ks
Game (စိတ်ကြိုက်သွင်း)= 1000 Ks

Dead Boot , Version Upgrade ,Dowgrade
Mic , Earpice , Speaker , Ringer ,
Touch , LCD , Keypad များပြုပြင်ခြင်း။
လဲလှယ်ခြင်းများကိုပစ္စည်းမှန်
ဈေးနှုန်းမှန်ဖြင့်အမြန်ဆုံးပြုပြင်ပေးပါသည်။

Apple

Jailbreak + Myanmar Fonts = 5000 Ks
Software (စိတ်ကြိုက်သွင်း) = 2000 Ks
Game (စိတ်ကြိုက်သွင်း) = 2000 Ks

လူကြီးမင်းတို့၏ ကွန်ပျူတာပြဿနာများကိုလည်း ကျွန်ုပ်တို့၏ ဆိုင်တွင်သာမက အိမ်တိုင်ရာရောက် စိတ်ကျေနပ်သည်အထိ ပြုပြင်ဆောင်ရွက်ပေးပါမည်

## Mobile Training (APPLE, HTC, SONY, SAMSUNG, HUAWEI, etc...)

Jailbreak လုပ်ခြင်း၊ Phone Internet Setting ထိုင်ခြင်း၊ Phone ဖြင့် PC တွင် Internet အသုံးပြုခြင်း၊ Contacts, Message & App, Pattern Lock, User Password, Back-up & Restore, Version Upgrade & Downgrade.Dead Boot ဖြစ်နေသော Phone များနှင့် Firmware မှားသွင်းသော Phone များအား Software ပြန်သွင်းပြီး ပြန်လည်အသုံး ပြုနိုင်စေရန် ပြုလုပ်ခြင်း၊ Root ဖောက်ခြင်း၊ မြန်မာစာထည့်သွင်းခြင်း၊ Android Phone များတွင် Root ဖောက်ရန်မလိုပဲ မြန်မာစာအသုံးပြုခြင်း၊ စသည်ဖြင့် သင်တန်းသားတစ်ဦး လျှင် ဖုန်းတစ်လုံးနှင့် စုံလင်စွာ၊ မတတ်မချင်းသင်ကြားပေးပါမည်...

450 MHz Phone များအတွက် Hardware & Software Error Solution. သင်တန်းပြီးဆုံးသည့်တိုင် မိမိကိုယ်ကို (မတတ်သေး၊မကျွမ်းသေး) ဟု ယူဆပါက အခမဲ့ပြန်လည်တက်ရောက်နိုင်သည်။ သင်တန်းပြီးဆုံးပါက လိုအပ်သော Data, Software, Firmware, Tools... etc များနှင့် Mobile ဆိုင်ဖွင့်လိုသောသူများအား လိုအပ်သောအကူအညီများပေးမည်။

အမှတ် ၂၄၀၊ ဗြဲ့ပီထပ်၊ ဘုတ်လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ။ ဖုန်း - ၀၉၄၂၀၀၇၅၀၆၂၊ ၀၁ ၂၄၅ ၅၇၉



# Digital Art
Laptops & Desktop Motherboard Service

## LAPTOP REPAIRS
(Laptop အထူးပြုပြင်ခြင်း)

- Motherboard Short Circuitory (Power မဝင်, Power မနိုး, လောင်ကျွမ်း)
- Charging Circuit ( Battery အားမသွင်း)
- BGA Rework, Chip Replace (Graphic Chip, South & North Bridge)
- Motherboard Component Level Repair (Any small components repair)
- LCD & LED Screen, DVD Drive, Battery, Keypad Change

LAPTOP & DESKTOP Motherboard
အသေးစိတ်အစိတ်အပိုင်းများအထိ
ပြုပြင်ပေးပါသည်။

acer ASUS lenovo DELL MSI Hasee hp TOSHIBA SAMSUNG



Desktop Motherboard
တစ်ချပ် ၇၀၀၀ နှုန်းဖြင့်
ပြုပြင်ပါသည်။

01-30, Asia Plaza, Seik Kan Tha Street(Upper block), Kyauktada Tsp, Yangon. **Laptops:** 09 43199601, 09 421027926 ,**Desktop** - 09-73025489



# ELITE ENGINEERING GROUP TRAINING
Since 1997

နိုင်ငံတကာအဆင့်မီကျွမ်းကျင်အင်ဂျင်နီယာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော အမှတ် (၁၂၆) ဗြဲ့ပီထပ်၊ ၃၉လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ကျွမ်းကျင်တတ်မြောက်ရေးကို အထူးအလေးထားသင်ကြားပေးသည်

HOT LINE 01 246150, 095180790
နေ့တန်းနဲ့သစ်များစပြီ

**အသုံးချ အင်ဂျင်နီယာသင်တန်းများ**

၁။ ရေခဲသေတ္တာ၊ လေအေးပေးစက် လက်တွေ့၊ စာတွေ့သင်တန်း
၂။ လက်တွေ့လျှပ်စစ် အသုံးချသင်တန်း (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ)
၃။ အဆင့်မြင့် Electrical Motor Control သင်တန်း
၄။ လက်တွေ့အသုံးချ အီလက်ထရွန်နစ်သင်တန်း (Basic Electronic, TV, VCD, DVD & EVD)
၅။ ကွန်ပျူတာဖြင့် Circuit ပတ်လမ်းရေးဆွဲနည်း သင်တန်း (Multi Simulation)
၆။ Programmable Logic Controller (PLC) သင်တန်း
၇။ Welding 3G, 4G, 5G, 6G သင်တန်း
၈။ Motor Winding Repair သင်တန်း
၉။ Pipe Fitter သင်တန်း
၁၀။ Marine Fitter (တွင်ခုံ၊ အင်ဂျင်စက်ပြင်၊ ဂဟေဆက်) သင်တန်း

**အသစ်ဖွင့်လှစ်သော နည်းပညာသင်တန်းများ**

၁။ Peripheral Interface Controller (IC အသုံးချ ထိန်းချုပ်မှု အတတ်ပညာ)
၂။ AutoCAD & 3Ds Max Engineering Drawing (2D, 3D) (အခြေခံနှင့် Civil, Mechanical, M&E, Architect AutoCAD)
၃။ လက်တွေ့အသုံးချ ကွန်ပျူတာပြုပြင်နည်းသင်တန်း (A+) (CompuTIA သင်ရိုးအတိုင်းသင်ကြားပေးသည်)
၄။ လက်တွေ့ နက်ဝပ်ချိတ်ဆက်နည်းသင်တန်း (Network+) (CCNA Guideline)
၅။ Phone ပြုပြင်နည်းသင်တန်း (Software & Hardware)
၆။ MatLAB သင်တန်း (အင်ဂျင်နီယာ တွက်ချက်ကွပ်ကဲမှုအတတ်ပညာ)
၇။ Programming သင်တန်း (Assembly, C++, Visual Basic)
၈။ Computerized Numeriacal Control (CNC) သင်တန်း

နယ်ဘော်ဒါရှိသည်

- တစ်ဦးချင်းသင်ကြားနိုင်ခြင်း
- သင်တန်းပြီးဆုံးသည်နှင့် အလုပ်အကိုင် ရရှိနိုင်ခြင်း
- တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများအတွက် အထူးအစီအစဉ်
- အသားရစ်အားလုံးကို ၁၀ % Discount ပေးခြင်း
- နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ၁၅ % အထိ Discount ပေးခြင်း
- မိုဘိုင်းဖုန်းသင်တန်း တက်ရောက်လိုသူများအတွက် ၅၀ % အထိ Discount ပေးမည်

*စာမျက်နှာ (၉) မှအဆက်. . .*

ကြီးမားတဲ့စွန့်စားမှုဖြစ်နေတယ်။ စာအုပ်တစ်အုပ်ရဲ့ ဖြစ်နိုင်ချေတန်ဖိုးအပေါ် မသေချာမှုကလည်း နှစ်ဖက်သွားပုံစံဖြစ်နေတယ်။ တကယ်ပေါက်မယ့် စာအုပ်ကို လျစ်လျူရှုမိလိုက်နိုင်ပြီး လူကြိုက်နည်းမယ့် စာအုပ်ကိုလည်း ပုံအောရင်းနီးပြီး ထုတ်လိုက်မိနိုင်ပါတယ်။ ပုံနှိပ်ထုတ်ဝေရေးစာအုပ်တိုက်တွေဟာ အကြီးအကျယ်ပေါက်သွားတဲ့စာအုပ်တွေကြောင့်သာ ရှုံးသွားတဲ့စာအုပ်တွေရဲ့ ကုန်ကျစရိတ်ကို ထေမိတာဖြစ်ပါတယ်။ များသောအားဖြင့် ရှုံးသွားတဲ့စာအုပ်တွေအတွက် အမြတ်ငွေလုံလောက်အောင် ကျန်တတ်ပါတယ်။ ဘယ်စာအုပ်အတွက်မဆို အောင်မြင်မလား ကျရှုံးမလားဆိုတာ ခန့်မှန်းဖို့မဖြစ်နိုင်ပါဘူး။ ဒါဟာလုံးဝကို လောင်းကစားဆန်ပါတယ်။

ဈေးနှုန်းနဲ့ပတ်သက်ပြီး ချက်ချင်းလက်ငင်း စိတ်ပူစရာအပြင် ထုတ်ဝေသူတွေဟာ ရုပ်ပိုင်းအရရှိတဲ့စာအုပ်ဆိုင်တွေ ပျောက်ကွယ်သွားမှုက စာအုပ်လုပ်ငန်းတစ်ခုလုံး မျိုးတုန်းသွားစေမှာကိုလည်း ပူပန်ကြပါတယ်။ ဒါက Amazon ကိုယ်တိုင်ကိုတောင် ပျောက်ကွယ်သွားစေနိုင်ပါတယ်။ သုတေသနပြုချက်တွေအရ စာဖတ်သူတွေဟာ စာအုပ်တွေရှာဖို့ အွန်လိုင်းစာအုပ်ဆိုင်တွေကို အသုံးပြုလေ့မရှိပါဘူး။ အခြားတစ်နေရာမှာတွေ့လာတဲ့ စာအုပ်အမျိုးအမည်တွေဝယ်ဖို့ပဲ အသုံးပြုကြပါတယ်။ Amazon ရဲ့ Price Check app ဟာဆိုရင် ဖောက်သည်တွေအနေနဲ့ တကယ့်စတိုးဆိုင်ကပစ္စည်းကို scan ဖတ်ပြီး Amazon မှာ ပိုနည်းတဲ့ဈေးနဲ့ ဝယ်ယူခွင့်ပြုတာ စာအုပ်ဆိုင်ပိုင် ရှင်တွေသာသိမယ်ဆိုရင် ဒေါသထွက်ရပါလိမ့်မယ်။ ရှာဖွေကြည့်ရှုစရာ စတိုးဆိုင်တွေမရှိရင် နေရာတကာက စာအုပ်ရောင်းအားတွေ အကြီးအကျယ် ထိခိုက်စေမှာ ထုတ်ဝေသူတွေက ကြောက်လန့်ကြပါတယ်။ မြင်နိုင်သေးတဲ့ အနာဂတ်အတွင်းမှာတော့ သမားရိုးကျပုံနှိပ်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဟာ ပျောက်ကွယ်သွားစရာအခြေ အနေမရှိသေးပါဘူး။ တစ်ပြိုင်တည်းမှာပဲ ဒစ်ဂျစ်တယ်စနစ်နဲ့ အွန်လိုင်းဖြန့်ချိရေးကနေ ebook တွေ အဖြစ် ထုတ်ဝေခြင်းကလည်း ဆက်လက်အရှိန်ရ အားကောင်းနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစဉ် အလာစာအုပ်ထုတ်ဝေရေးနဲ့ ဒစ်ဂျစ်တယ်ပုံစံဖြန့်ဝေမှုတို့ဟာ စာအုပ်လုပ်ငန်းတစ်ခုလုံးရဲ့ ကိုင်းခွဲနှစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမှာပဲဖြစ်ပါတယ်။




# TOP HITS

## Barcamp Pyay 2013 ကျင်းပရန်ပြင်ဆင်

Barcamp Pyay 2013 ကျင်းပပြုလုပ်နိုင်ရန်အတွက် Organizer Team စတင်ဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ Barcamp Pyay 2013 ကို ဇွန် (၁၅)ရက်နှင့် (၁၆)ရက်များတွင် ကျင်းပပြုလုပ်နိုင်ရန်အတွက် စီစဉ်လျက်ရှိသည်။

Barcamp Pyay 2013 တက်ရောက်နိုင်ရန်အတွက် Online Register ကို Official Website ဖြစ်သည့် www.barcamppyay.org တွင် မေလ တတိယပတ်မှစ၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး Barcamp နှင့်ပတ်သက်သည့် Update များကို Official Website နှင့် Barcamp Pyay Facebook တွင် အချက်အလက်များကို ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Barcamp Pyay 2013 ကို ယခင်ပြုလုပ်သည့် အ. ထ. က (၁)ပြည်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## ဆက်သွယ်ရေးဥပဒေထွက်ရှိမှ ပုဂ္ဂလိကဆက်သွယ်ရေးကဏ္ဍ ဖြစ်လာဖွယ်ရှိ

အစိုးရအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန် အထူးရည်ရွယ်၍ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆက်သွယ်ရေးဥပဒေထွက်ရှိလာပြီး နောက်ပိုင်းကာလများတွင် မြန်မာ့ဆက်သွယ်ရေး၏အခန်းကဏ္ဍများအပြင် ပုဂ္ဂလိကကုမ္ပဏီများလည်း ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် ပါဝင်လာမည်ဟု သိရှိရသည်။ လက်ရှိကာလတွင် ဆက်သွယ်ရေးအော်ပရေတာ (၂)နေရာအတွက် ပုဂ္ဂလိကကုမ္ပဏီ (၁၂)ခုကို စိစစ်ရွေးချယ်လျက်ရှိသည်။

## တန်ဖိုးနည်း Sim Card များအတွက် တန်ဖိုးမြင့် Handset ဈေးကွက်ဖြစ်ပေါ်

တန်ဖိုးနည်း Sim Card များရောင်းချပေးပြီးနောက်ပိုင်း CDMA 800MHz Sim Card အသုံးပြုနိုင်သော Handset များအနေဖြင့် ဈေးနှုန်းမြင့်တက်မှုများရှိကြောင်း Handset ဈေးကွက်မှ တစ်ဆင့်သိရှိရသည်။ Handset များအနေဖြင့် မူလဈေးနှုန်းထက် ငွေ ကျပ်(၇၀၀၀)မှ (၁၅,၀၀၀)ဝန်းကျင်အထိ ဈေးမြင့်တင်ရောင်းချမှုများ ရှိသည်။ ထို့အပြင် CDMA 800MHz Sim Card အသုံးပြုနိုင်သော Handset အများစုမှာ Keypad စနစ်သုံး Handset များဖြစ်ကြောင်း နည်းပညာအသိုက်အဝန်းမှတစ်ဆင့် သိရှိရသည်။

## မန္တလေးတွင် တန်ဖိုးနည်း Sim Card ဈေးမြင့်တက်

မန္တလေးတိုင်းဒေသကြီးအတွင်း တန်ဖိုးနည်း ၁,၅၀၀တန် Sim Card များ၏အမြင်ဈေးမှာ ငွေကျပ် (၈၀,၀၀၀)ဝန်းကျင်အထိ မြင့်တက်သွားကြောင်း ဧပြီ (၂၉)ရက်နေ့တွင် ကြားသိရသည်။ မဲနှိုက်စနစ်ဖြင့် ရောင်းချမှုများရှိခြင်းကြောင့် Sim Card မလိုအပ်သူများအနေဖြင့်ပြန်လည်ရောင်းချမှုများရှိခြင်းနှင့် တန်ဖိုးနည်း Sim Card ဝယ်ယူလိုသူဦးရေများပြားခြင်းတို့ကြောင့် တန်ဖိုးနည်း Sim Card များအနေဖြင့် ဈေးနှုန်းမြင့်တင်မှုများရှိကြောင်း မန္တလေးရှိနည်းပညာအသိုက်အဝန်းမှတဆင့် သိရှိရသည်။

## တာဝါတိုင်၏လေးမိုင်အတွင်း အသုံးပြုနိုင်သော တန်ဖိုးနည်းဖုန်း

ဧပြီ (၂၄)ရက်နေ့တွင် ရောင်းချပေးခဲ့ပြီးဖြစ်သော တန်ဖိုးနည်း Sim Card များအနေဖြင့် တာဝါတိုင်နှင့် လေးမိုင်အတွင်း၌သာ အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ တန်ဖိုးနည်းဖုန်းလိုင်းများအတွက် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တာဝါတိုင်ပေါင်း (၂၈၂)ခု တည်ဆောက်ထားရှိသည်။ ထို့ကြောင့် အထက်ပါ တာဝါတိုင် ဧရိယာအတွင်း၌သာပြည်တွင်း၊ ပြည်ပခေါ် ဆိုမှုများ ပြုလုပ်နိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြေငြာထားသည်။

## GSM Sim Card မျှော်လင့်သူ ပိုမိုများပြား

CDMA 800MHz နှင့် WCDMA ဆက်သွယ်ရေးစနစ် များအသုံးပြုထားသော တန်ဖိုးနည်း Sim Card အရေအတွက်လိုင်း (၁)သန်းရောင်းချပြီးမှသာ GSM Sim Card များ ထပ်မံရောင်းချဖွယ် ရှိကြောင်းနည်းပညာအသိုက်အဝန်းမှ တစ်ဆင့်ကြားသိရသည်။ လက်ရှိကာလတွင် တန်ဖိုးနည်း ၁,၅၀၀ တန် Sim Card များ အသုံးပြုနိုင်ပြီ ဖြစ်သော်လည်း အများစုအနေဖြင့် GSM Sim Card မျှော်လင့်သူများပြားကြောင်း ကြားသိရသည်။ အဆိုပါ GSM Sim Card များ အနေဖြင့် နိုင်ငံတကာဆက်သွယ်မှုများကို ပြုလုပ်နိုင်သည့်အပြင် Handset ရွေးချယ်ဝယ်ယူခွင့် များပြားသောကြောင့် လူအများအနေဖြင့် GSM Sim Card ကို ပိုမိုကြိုက်နှစ်သက်ခြင်းဖြစ်သည်။

## ဆက်သွယ်ရေးကဏ္ဍအတွက် ငွေကျပ်တစ်သောင်းတန် အစုရှယ်ယာများခေါ်ယူ

ဆက်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်သွားမည့် Myanmar Telecommunication Network (MTN) ကုမ္ပဏီ၏ ကျပ်ငွေ (၁၀) ဘီလီယံကို အများပြည်သူများထံသို့ ရှယ်ယာများ ထုတ်ဝေရောင်းချ ပေးသွားမည်ဖြစ်သည်။ အစုရှယ်ယာတစ်ခုကို ကျပ်ငွေ (၁)သောင်း သတ်မှတ်၍ ဧပြီ (၂၄)ရက်မှစတင်ဝယ်ယူနိုင်သည်။ MTN ကုမ္ပဏီ အနေဖြင့် အစိုးရခွင့်ပြုချက်ကိုရယူ၍ Mobile ဆက်သွယ်ရေး လုပ်ငန်း များ၊ ISP လုပ်ငန်းများနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်သည်။

## GSM Sim Card ရောင်းချမည့် သတင်းများထွက်ပေါ်

လူအများမျှော်လင့်လျက်ရှိသော GSM Sim Card များကို ငွေကျပ် (၃၀,၀၀၀)ကျပ်ဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရပ်ကွက်များမှတစ်ဆင့်ကြားသိရသည်။ ထို့အပြင် ငွေကျပ် (၃၀,၀၀၀)ဖြင့် ဝယ်ယူနိုင်သော GSM Sim Card များအတွက် ရှေးဦးစွာ ငွေကျပ် (၁၅,၀၀၀)ကျပ်ပေးဆောင်ရမည်ဖြစ်ပြီး Sim Card ရရှိပြီးနောက်ပိုင်းကာလများတွင် ကျန်ငွေ (၁၅,၀၀၀)ကျပ်ကို ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း Online သတင်းများ ထွက်ပေါ်လျက်ရှိသည်။

# PROMOTION CORNER


**its** — Computer, Mobile Sales and Services Centre

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Laptop, Desktop, Tablet
မဆို
လာရောက်ဝယ်ယူအားပေးသူတိုင်းအား
5000 Ks Discount
နှင့်
ဖုန်းမျက်နှာပြင်ကြည်လင်စေသော Screen Protector / အကြောင်း လက်ဆောင်ပေးပါမည်။

အမှတ်(၂၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၃၇၁၃၃၄၊ ၀၉၇၃၀၇၀၇၉၅၊ ၀၉၄၂၅၀၀၀၁၂
Email-i+nfo@itsyangon.com

**ASIA TECH**

ဤကူပွန်ဖြင့်
မည်သည့် Laptop ကိုမဆို
လာရောက်ဝယ်ယူပါက
10000 Ks Discount
လက်ဆောင်ပစ္စည်း(၁၀)မျိုး နှင့်
မည်သည့်ဖုန်းကိုမဆိုဝယ်ယူပါက
5000 Ks Discount

အမှတ်(၂၇၄ - ၂၇၈)၊ ဆိပ်ကမ်းသာလမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၉၂၅၅၁

**EASTERN** — Computer Sales & Services

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Tablet ကိုမဆို ဝယ်ယူပါက
Tablet Case
လက်ဆောင်ပေးသွားပါမည်။

အမှတ်(၁၂၉)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၉၈၂၂၄

**GPT** — GOLDEN PHOENIX TECHNOLOGY COMPANY LIMITED.

ဤကူပွန်ဖြင့်
GPT Showroom မှ
မည်သည့် Laptop ကိုမဆို
လာရောက်ဝယ်ယူပါက
15000 Ks Discount

အမှတ်(၂၀၆/ဘီ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်အောင်ကျော်လမ်းနှင့် သိမ်ဖြူလမ်းကြား
ဗိုလ်တစ်ထောင်မြို့နယ်၊ ဖုန်း - ၀၁ - ၃၉၂၅၇၆

**iDEA LiNK** — Computer Sales & Service Centre

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
ပေးပါမည်။

အမှတ်(၁၈၂)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၉ - ၅၁၃၇၆၂၁၂

**KSW COMPUTER** — King Service Wisdom

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
10000 Ks Discount
ပေးပါမည်။

အမှတ်(၁၉၀)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၉၈၀၃၇

**NEO TECH**

ဤကူပွန်ဖြင့်လာရောက်ပြီး
Laptop များကိုဝယ်ယူပါက
5000 Ks Discount
နှင့် အခြားလက်ဆောင်ပစ္စည်းများ

Samsung Laptop ကိုဝယ်ယူပါက
10000 Ks Discount
နှင့် အခြားလက်ဆောင်ပစ္စည်းများ

အမှတ်(၁၅၅)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၉၈၁၉၉

**TECHNO EYE** — Computer Sales & Services

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
နှင့် ကွန်ပျူတာပြုပြင်ခြင်းအတွက်
လက်ခ 50% လျှော့ပေးပါမည်။

အမှတ်(၁၇၀ - D1)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့်
ဂေါလမ်းထောင့်၊ ကန်တော်လေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - ၀၉ - ၇၃၂၁၃၀၅၇

**THA PAYE PWINT** — COMPUTER SALES AND SERVICE

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
ပေးပါမည်။

အမှတ်(၂၁၄)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၈၅၅၀၁

**T ZONE**

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Projector, Laptop,
Tablet နှင့် Desktop ကိုမဆို
ဝယ်ယူပါက 5000 Ks Discount
နှင့် ဗလာမပါက်စမ်းမဲနှင့်ဆုမဲများ
Camera
External HDD
Targes USB Mouse

အမှတ် (၁၂၅ - ခ)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၂၅၆၉၊ ၀၉ - ၅၀၂၅၇၁၉

**UNiQUE** — IT, Mobile & Electronic Center

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Desktop နှင့်
Laptop ကိုမဆိုဝယ်ယူပါက
10000 Ks Discount
ပေးသွားပါမည်။

- အမှတ်(၂၆၁)၊ ပန်းဆိုးတန်း(ပေါ်)၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ - ၇၃၀၇၃၂၁၂
- အမှတ်(၁၉၄)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်။

**Winter Root Computer**

ဤကူပွန်ဖြင့်
မည်သည့် Laptop ကိုမဆို
လာရောက်ဝယ်ယူပါက
5000 Ks Discount
နှင့်
Service 10%
လျှော့ချပေးပါမည်။

- အမှတ်(၂၈၇/၂၈၉)၊ ဗိုလ်အောင်ကျော်လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၃၉၂၅၆၉

**F@X COMPUTER**

LAPTOP BRAND အစုံ၏ BATTERY အသစ်များရနိုင်ပါပြီ။




Ph : 01-380988, 09 73013836 (SKT)
02-69389, 09 91039206 (MDY)
01-389357, 09 73162792 (BAK)

**International Education Network Programme**

IELTS Foundation Course + Exam

**Preparation 10 Months**
770,000 Ks

(Speaking + Vocabulary),
Reading + Arcument Writing
Academic Writing, Report
Writing, Listening Practice and
Grammar + Exam Practise)

Discount 20,000

ဆက်သွယ်ရန် - ဒေါ်မေသူလွင်
Ph: 610351

**Digital Life**

ဂျာနယ်ကို
အပတ်စဉ်မှာယူလိုပါက

Ph: 01-392669


# FIND US ON FACEBOOK




**Digital Life Facebook Page မှ Post များကို Share ခြင်းဖြင့် ဖုန်းငွေဖြည့်ကတ်များ ရယူပါ။**

**www.facebook.com/MyanmarDigitalLife**

မှ

စည်းကမ်းချက်များကို ထပ်မံဖော်ပြပေးသွားပါမည်။

မကြာမီ လာမည်

# EDUCATION NEWS

EDUCATION NEWS

## ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသူများအတွက် Acer ၏ အထူး Promotion




ရွှေလမင်းနဂါးကုမ္ပဏီမှ Acer Product များကို ဝယ်ယူအားပေးမည့် Customer များကို ကျေးဇူးတုံ့ပြန်သည့် အစီအစဉ်အဖြစ် နှစ်စဉ်ကျင်းပလေ့ရှိသော Student Challenging Opportunities ကို ၂၀၁၃ခုနှစ် မေ(၂၂)ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်သည်။ Student Challenging Opportunities ဆိုသည်မှာ Acer Notebook, Mini Notebook, Desktop, Ultrabook, Tablet ဝယ်ယူပြီး Register ပြုလုပ်ထားသည့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားသူတိုင်း Distinction ဖြင့် အောင်မြင်ပါက ရရှိနိုင်မည့် အခွင့်အရေးဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ Student Challenging Opportunities တွင် Register ပြုလုပ်ထားသူများထဲမှ 1(D)/ 2(D) ဖြင့်အောင်မြင်ပါက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၅%ကို (၁၀)ယောက်သို့လည်းကောင်း၊ 3(D) ဖြင့် အောင်မြင်ပါက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၁၀%ကို (၅)ယောက်သို့လည်းကောင်း၊ 4(D)ဖြင့်အောင်မြင်ပါက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၁၅%ကို (၅)ယောက်သို့လည်းကောင်း၊ 5(D)ဖြင့် အောင်မြင်ပါက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၂၀%ကို (၅)ယောက်သို့လည်းကောင်း၊ All (D) ဖြင့်အောင်မြင်ပါက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၃၀%ကို(၅)ယောက်သို့လည်းကောင်း စုစုပေါင်း အယောက် (၃၀)ကို မဲနှိုက်ရွေးချယ်၍ ဂုဏ်ပြုဆုငွေအဖြစ် ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

Promotion ကာလအနေဖြင့် ၂၀၁၃ ခုနှစ် မေ ၂၂ ရက်နေ့မှတက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းမထွက်မီ တပတ်အလိုအထိ သတ်မှတ်ထားပြီး Acer Notebook, Mini Notebook, Desktop, Ultrabook, Tablet ဝယ်ယူသူတိုင်း ကံစမ်းခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ Register ပြုလုပ်ပုံမှာ ၂၀၁၂-၂၀၁၃တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ၏အမည်ဖြင့် ဝယ်ယူထားသည့် Invoice နှင့်တကွ မိမိဝယ်ယူထားသည့်ဆိုင်တွင်လည်းကောင်း၊ Acer (မော်တင်)၊ Acer (မန္တလေး)၊ Acer (နေပြည်တော်) Showroom များတွင်လည်းကောင်း၊ Register Form များတောင်းယူ၍ ဖြည့်စွက်ရမည်ဖြစ်သည်။ Register ပြုလုပ်ရန်အတွက် အမည်၊ ဖုန်းနံပါတ်၊ ခုံနံပါတ်၊ ဖြေဆိုခဲ့သောကျောင်းအမည် လိုအပ်မည်ဖြစ်ပြီး Register ပြုလုပ်ထားခြင်းမရှိသည့်သူများကို ပါဝင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရှိရသည်။

တက္ကသိုလ်ဝင်တန်းအောင်စာရင်းထွက်ပြီးပါက Register လုပ်ထားသည့် ကျောင်းသား၊ ကျောင်းသူများထဲမှ စုစုပေါင်း အယောက် (၃၀)ကို ကံစမ်းမဲဖြင့် မဲနှိုက်ရွေးချယ်၍ ဆုငွေချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ Student Challenging Opportunities ကို မြန်မာတစ်ပြည်လုံးရှိ Acer ၏ Dealer, Reseller ဆိုင်များတွင် ဆက်သွယ်မေးမြန်း၍ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

## System Engineer သင်တန်းများဖွင့်လှစ်



System Engineer တစ်ယောက်အဖြစ် IT နယ်ပယ်တွင် အလုပ်ဝင်လိုသူများနှင့် မိမိကွန်ပျူတာကို ကိုယ်တိုင်ပြုပြင်လိုသူများအတွက်အထူးရည်ရွယ်၍ Computer ပြုပြင်ခြင်း အထူးသင်တန်းများကို MICRO NET Computer Technology Centre တွင် တက်ရောက်နိုင်ကြောင်း သိရှိရသည်။

အဆိုပါ သင်တန်းများကို လစဉ်(၁)ရက်နေ့နှင့် (၁၅)ရက်နေ့တိုင်းတန်းခွဲသစ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး Network ချိတ်ဆက်ခြင်းနှင့် Internet ချိတ်ဆက်ခြင်းများပါဝင်သည်။ သင်တန်းအချိန်များမှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၉)နာရီမှ ညနေ(၃)နာရီအတွင်းတက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းကာလ(၁)လ တက်ရောက်ရန်လိုအပ်ပြီး အလုပ်သင်အဖြစ် (၃)လ လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။ သင်တန်းပြီးဆုံးသူတိုင်းအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရန် ၁၀၀% အာမခံကြောင်း သိရှိရသည်။ "ကျွန်တော်တို့သင်တန်းမှာတော့ A+ သင်တန်းတစ်ခုကိုပဲ ဖွင့်လှစ်ထားရှိပြီး System Engineer များစွာကို မွေးထုတ်ပြီးဖြစ်ပါတယ်။ အဲဒီအပြင် တက်ရောက်သူတိုင်းအတွက်လည်း သက်သာအောင်ရည်ရွယ်ပြီး သင်တန်းကြေးတစ်သိန်းသတ်မှတ်ထားပါတယ်" ဟု တာဝန်ရှိသူတစ်ဦးမှပြောကြားခဲ့သည်။

ကွန်ပျူတာအခြေခံမရှိသေးသူများ တက်ရောက်နိုင်ပြီး နယ်မှတက်ရောက်လိုသူ သင်တန်းသားများအတွက် အဆောင်စီစဉ်သွားမည်ဖြစ်သည်။ တက်ရောက်လိုသူများအနေဖြင့် MICRO NET Computer Technology Centre အမှတ်-၈၉၊ အနော်ရထာလမ်းမပေါ်၊ ဆိပ်ကမ်းသာလမ်းထောင့်၊ (၅)လွှာ(ဘယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၆၀၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

## မိုဘိုင်းလ်နှင့်ပတ်သက်သော အထူးသင်တန်းများ A-One တွင်တက်ရောက်နိုင်

Mobile ဖုန်းနှင့်ပတ်သက်၍ ကျွမ်းကျင်စွာအသုံးပြုခြင်းနှင့် ပြုပြင်ရေးအတွက် သင်တန်းများကို A-One Computer, Training & Mobile Service မှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသင်တန်းတွင် Mobile ဖုန်းများကို Jailbreak လုပ်ခြင်း၊ Phone Internet Setting ထိုင်ခြင်း၊ Phone ဖြင့် PC တွင် Internet အသုံးပြုခြင်း၊ Contacts၊ Message & App၊ Pattern Lock၊ User Password၊ Back-up & Restore၊ Version Upgrade & Downgrade၊ Dead Boot ဖြစ်နေသောဖုန်းများနှင့် Firmware မှားယွင်းသောဖုန်းများအား Software ပြန်သွင်းပြီး ပြန်လည်အသုံးပြုနိုင်စေရန် ပြုလုပ်ခြင်း၊ Android ဖုန်းများတွင် Root ဖောက်ရန်မလိုပဲ မြန်မာစာအသုံးပြုခြင်း စသည်ဖြင့် သင်တန်းသားတစ်ဦးလျှင် ဖုန်းတစ်လုံးနှင့်စုံလင်စွာ မတတ်မချင်း သင်ကြားပေးမည်ဖြစ်ကြောင်းသိရှိရသည်။ CDMA + 800 MHz Phone များအတွက် Hardware & Software Error Solution သင်တန်းပြီးဆုံးသည့်တိုင် မိမိကိုယ်တိုင် (မတတ်သေး၊ မကျွမ်းသေး) ဟုယူဆပါက တန်းခွဲသစ်များတွင် အခမဲ့ပြန်လည်တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးဆုံးပါက လိုအပ်သော Data၊ Software၊ Firmware၊ Tools....etc များနှင့် Mobile ဆိုင်ဖွင့်လိုသူများအတွက် လိုအပ်သောအကူအညီများပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက A-One Computer, Training & Mobile Service အမှတ်-၂၄၀၊ မြေညီထပ်၊ ၃၉ လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၉-၄၂၀၀၇၅၈၆၂၊ ၀၁-၂၄၅၅၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

## A+ နှင့် Graphic သင်တန်းများ PROFIT တွင်တက်ရောက်နိုင်

Desktop များ၊ Laptop များနှင့်ပတ်သက်သော Paractical A+ Special Course များနှင့် Graphic Design Course များကို PROFIT Computer Training Centre တွင် တက်ရောက်သင်ကြားနိုင်ကြောင်း သိရှိရသည်။

ထို့အပြင် Software များ Install ပြုလုပ်ခြင်း၊ Anti Virus System နှင့် အခြားသိသင့်သော System Tools များအကြောင်း၊ Networking ချိတ်ဆက်ခြင်းများအပြင် CCTV နှင့် IP Camera များ တပ်ဆင်အသုံးပြုခြင်းများကို ထည့်သွင်းသင်ကြားပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ကြော်ငြာဒီဇိုင်းများ၊ ဗီနိုင်းများ၊ မွေးနေ့ကတ်နှင့် Wedding Card၊ Visiting Card များဖန်တီးခြင်း၊ ဓာတ်ပုံအသစ်အဟောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှုထုံးခွံဒီဇိုင်းများ၊ အမှတ်တံဆိပ်များရေးဆွဲခြင်းနှင့် စာအုပ်မျက်နှာဖုံးဒီဇိုင်းပြုလုပ်ခြင်းများကို တက်ရောက်နိုင်သည်။

လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ Layout ချခြင်း၊ စာအုပ်စာဖောင်ဖွဲ့ခြင်းများစသည့် ဖန်တီးပြုပြင်ခြင်းများကို Tutorial ပေါင်း များစွာဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ တက်ရောက်လိုသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် PROFIT Computer Training Centre အမှတ်-၁၈ (D-5)၊ ဦးထွန်းလင်းခြံလမ်း၊ သပြေညို(၁)လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ဖုန်း- ၀၉-၇၃၀၈၄၇၅ သို့ ဆက်သွယ်နိုင်သည်။

## အင်ဂျင်နီယာဘာသာရပ်များ အထူးသင်တန်းများဖွင့်လှစ်

အင်ဂျင်နီယာတစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းလိုသူလူငယ်လူရွယ်များအတွက် အင်ဂျင်နီယာအတတ်ပညာသင်တန်းများကို GLORY သင်တန်းကျောင်းတွင် တက်ရောက်နိုင်ကြောင်း သိရှိရသည်။

အဆိုပါ GLORY သင်တန်းကျောင်းတွင် အသုံးချ အီလက်ထရောနစ်သင်တန်း၊ တီဗွီ၊ ဗီစီဒီနှင့် ဒီဗီဒီစက်ပြုပြင်ရေးသင်တန်းများ၊ ဖြိုက်တုစလောင်းသင်တန်း၊ အခြေခံလျှပ်စစ်နှင့်ဝါယာရိန်းသင်တန်း၊ မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာလက်တွေ့သင်တန်း၊ မော်တော်ကားဝါယာရိန်းသင်တန်း၊ အင်ဂျင်သင်တန်း၊ ဟန်းဆက်ပြုပြင်ခြင်းသင်တန်း၊ ရေကြောင်းလျှပ်စစ်နှင့် အဆင့်မြင့်အင်ဂျင်နီယာသင်တန်းများ (PLC, CNC, PIC)၊ ဂဟေဆက်သင်တန်း၊ ပိုက်ဖစ်တာသင်တန်း၊ လေအေးပေးစက်နှင့်ရေခဲသေတ္တာပြုပြင်ခြင်းသင်တန်းများအပါအဝင် အဆင့်မြင့် Electrical Control သင်တန်းများကို လစဉ်လတိုင်း တန်းခွဲသစ်များဖွင့်လှစ်၍သင်ကြားပေးလျက်ရှိသည်။

အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ရန် လိုအပ်သောအင်ဂျင်နီယာသင်တန်းများတက်ရောက်လိုပါက GLORY ၁၂၅-ဘီ၊ ပ-ထပ်၊ (၃၈)လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်-၀၉-၇၃၁၂၁၇၁၇၊ ၀၉-၅၁၉၇၈၁၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ ထို့အပြင် www.glory-education.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။

# Top 10 Spy gadgets

**ကမ္ဘာကျော်**သူလျှိုတစ်ယောက်ဖြစ်တဲ့ ဂျိမ်းစ်ဘွန်းကို လူတိုင်းနီးပါး သိကြမှာပါ။ ဂျိမ်းစ်ဘွန်းဟာ ရုပ်ရှင်ဇာတ်ကောင် တစ်ယောက်ဖြစ်တယ်ဆိုပေမယ့် ပြင်ပလောကမှာ အမှန်တကယ်ရှိတဲ့ spy တစ်ယောက်အလား စွဲလမ်းကြသူတွေလည်း အမြောက်အများ ရှိပါတယ်။ ဒီလို နာမည်ကျော် spy တစ်ယောက်ဖြစ်ဖို့ ဂျိမ်းစ်ဘွန်းကို အထောက်အကူ ပြုနေတဲ့အရာတွေက spy gadget တွေဖြစ်တယ်ဆိုတာ ငြင်းလို့ရနိုင်မှာ မဟုတ်ပါဘူး။ နည်းပညာမြင့် gadget တွေ မသုံးနိုင်တဲ့ spy တစ်ယောက်ဟာ မြားမရှိတဲ့ လေးသမား တစ်ယောက်လို ဖြစ်နေမှာပါ။ ကျော်ကြား အောင်မြင်တဲ့ spy တစ်ယောက်ရဲ့ နောက်ကွယ်မှာ သူအသုံးပြုတဲ့ spy gadget အနည်းဆုံး တစ်မျိုးတော့ရှိနေပါ လိမ့်မယ်။ ဈေးကွက် ထဲမှာတော့ ဝယ်ယူရရှိနိုင်တဲ့ spy gadget တွေ အမြောက် အများရှိပါတယ်။ အဲဒီအထဲကမှ gadget ၁၀ မျိုးကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

## 1 Bluetooth Headset Spy Camera

ဒီ **bluetooth device** လေးကို နားထဲမှာ ထည့်ထားပြီး သီချင်းရဲ့စည်းချက်ကိုလိုက်ကာ ခေါင်းလေး လှုပ်ရှားပေးနေရုံနဲ့ အခြားသူတွေရဲ့ အာရုံ စိုက်မှုမခံရဘဲ audio နဲ့ video မှတ်တမ်းတင်မှုတွေ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ၂.၄ လက်မအရွယ် သီးခြား LCD display ပါဝင်ပြီး memory သိုလှောင်နိုင်စွမ်း ပမာဏက 2GB ဖြစ်ပါတယ်။






## 2 CP-1 USB Spy Mouse

အပြင်ပန်းက သာမန် mouse တစ်လုံးလို့ ထင်မြင်စရာရှိပေမယ့် အခြားသူတစ်ယောက် အတွင်း ရေးတွေကို ထောက်လှမ်းပေးနိုင်တဲ့ mouse တစ်လုံး ဖြစ်ပါတယ်။ ၇၅ ဂရမ် အလေးချိန်ရှိတဲ့ ဒီ mouse ရဲ့ဝမ်းဗိုက်အောက်မှာ အရွယ်အစားချုံပြီး တပ်ဆင် ထားတဲ့ microphone ပါဝင်တာကြောင့် အနီးအနား ဝန်းကျင်မှာရှိနေတဲ့ ပြောစကားတွေကို ဖမ်းယူထား နိုင်ပါတယ်။ ဒီအသံဖိုင်တွေကို ကွန်ပျူတာဖွင့်လိုက် ချိန်မှာ အလိုအလျောက် လွှဲပြောင်း ပို့ဆောင်ပေးပြီး ကွန်ပျူတာပိတ်လိုက်ချိန်မှာ recording စတင် လုပ်ဆောင်ပါတယ်။




## 3 Spy Camera Watch

လှပတဲ့ နာရီလေးတစ်လုံးလို့ ထင်မှတ်မှား မိနေချိန်မှာ အဲဒီအရာက ပတ်ဝန်းကျင် မှာရှိသမျှ အားလုံးကို တိတ်တဆိတ် မှတ်တမ်းတင် နေပါလိမ့်မယ်။ Spy ကင်မရာတပ်ဆင်ထားတဲ့ ဒီနာရီဟာ ဗီဒီယိုမှတ်တမ်းတွေကို သိမ်းဆည်းဖို့ memory 2GB ပါဝင်ပါတယ်။ USB part ကနေတစ်ဆင့် data တွေကို PC ထံ အကူး အပြောင်းလုပ်နိုင်ပြီး ဒီ part ကနေပဲ ဘက်ထရီအား ပြန်သွင်းပေးရမှာ ဖြစ်ပါတယ်။

## 4 Star Chase GPS Transmitter




ခြေရာခံလိုတဲ့ ကားတစ်စီးရဲ့ နောက်ဖက်ကို ဒီပစ္စည်းလေးချိန်တွယ် ပစ်ခတ်လိုက်ပြီး အဲဒီ ကားနောက်မှာ ကပ်ပါသွားပြီဆိုရင်တော့ ဒီ GPS transmitter က ကားရောက်ရှိနေတဲ့နေရာနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို မပြတ်ပေးပို့ပေးနေလို့ အဲဒီကားကို အဆက်မပြတ် ခြေရာခံနိုင်နေမှာဖြစ်ပါ တယ်။

## 5 Spy Camera Belt Buckle

ဒီခါးပတ်ကိုဝတ်ပြီး လူအုပ်ကြားထဲကို သာမန် လူတစ်ယောက်လို ဝင်ရောက်လှုပ်ရှားနေရင်း သူလျှို တစ်ယောက်ဖြစ်ခွင့်ရစေမယ့် ပစ္စည်းလေး ဖြစ်ပါတယ်။ အခြားသူတွေ မရိပ်မိစေဘဲ ပတ်ဝန်းကျင်မှာရှိသမျှ အရာ အားလုံးကို ဗီဒီယိုမှတ်တမ်း ရိုက်ကူးခွင့်ရနေစေမယ့် spy camera တပ်ဆင်ထားတဲ့ ခါးပတ်ဖြစ်ပါတယ်။



## 6 Bluetooth Spy Tank



Spy ကင်မရာ တပ်ဆင်ထားတဲ့ ဒီတင့်ကားလေးကို မိမိ အလိုရှိရာ နေရာကို ပို့လွှတ်ပြီး စုံစမ်း ထောက်လှမ်းမှုတွေ ပြုလုပ် နိုင်မှာဖြစ်ပါတယ်။ ဒီတင့်ကားကို AA အရွယ်အစား ဓါတ်ခဲတစ်လုံးထည့်ပြီး အသုံးပြုရမှာဖြစ်ပါတယ်။ ဒီတင့်ကားရဲ့ ရွေ့လျား သွားလာမှုကို bluetooth စနစ်နဲ့ ထိန်းချုပ်ထားတာဖြစ်ပါတယ်။

## 7 Spy Sunglasses

ဒီ gadget ကတော့ spy အများအပြား အသုံးပြုလေ့ရှိတာကြောင့် ထူးခြားမှု မရှိလှပါဘူး။ ဒါပေမယ့် စမတ်ကျကျနဲ့ စုံစမ်းထောက်လှမ်းမှုတွေ ပြုလုပ် နိုင်မှာဖြစ်တဲ့အတွက် ဒီနေကာမျက်မှန်ကို သူလျှိုတွေ နှစ်ခြိုက်ကြပါတယ်။ မျက်မှန် ကိုင်းမှာ တပ်ဆင်ထားတဲ့ ကင်မရာ အသေး လေးနှစ်ခုက ဗီဒီယို မှတ်တမ်းတင်မှု ပြုလုပ်ပေး နေမှာ ဖြစ်ပါတယ်။



## 8 Device to listen through the walls



တစ်ဖက်နံရံက ပြောစကားတွေကို ဖောက်ထွင်းစရာ မလိုဘဲ ကြားနိုင်ဖို့ အသုံးပြုရမယ့် ပစ္စည်းဖြစ်ပါတယ်။ အာရုံခံအားကောင်းတဲ့ မိုက်ကရိုဖုန်း၊ အသံချဲ့စက်နဲ့ earphone တစ်စုံပါဝင်တဲ့ ဒီကိရိယာဟာ နံရံတွေနဲ့ လက်မအတော်များများ ထူတဲ့မှန်ပြူတင်းပေါက်တွေကို ဖြတ်ပြီး အသံတွေ ကြားရစေနိုင်ပါတယ်။



## 9 Audio Transmitter hidder in Mains Adapter

အလှမ်းကွာဝေးတဲ့ နေရာက အသံ တွေကို ဖမ်းယူပြီး audio singal အနေနဲ့ ပြန်လည် ထုတ်လွှင့် ပေးနိုင်တဲ့ပစ္စည်းဟာ မီးပလပ်ခေါင်း တစ်ခု ပုံစံအနေနဲ့ ရှိနေတာကြောင့် ဘယ်သူမှ သတိထားမိနိုင်မှာ မဟုတ် ပါဘူး။ ဒီပစ္စည်းအတွက် လိုအပ်တဲ့စွမ်းအင်ကို မီးပလပ်ကနေ ရရှိနေမှာဖြစ်လို့ ဘက်ထရီ ကုန်သွားမှာကိုလည်း စိုးရိမ်စရာ မလို တော့ပါဘူး။

## 10 Night Vision Goggles



အလင်းရောင်လုံးဝမရှိဘဲ မှောင်မိုက်တဲ့ နေရာတွေမှာ အမြင်အာရုံရရှိနိုင်မယ့် ညကြည့် မျက်မှန် ဖြစ်ပါတယ်။ LED မီးကို ဖွင့်ပြီး အသုံးပြုနိုင်သလို ဒီမျက်မှန်ကိုဖြတ်ပြီး မြင်ရတဲ့ အရာဝတ္ထုတွေရဲ့ အရောင်ဟာ အစိမ်းရောင်ကနေ အဖြူအမည်းပြောင်းသွားတာမျိုးလည်း ဖြစ်တတ်ပါတယ်။

# Local gadgets



## 3 USB 2.0 HUB

Contact : Pro Tech
Ph : 01 - 378171
Price : 5500 Ks

USB port မလုံလောက်တဲ့ ပြဿနာကို ဖြေရှင်းဖို့အတွက် မဖြစ်မနေ ဝယ်ယူအသုံးပြုသင့်တဲ့ ငါးပုံသဏ္ဌာန် USB hub လေးပဲဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ကြာရှည်ခံတဲ့ ဒီဇိုင်းပုံစံနှင့် ကြိုက်နှစ်သက်ရာ Window အပြင် Apple product များနှင့်ပါ အသုံးပြုနိုင်သောကြောင့် အသုံးပြုသူများ လွန်စွာမှ အထောက်အကူပြုစေမယ့်ပစ္စည်းတစ်ခုဖြစ်ပါတယ်။ USB 2.0 နည်းပညာဖြင့် တည်ဆောက်ထားပြီး USB အပေါက် (၇) ပေါက်ပါရှိကာ အရောင်သုံးမျိုးအထိ ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။



## 1 YACHT Speaker (Model - HY - T19)

Contact : LTZ
Ph : 01 - 389395
Price : 10500 Ks

ဒီဇိုင်းဆန်းဆန်းလေးတွေကိုမှ ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေအတွက် သင်္ဘောပုံသဏ္ဌာန်စပီကာလေးကို မိတ်ဆက်ပေးလိုက်ပါတယ်။ Micro SD card, USB Stick စသည်တို့ဖြင့် တွဲဖက်အသုံးပြုနိုင်သလို၊ FM Radio ကိုလည်း အလွယ်တကူဖမ်းယူ နားဆင်နိုင်မည်မှာဖြစ်တယ်။ ဒီဇိုင်းလှပသေသပ်သလို အသံထွက်လည်း အလွန်ကောင်းမွန်တာကြောင့် အသုံးပြုသူများ အကြိုက်တွေ့မှာ သေချာပါတယ်။ Recharge လုပ် အားကိုပြန်လည်ဖြည့်သွင်းနိုင်မှာဖြစ်ပြီး အရောင်အနေဖြင့် (၅) မျိုးထွက်ရှိသောကြောင့် ကြိုက်နှစ်သက်ရာ အရောင်ကို ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်တယ်။



## 2 A4 Tech

Contact : LTZ
Ph : 01 - 389395
Price : 8500 Ks

တာရှည်ခံအသုံးပြုနိုင်ပြီး အရည်အသွေးကောင်းမွန်တဲ့ A4 Tech Speaker လေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ Desktop, Laptop စသည်တို့နှင့် တွဲဖက်အသုံးပြုနိုင်ပြီး ဒီဇိုင်းသေသပ်ကာ ဈေးနှုန်းကလည်း သင့်တင့်သောကြောင့် အကြိုက်တွေ့စေမှာ ဖြစ်ပါတယ်။ နာမည်ရှိပြီးသား brand ပီပီ အသံထွက်ကလည်း အလွန်ကောင်းမွန်ပါတယ်။ အဆိုပါ A4 Tech Speraker မှာ ဆိုရင် Mic, earphone တို့ကို ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် သီးသန့်သီချင်းနားထောင်လိုသူများအတွက် ear phone တပ်ဆင်အသုံးပြုနိုင်သလို သီချင်းဆိုခြင်းကို ကြိုက်နှစ်သက်သူများအတွက်လည်း အထောက်အကူပြုစေမှာ သေချာပါတယ်။



## 4 SONICGEAR Gaming Headset

Contact : Neotech
Ph : 01 - 398199
Price : 19000 Ks

သီချင်းကြိုက်သူများ သီချင်းနားဆင်ရာတွင် အသံကြည်လင်ပြတ်သားစွာ ကြားရသော Sonicgear Gaming Headset ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သည်။Notebook, Laptop နှင့် Computerများတွင် ပါဝင်သော USB port နှင့် ချိတ်ဆက် အသုံးပြုနိုင်သည်။ Chatting ထိုင်သူများအနေဖြင့် စကားပြောခွက်ပါသောကြောင့်အလွယ်တကူ ချိတ်ဆက်စကားပြောနိုင်သည်။ ဒီဇိုင်းတည်ဆောက်ပုံမှာလည်း လှပပြီး နားကျပ်တွင် ဖော့ဆို့ပါဝင်သောကြောင့် အသုံးပြုသူ၏နားကို ဘေးအန္တရာယ်မရှိစေဘဲ အသုံးပြုနိုင်သည်။ တစ်မူထူးခြားချက်အနေနဲ့ Gamer များအတွက် အထူးကောင်းမွန်သော အသံအရည်အသွေးကို ထုတ်ဖော်ပေးနိုင်သည့် Gaming headset အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ဒီဇိုင်းကလည်း ကြီးမားပြီးယနေ့ခေတ်လူငယ်အကြိုက် နှစ်လိုဖွယ်ပုံစံကြောင့် အသုံးပြုသူအနေနဲ့ သူများထက်ထူးခြားတဲ့ပုံရိပ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါသည်။

## 5 HP/DV/MP3/WATCH

Contact : AGK
Ph : 01 - 246669
Price : 35000 Ks

ဒီဇိုင်းသေသပ်လှပပြီး ခေတ်လူငယ်အကြိုက် နာရီပုံစံဖြစ်ပေမယ့် သေးငယ်ပြီးအသုံးဝင်တဲ့ ကင်မရာ အတူတကွပါဝင်လာမှုကြောင့် လုံခြုံရေးပိုင်းဆိုင်ရာ အသုံးပြုသူများအတွက် ဝယ်ယူထားသင့်ပါတယ်။ လက်ပတ်နာရီအဖြစ် အသုံးပြုနိုင်ပြီး MP3 ပါရှိသောကြောင့် သီချင်းကြိုက်သူများအနေဖြင့်လည်း သီချင်းနားထောင်နိုင်ပါတယ်။ ဒါ့အပြင် Recording ပါဝင်လာခြင်းကြောင့် အသံများကို Record ပြုလုပ်နိုင်သည့်အပြင် အဆိုပါလက်ပတ်နာရီဟာ ရေစိုခံနိုင်ပါတယ်။ Memory ပမာဏ 4GB Built In ပါဝင်သောကြောင့် storage များစွာ မှတ်သားနိုင်ပါတယ်။ Camera ပိုင်းအနေနဲ့ 5MP ပါဝင်လာတာကြောင့် ရုပ်ထွက်ကောင်းမွန်မှုရှိကြောင်း သိရှိရပါတယ်။



## 6 TP - LINK H, 264 Wireless N Megapixel Surveillance Camera

Contact : Neotech
Ph : 01 - 398199
Price : 100000 Ks



ထွက်ရှိသမျှ TP - LINK အမှတ်တံဆိပ် network ပိုင်းဆိုင်ရာ ပစ္စည်းတွေနဲ့မတူတဲ့ အပြင် ထူးခြားချက်အနေနဲ့ webcam အတူ ပါဝင်လာတာပဲ ဖြစ်ပါတယ်။ (၂) နှစ်အာမခံ ပေးထားပါတယ်။ အတူတကွပါဝင်လာတဲ့ webcam အနေနဲ့ Micro SD Card ထည့်သွင်းအသုံးပြုနိုင်တာကြောင့် ရိုက်ယူထားတဲ့ video များကို အဆိုပါ SD Card တွင် မှတ်သားနိုင်သလို Computer ပေါ်တွင်လည်း မှတ်သားနိုင်ပါတယ်။ ဒါ့အပြင် ရိုက်ကူးထားရှိတဲ့ video များကို high definition (1280 x 1024) အထိ ကြည့်ရှုနိုင်တာကြောင့် သိသာထင်ရှားတဲ့ ရုပ်ပုံမြင်ကွင်းများကို တွေ့မြင်နိုင်ပါတယ်။ တစ်မူထူးခြားဆန်းပြားတဲ့ ပစ္စည်းဆန်းများကို သူများထက် အရင်ဝယ်ယူလိုသူများ အတွက် အထူးကောင်းမွန်တဲ့ ပစ္စည်းလေးဖြစ်ပါတယ်။ Network ချိတ်ထားသူများအတွက် Network ပိုင်းသာမက လုံခြုံရေးပိုင်းနှင့် webcam အဖြစ် အသုံးပြုနိုင်ပါတယ်။

# Local gadgets




## *GENIUS TRAVELER T330 Mouse*

Contact : MICRO Computer Co.,Ltd.
Ph : 202453
Price : 15,000 Ks

ပစ္စည်းကောင်း အသုံးပြုချင်သောပရိသတ်များအတွက် Genius Optical Mouseလေးဟာဆိုရင် 1200 DPI အသုံးပြုထားခြင်းကြောင့် ဂိမ်းကစားသူများအတွက် အလွန်အဆင်ပြေစေမှာပါ။ ဒါ့အပြင် တစ်နှစ် အာမခံပေးထားပြီး ကြိုးအတို၊ အရှည်ကိုထိန်းညှိနိုင်ခြင်းကြောင့် ကြိုးရှုပ်ထွေးခြင်း ကင်းဝေးစေမှာဖြစ်ပါတယ်။ အထူးသဖြင့် Note Book အသုံးပြုသူများနှင့် ခရီးရှင်းဆန်းပြားတဲ့ပစ္စည်းကို ကြိုက်နှစ်သက်သူများအတွက် ဝယ်ယူထားသင့်တဲ့ပစ္စည်းတစ်ခုဖြစ်ပါတယ်။ ၁ နှစ် အာမခံပေးထားခြင်းက ဝယ်ယူသူတိုင်းအတွက် နှစ်သက်စရာအရည်အသွေးပါ။

## *MOBILE EYEWEAR Recorder*

Contact :AGK Computer Center
Ph : 246669
Price : 19,000 Ks

ဒီဇိုင်းကလည်းခပ်မိုက်မိုက်၊ ပုံစံကလည်း ခပ်ကျကျဆိုမှ ကြိုက်တဲ့ ခေတ်လူငယ်များအတွက်Mobile Eyewear Recorder ဖြစ်ပါတယ်။ လူတကာမသိတဲ့ ထူးခြားချက်အနေနဲ့ Spy Camera အတူပါဝင်လာတာပဲဖြစ်ပါတယ်။ အလန်းလွန် အလွန်လန်းတဲ့ ကိုကိုမမများအတွက် Style ကျတဲ့ မျက်မှန်ပုံစံအပြင် Spy Camera နဲ့ recording လုပ်နိုင်တဲ့ စွမ်းဆောင်ရည်တို့က နှစ်သက်စရာလေးပါ။ Micro SD Card ထည့်သွင်းအသုံးပြုရန်လိုအပ်ပြီး အထူးကောင်းမွန်တဲ့ မျက်မှန်အိတ်နဲ့ Recharge လုပ်မယ့်ကြိုးတို့ အတူတကွ ပါဝင်လာပါတယ်။ အသုံးပြုသူရဲ့ရှေ့မှာရှိတဲ့ပုံရိပ်မှန်သမျှကို အကောင်းဆုံး အရည်အသွေးနဲ့မှတ်တမ်းတင်နိုင်တဲ့ Eyewear Recorder လေးဖြစ်ပါတယ်။




## *BUTTON SPY CAMERA*

Contact: AGK Computer Cnener
Ph : 246669
Price : 19,000 Ks

ထူးခြားလှပသော ကြယ်သီးပုံသဏ္ဌာန်ရှိသော Button Spy လုံခြုံရေးကင်မရာငယ်များကို ဈေးကွက်၌ ဝယ်ယူရရှိနိုင်ပါတယ်။ ကြယ်သီးများ အပိုပါရှိသောကြောင့် ကြိုက်နှစ်သက်ရာကို လဲလှယ်အသုံးပြုနိုင်ပါတယ်။ လျှို့ဝှက်ကိစ္စများဖော်ထုတ်ရာတွင်လည်း အခြားသူသတိမထားမိနိုင်သော လုံခြုံရေးကင်မရာငယ်ဖြစ်သောကြောင့် အလွန်အသုံးဝင်ပါတယ်။ လူတကာမသိတဲ့ Spy ကင်မရာအစွမ်းအသုံးပြု၍ နှစ်သက်သလို Video များကို မှတ်တမ်းတင်နိုင်ရုံသာမက လက်ဆောင်ပေးရာမှာလည်း မျက်နှာပန်းလှတဲ့အပြင် နှစ်သက်စရာပစ္စည်းလေးဖြစ်ပါတယ်။ တစ်ခါတစ်ရံ လိုအပ်တဲ့ငွေရေးကြေးရေးကိစ္စများသာမက အရေးကြီးကိစ္စများ ဆောင်ရွက်ရာမှာလည်း အသုံးဝင်မှာသေချာပါတယ်။







## *GENIUS SPEAKER*

Contact : MICRO Computer Co.,Ltd.
Ph : 202453
Price : 56,000 Ks

လူတကာအားကျစေမယ့် အသံစွမ်းရည်ကို ဈေးနှုန်းသက်သာစွာဖြင့် နားထောင်လိုသူများအတွက် Genius အမှတ်တံဆိပ် 2.1 Channels Speaker ကို ဝယ်ယူထားသင့်ပါတယ်။ Computer နဲ့ ချိတ်ဆက်တွဲဖက်၍ အသုံးပြုနိုင်တဲ့အပြင် earphone သီးသန့်ဖြင့် နားထောင်လိုသူများအတွက် သီးသန့်ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် Wofer (၁)လုံးနဲ့တကွ Speaker (၂)လုံး ပါဝင်လာတဲ့အပြင် အသံအတိုး၊ အကျယ် ညှိနှိုင်းနိုင်ပါတယ်။ ကာရာအိုကေသီဆိုလိုသူများအတွက်လည်း အဆင်ပြေစေနိုင်မယ့်Speaker တစ်လုံးပါ။ ဒီဇိုင်းကလည်းဆန်း၊ အကြမ်းလည်းခံတဲ့အပြင် ထူးခြားစေမယ့် အသံစွမ်းရည်ကို ထုတ်ပေးနိုင်တာမို့ ဝယ်ထားတဲ့ဈေးနှုန်းနဲ့ ထိုက်တန်မှု ရှိစေမှာပါ။




## *GENIUS KEYBOARD*

Contact : MICRO Computer Co.,Ltd.
Ph : 202453\
Price : 12,000 Ks

ကမ္ဘာကျော် Genius အမှတ်တံဆိပ် ဘက်စုံသုံး Keyboard ဖြစ်ပါတယ်။ ဝယ်ယူသူတိုင်းအတွက် အာမခံသက်တမ်း(၁)နှစ်ပေးထားတဲ့အပြင် Compact Multimedia Keyboard ဆိုတဲ့အတိုင်း အသုံးပြုသူတိုင်း အဆင်ပြေစေမှာပါ။ Function Key ပါဝင်တဲ့အပြင် Stylish Keycaps ပုံစံ Key များကို စီမံထည့်သွင်းဖွဲ့စည်းထားပါတယ်။ အထူးသဖြင့် အသုံးပြုသူတိုင်း အဆင်ပြေစေမယ့် Compact Size ဒီဇိုင်းပုံစံအတိုင်း ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ Low Noise Comfort System ပါဝင်ခြင်းကြောင့် ဝယ်ယူသူ စိတ်ကျေနပ်ဖွယ်ရာပါ။ ပေါ့ပါးသေးငယ်တဲ့အပြင် ဈေးနှုန်းသက်သာမှုကြောင့် ဝယ်ယူထားသင့်တဲ့ Keyboard တစ်ခုဆိုတာ ငြင်းချက်ထုတ်စရာလိုမှာမဟုတ်ပါဘူး။

## *GENIUS AUTO-FOCUS Webcam*

Contact : MICRO Computer Co.,Ltd.
Ph : 202453
Price : 35,500 Ks

ကွန်ပျူတာတစ်လုံးရှိမယ်ဆိုရင်တော့ Webcam ဆိုတာ မဖြစ်မနေဝယ်ယူရမယ့်ပစ္စည်းတစ်ခုပါ။ စွမ်းဆောင်ရည်ပြည့်ဝပြီး ချစ်စဖွယ်ကောင်းတဲ့ဒီဇိုင်းပုံစံနဲ့ Genius Sim 1322AF Webcam အနေဖြင့် 1.3MP ပါဝင်ထောက်ပံ့ပေးထားပါတယ်။ ထူးခြားချက် ကတော့ Auto Focus Webcam ဖြစ်တာကြောင့် အသုံးပြုသူတိုင်းအတွက် အလွန်အဆင်ပြေစေမှာဖြစ်ပါတယ်။ USB 2.0 ဖြင့် USB Port တွင် ချိတ်ဆက်၍ အသုံးပြုနိုင်မှာပါ။ အထူးသဖြင့် Auto-Focus နည်းပညာပါဝင်လာတာကြောင့် လျှင်မြန်ပြတ်သားစွာဖြင့် Video များကို ရိုက်ကူးနိုင်ပါတယ်။ အာမခံသက်တမ်း (၁)နှစ်ပေးထားပြီး CPU အနိမ့်ဆုံး Pentium 4 1.0GHz နှင့် အနိမ့်ဆုံး 256MB RAM ရှိရန်သာ လိုအပ်ပါတယ်။ ဒီဇိုင်းဆန်းတဲ့ Webcam အဖြစ် နှစ်သက်စရာပုံစံကို တွေ့မြင်အသုံးပြုနိုင်ပါတယ်။



# GLOBAL NEWS

## GLOBAL NEWS Galaxy S4 အား မှာယူရာတွင် အမေရိကန် ကုမ္ပဏီများ အခက်ကြုံ

Samsung GALAXY SIV

ကမ္ဘာ့စမတ်ဖုန်း သုံးစွဲသူများအား တခမ်းတနား မိတ်ဆက်ပေးခဲ့သည့် Samsung ၏ Galaxy S4 အား မှာယူရာ၌ အမေရိကန် Carrier ကုမ္ပဏီများ အခက်တွေ့နေရလျက်ရှိကြောင်း သိရသည်။

ဈေးကွက်တင်၍ အပြိုင်အဆိုင်ရောင်းချရန် Carrier ကုမ္ပဏီများက ကြိုးပမ်းကြသော်လည်း ကမ္ဘာတစ်ဝန်း အမှာစာရရှိမှုများအဆမတန်မြင့်တက်မှုကြောင့် Samsung အနေဖြင့် အမေရိကန် Carrier ကုမ္ပဏီများ မှာယူသော လုံလောက်သည့် S4 အရေအတွက်ကို အချိန်နှင့်တစ်ပြေးညီ မတင်ပို့ပေးနိုင်ခြင်းဖြစ်သည်။ ထိုအချက်ကအမေရိကရှိ Carrier ကုမ္ပဏီကြီးများထဲမှ Sprint နှင့် T-Mobile USA တို့ကိုဆိုးဆိုးရွားရွား ထိခိုက်စေခြင်းပင်ဖြစ်သည်။




T-Mobileအနေဖြင့် မူလက ရည်ရွယ်ထားသည်မှာ အွန်လိုင်းမှတစ်ဆင့် ရောင်းချမည့်ရက်ကို ၂၄ ရက်နေ့ဟု သတ်မှတ်ထားခဲ့သော်လည်း Samsung ဘက်မှ တင်ပို့မှုနောက်ကျမည်ဖြစ်ခြင်းကြောင့် လာမည့် ၂၉ ရက် တနင်္လာနေ့သို့ရောက်မှသာ စတင် ရောင်းချပေးနိုင်တော့မည်ဖြစ်ကြောင်းပြောင်းလဲထုတ်ပြန်ခဲ့ရသည်။ အလားတူပင် Sprint မှ တာဝန်ရှိသူများကလည်း ယင်းတို့၏ Galaxy S4 ရောင်းချမည့်ရက် အနည်းငယ်နောက် ကျမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ထူးခြားချက် အနေဖြင့် Sprint နှင့် T-Mobile တို့ ယခုကဲ့သို့ အခက်ကြုံနေရသော်လည်း AT&T နှင့် Verizon တို့မှာမူ S4 အား လာမည့်စနေနေ့တွင်စတင်၍ ရောင်းချပေးနိုင်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားနိုင်ကြသည်။

ရောင်းချမည့်ဈေးနှုန်းများကိုမူ ကုမ္ပဏီအသီး သီးက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ထုတ်ပြန်ထားသည့် ကြေညာချက်များအရ S4 ကို Sprint တွင် ၂ နှစ်စာချုပ်နှင့် ၂၄၉. ၉၉ ဒေါ်လာ၊ AT & T တွင် ၂ နှစ်စာချုပ်နှင့် ၁၉၉. ၉ ဒေါ်လာ၊ T-Mobile တွင် ကနဦး ပေးသွင်းငွေ ၁၄၉. ၉၉ ဒေါ်လာနှင့် ၂ နှစ်စာချုပ်အတွက် တစ်လလျှင် ဒေါ်လာ ၂၀ ဖြင့် စုစုပေါင်း ၆၂၉. ၉၉ ဒေါ်လာ ပေးသွင်းရမည် ဖြစ်သည်။

မျက်နှာပြင်အကျယ် ၅ လက်မရှိ၍ Super AMOLED Display နှင့် 441ppi နည်းပညာပါရှိသည့်အပြင် Android 4.2.2 (Jelly Bean)၊ 1.9 GHz Qualcomm Snapdragon 600 processor ၊ 13 MP (back) ၊ 2MP (Front) ၊ 2,600 mAh battery ၊ NFC ၊ 4G LTE စသည့် feature များပါရှိသော Galaxy S 4 ကို ဝယ်ယူရန် အမှာစာများ တဖွဲဖွဲရောက်ရှိလာမှုကြောင့်ပင် Samsung က ယင်းတို့အနေဖြင့် မှာယူမှုများကို လတ်တလော ဖြည့်ဆည်းပေးရန်မဖြစ်နိုင်ကြောင်း ရက်သတ္တပတ်အနည်းငယ်ကြာမှသာ အားလုံးကိုအဆင်ပြေစေရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း တရားဝင်ပြောကြားထားပြီးဖြစ်သည်။

## Microsoft တွင် လိုင်စင်ခံ၍ Android နှင့် Chrome တို့အား သုံးစွဲနိုင်ရန် ZTE စီစဉ်

လက်ရှိနည်းပညာလောကတွင် အသုံးများလျက်ရှိသော Android OS နှင့် အသုံးမတွင်ကျယ်သော်လည်း လူသိများလျက်ရှိသည့် Chrome OS တို့၏ အချို့သော feature များ၊ လုပ်ဆောင်မှုများကို တရားဝင်သုံးစွဲမှုပြုနိုင်စေရန် Microsoft ကုမ္ပဏီနှင့် ZTE တို့ လိုင်စင်ဆိုင်ရာ သဘောတူညီမှုတစ်ရပ် ပြုလုပ်လိုက်ပြီဖြစ်သည်။

ကုမ္ပဏီနှစ်ရပ်အကြား ယင်းကဲ့သို့ လိုင်စင်သဘောတူညီမှုတစ်ရပ်ပြုလုပ်မှုနှင့်ပတ်သက်၍ အသုံးပြုခဲ့သည့် ငွေကြေးပမာဏကိုမူ ကုမ္ပဏီနှစ်ခုစလုံးက ထုတ်ပြန်ကြေညာခြင်း မပြုသေးပေ။ ချုပ်ဆိုလိုက်သည့်စာချုပ်အရမူ ZTE အနေဖြင့် ယင်းထုတ်လုပ်မည့်စမတ်ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာနှင့် အခြားသောအိုင်တီဆက်စပ်ပစ္စည်းများပေါ်တွင် Microsoft မှ လိုင်စင်ခံလိုက်သည့် feature များကို တရားဝင်အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ ပစ္စည်းများပေါ်တွင် Android (သို့) Chrome OS ကို တင် run ထားမည်လည်းဖြစ်သည်။

ယေဘုယျအားဖြင့် Android နှင့် Chrome OS တို့သည် Google ၏ ထုတ်ကုန်များဟု ဆိုနိုင်သော်လည်း အဆိုပါထုတ်ကုန်များတွင် Microsoft က မူပိုင်ခွင့်တင်ထားသောအချက်များကို ရယူသုံးစွဲထားသည်ကို တွေ့ရမည်ဖြစ်သည်။ Google ဘက်က ယခုကဲ့သို့ရယူသုံးစွဲခဲ့မှုကြောင့်ပင် Microsoft နှင့် ယင်းအကြား မူပိုင်ခွင့်တရားစွဲဆိုမှုဖြစ်ပေါ်ခဲ့ရသေးသည်။

ယင်းအချက်ကြောင့်ပင် Android နှင့် Chrome ကို Google က အခမဲ့ပေးသုံးသည်ဆိုစေကာမူ Microsoft က ယင်းကဲ့သို့မပြုလျှင် မူပိုင်ခွင့်ချိုးဖောက်မှုနှင့် ငြိစွန်းနေမည်သာဖြစ်သည်။ ထို့ကြောင့်ပင် Android အား တရားဝင်အသုံးပြုသည့် Samsung၊ HTC နှင့် Acer တို့သည်ပင်လျှင် Microsoft ကုမ္ပဏီ၌ လိုင်စင်ခံပြီးဖြစ်သည်။ ယခုအချိန်ကျမှသာလျှင် ZTE က လိုင်စင်ခံခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ Microsoft တွင် လိုင်စင်မခံဘဲ မူပိုင်ခွင့်ပြဿနာကိုရှောင်လွှဲကာ Android အသုံးပြုနေသည့် ကမ္ဘာကျော်စမတ်ဖုန်းကုမ္ပဏီများတွင် Huawei နှင့် Motorola နှစ်ခု ကျန်ရှိနေသေးသည်။

## Q 10 အရေအတွက် ၁၀ သန်းအထိ ရောင်းချနိုင်မည်ဟု BlackBerryမျှော်လင့်

Touch Screen နည်းပညာပါဝင်သည့် စမတ်ဖုန်း Z 10 ကို ထုတ်လုပ်ပြီးနောက်ပိုင်း ထပ်မံထုတ်လုပ်လိုက်သည့် Q 10 အား အလုံးရေ ၁၀ သန်းအထိ ရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်း BlackBerry စီအီးအို Thorsten Heins ကပြောကြားလိုက်သည်။

အလုံးရေ ၁ သန်းသာ ရောင်းချခဲ့ရသော Touch Screen စမတ်ဖုန်း Z 10 ၏ ရောင်းချရမှုကို ကျော်လွန်ကာ BlackBerry ၏ ရှေးရိုးပုံစံ ကီးဘုတ်ပါဝင်၍ Feature Phone ဆန်ဆန်ဖြစ်နေသော Q 10 ကိုအလုံးရေ ၁၀ သန်းအထိ ရောင်းချနိုင်မည်ဟု မျှော်လင့်ခြင်းက အဓိပ္ပာယ်မဲ့မဟုတ်ကြောင်းလည်း Heins က ပြောကြားထားသည်။ အမှန်တကယ်သာ ထိုကဲ့သို့ရောင်းချနိုင်မည်ဆိုပါက Q 10 ၏ ရောင်းချရမှုအားသည် Z 10 ထက် အဆများစွာ သာလွန်သွားမည်ဖြစ်သည်။

BlackBerry သည် Z 10 အား ရောင်းချခဲ့စဉ်က ယင်းတို့ ၏ နောက်ဆုံးပေါ် BB 10 OS နှင့်တွဲဖက်၍ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ရောင်းချခဲ့စဉ်က ဝယ်ယူမှုအားကောင်းခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုတွင်မူ ထင်ထားသလောက် ရောင်းအားမကောင်းခဲ့ပေ။

စောင့်ကြည့်ဝေဖန်သူတချို့ကမူ BlackBerry အား Henis တာဝန်ယူပြီးနောက်ပိုင်းတွင် ရဲတင်းသည့်အပြောင်းအလဲများစွာ ပြုလုပ် ခဲ့ကြောင်း၊ ပထမဦးဆုံးအနေဖြင့် အလုပ်သမား ၅,၀၀၀ လျှော့ချကာ ကုမ္ပဏီအား ကျစ်လစ်မှုရှိစေရန် လုပ်ဆောင်ခဲ့ကြောင်း ယခုတစ်ခါ Touch Screen စမတ်ဖုန်းများ ခေတ်စားနေချိန်တွင်အတိတ်၌ ခေတ်ကောင်းခဲ့သည့် BB ၏ Keyboard Phone ကို ပြန်လည်ထုတ်လုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါရဲတင်းသည့် ပြောင်းလဲလုပ် ဆောင်ချက်များက မည်မျှအထိ အကျိုးသက်ရောက်မှု ရှိမည်ဆိုသည်ကိုမူဆက်လက်စောင့်ကြည့်ရမည် ဖြစ်ကြောင်း စသည်ဖြင့်သုံးသပ်ဝေဖန်ထားသည်။

## ကွေးကွေးကောက်ကောက် OLED တီဗီများအား တောင်ကိုရီးယားတွင် LG စတင်ရောင်းချ

ခေတ်သစ်၏ တီဗီအသစ်များဟုဆိုရမည့် ကွေးကောက်နိုင်စွမ်းရှိသော OLED တီဗီများကို တောင်ကိုရီးယားအခြေစိုက် LG ကုမ္ပဏီက ထုတ်လုပ်လိုက်ပြီး လာမည့်လတွင် စတင်ရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရသည်။

မျက်နှာပြင်အကျယ် ၅၅ လက်မ (၁၄၀ စင်တီမီတာ) ရှိသော အဆိုပါတီဗီများကို ဝမ် ၁၅ သန်း (ကန်ဒေါ်လာ ၁၃,၅၅၀၊ ပေါင်စတာလင် ၈,၇၂၅) ဖြင့် တောင်ကိုရီးယားတွင် စတင်ရောင်းချပေးမည်ဖြစ်သည်။



ခေတ်ဟောင်း LED နည်းပညာနှင့်မတူဘဲ အော်ဂဲနစ်အပိုင်းနှင့် ဆက်နွှယ်၍အသုံးပြုထားသော OLED (Organic Light-Emitting Diode) နည်းပညာကြောင့်ပင် အဆိုပါတီဗီ များသည် ဈေးကွက်တွင် အလွန်အမင်းခေတ်စားလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်သူတစ်ချို့ က ဆိုထားကြသည်။

ပိုပါး၊ ပိုကွေးကောက်နိုင်မှုရှိသည့် အဆိုပါ OLED တီဗီများသည် ပုံမှန် LED တီဗီများကဲ့သို့ နောက်ကွယ်မှနေ၍ အလင်းပေးရ မည့် အရာလည်း မလိုအပ်ပေ။ ယင်းတွင် တစ်ပါတည်းပါရှိလာသည့် ကာဗွန်အခြေပြုပစ္စည်းများက လျှပ်စစ်ဓာတ်အားကို အလင်းသို့ တိုက်ရိုက်ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ OLED နည်းပညာအသစ်အဆန်းကို အသုံးပြု၍ ကိုယ်ထည်တည်ဆောက်ပုံ ထူးခြားသည့် တီဗီများကို LG နှင့်အပြိုင် ထုတ်လုပ်နိုင်ရန် Samsung ကုမ္ပဏီကလည်း ကြိုးပမ်းလျက်ရှိသည်။ ဇန်ဝါရီလအတွင်း ကျင်းပပြီးစီးခဲ့သည့် Consumer Electronics (Las Vegas) ပြပွဲတွင် ယခုကဲ့သို့တီဗီပုံစံနမူနာကိုLG နှင့် Samsung ကုမ္ပဏီ တို့ အပြိုင်ပြသခဲ့ကြသည်။

ယခုအခါတွင် တောင်ကိုရီးယား၌ ရောင်းချရန်ရည်ရွယ် ထားသော OLED တီဗီများအား မှာယူသည့်အမှာစာများကို စတင်လက်ခံရရှိနေပြီဖြစ်ကြောင်း LG က ထုတ်ပြန် ကြေညာထားသည်။ အခြားသော မြို့ကြီးပြကြီးများတွင် ရောင်းချမည့်အစီအစဉ်နှင့် ပတ်သက်၍မူ လအနည်းငယ်ကြာပြီးမှသာ အသေးစိတ်ထုတ်ပြန်ပြောဆို သွားမည်ဖြစ်ကြောင်းကိုလည်း LG တာဝန်ရှိသူများက ပြောကြားထားသည်။

# GLOBAL NEWS

GLOBAL NEWS

## Intelက Atom ချစ်ပ်၏ ဒီဇိုင်းအား ပထမဆုံး အကြိမ်အဖြစ် ပြင်ဆင်ထုတ်လုပ်မည်ဟုကြေညာ




Intel က Atom ချပ်စ်များအား ငါးနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် တည်ဆောက်ပုံ ဒီဇိုင်းပြင်ဆင်အဆင့်မြှင့်တင်၍ ထုတ်လုပ်သွားမည်ဟု ကြေညာခဲ့သည်။ Intel က Netbook များတွင် အသုံးပြုရန်ရည်ရွယ်၍ စွမ်းအင်အသုံးပြုမှုသက်သာသည့် Atom ချစ်ပ် များသည်စွမ်းအင်သုံးစွဲမှုသက်သာသော်လည်း ပုံမှန် Desktop နှင့် Laptop များတွင် အသုံးပြုသည့် Core စီးရီးချစ်ပ်များထက် စွမ်းဆောင်ရည်နိမ့်သည့်အမျိုးအစားဖြစ်သည်။

Atom ချစ်ပ်၏ဒီဇိုင်းအသစ်အား Silver Mont ဟုအမည်ပေးမည်ဖြစ်ပြီး Tablet များအတွက် Bay Trail နှင့် စမတ်ဖုန်းများအတွက် Merrifield ဟူ၍ခွဲခြားထုတ်လုပ်မည်ဖြစ်သည်။ ဒီဇိုင်းအသစ်တွင် 22-Nanometer 3D Transistor နည်းပညာအသုံးပြုထားပြီး CPU Core လေးခုအထိ ထည့်သွင်းတည်ဆောက်နိုင်မည်ဖြစ်သည်။ Graphic အတွက် စွမ်းရည်မြင့် Intel Graphic ပါဝင်မည်ဖြစ်သည်။ Atom ချစ်ပ်၏ဒီဇိုင်းအသစ်မှာ စွမ်းဆောင်ရည်ပိုင်း သိသိသာသာ တိုးလာမည့်အပြင် စွမ်းအင်သုံးစွဲမှုကိုလည်း ယခင် Atom ချစ်ပ်အတိုင်း အနည်းဆုံးဖြစ်စေရန် ပြုလုပ်သွားမည်ဟုဆိုသည်။

Intel ၏ ယခုကြေညာမှုသည် Mobile ချစ်ပ်များ အဓိကထုတ်လုပ်နေသည့် Qual Comm နှင့် Nvidia တို့အတွက် အဓိကပြိုင်ဆိုင်မှုဖြစ်လာမည်ဖြစ်သည်။ Acer နှင့် Asus တို့က Atom ချစ်ပ်သုံး Android Tablet နှင့် ဖုန်းများထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။ Bay Trail အသုံးပြု Tablet များအား ယခုနှစ်ကုန်နှင့် Merrifield အသုံးပြုစမတ်ဖုန်းများအား နောက်နှစ်အစပိုင်းတွင် ထုတ်ဝေရန်ရည်မှန်းထားသည်။

## Microsoftက Windows Phone 8 အတွက် Facebook App Beta ဗားရှင်းအားစမ်းသပ်ပေးမည့်သူများရှာဖွေ

Microsoft က Windows Phone 8 အတွက် ထုတ်ဝေမည့် Facebook App ၏ Beta ဗားရှင်းအား စမ်းသပ်ပေးမည့် Beta Tester များအား ရှာဖွေလျက်ရှိကြောင်း ကုမ္ပဏီ၏ တရားဝင် Blog တွင် ဧပြီ (၃၀)ရက်နေ့က ဖော်ပြခဲ့သည်။ အဆိုပါ Beta ဗားရှင်းအား Windows Store တွင် မတင်ဘဲ သီးသန့် Link တစ်ခုဖြင့် ဖော်ပြ၍ Download ဆွဲကာ စမ်းသပ်နိုင်မည်ဖြစ် သည်။

Window Phone 8 အတွက် ထုတ်လုပ်မည့် Face book App တွင် ဒီဇိုင်းပိုင်း အဓိက ပြုပြင်ပြောင်းလဲထားသည်ဟု ဆိုသည်။ ထို့အပြင် ယခင် Face book App အဟောင်းတွင် ပါဝင်ခဲ့ခြင်း မရှိသည့် Post Sharing နှင့် Facebook Timeline Feature များ ပါဝင်လာမည့်အပြင် ဓာတ်ပုံများသည်လည်း Resolution အမြင့်ဖြင့် ဖော်ပြပေးနိုင်မည် ဖြစ်သည်။ Navigation ပိုင်းတွင်လည်း iOS နှင့် Android တို့ အတွက် ထုတ်ထားသည့် Facebook App များနှင့် ပိုမိုနီးစပ်လာမည်ဖြစ်သည်။ Microsoft က Facebook App အား Full Version အဖြစ် ထုတ်ဝေမည့်ရက်ကိုမူ ကြေညာခြင်းမရှိသေးပေ။




Microsoft ၏ Blog တွင် Facebook App အတွက် စမ်းသပ်ပေးမည့်သူများရှာဖွေနေသည့်သတင်းနှင့်အတူ Window7 အတွက် Skype Video Messaging စနစ်ကိုပါ နှမ့်နာပြသခဲ့သည်။ ■

## Windows 8 ရောင်းအားမကောင်း သော်လည်း Microsoft ၏ ရှယ်ယာဈေးငါးနှစ်အတွင်း အမြင့်ဆုံးရောက်

ကမ္ဘာ့ PC ဈေးကွက်ကျဆင်းနေသည့်အပြင် Window 8 ၏ရောင်းအားမှာ ကျေနပ်စရာအဆင့် မရောက်သေးသော်လည်း Microsoft ၏ရှယ်ယာဈေးနှုန်းမှာ ငါးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ကုမ္ပဏီကြီးများသို့ Windows စနစ်များ တစ်စုတစ်စည်းတည်းရောင်းချမှု၊ Cloud ဝန်ဆောင်မှုနှင့် အခြား Software များမှဝင်ငွေများ တိုးမြင့်လာသဖြင့် ရှယ်ယာဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဧပြီ ၃၀ရက်နေ့ ဈေးကွက်ပိတ်ချိန်တွင် Microsoft ၏ရှယ်ယာဈေးနှုန်းမှာ ၃၃. ၁၀ ဒေါ်လာရှိပြီး ၂၀၀၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်သည်။

Microsoft က ဧပြီ ၁၈ရက်နေ့တွင် သုံးလပတ်ဝင်ငွေစာရင်းအားကြေညာခဲ့ပြီးနောက် ယခုကဲ့သို့ ရှယ်ယာဈေးနှုန်းများ တက်လာခဲ့ခြင်းဖြစ်သည်။ Microsoft ၏ဝင်ငွေတွင် Office 365 နှင့် Azure Cloud ဝန်ဆောင်မှုတို့၏ ဝင်ငွေတိုးလာခြင်းက အဓိကနေရာမှ ပါဝင်ခဲ့သည်ဟုဆိုသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းကြီးများသို့ Windows စနစ်များအစုလိုက်ရောင်းချမှုလည်းမြင့်တက်လာသည်ဟုဆိုသည်။

Microsoft ၏ Windows 8 OS မှာမူ ထုတ်လုပ်ပြီး ၆လခန့်ကြာသည်အထိ ကျေနပ်ဖွယ်ရောင်းအားမရှိသေးဟုဆိုသည်။

## IBMက အသေးငယ်ဆုံး သရုပ်ဆောင်များဖြင့်ရိုက်ကူးသည့် ရုပ်ရှင်အဖြစ်ဂင်းနစ်စံချိန်ဝင်



IBM မှ ပညာရှင်များရိုက်ကူးသည့် "A boy and his atom" အမည်ရှိ ရုပ်ရှင်သည် "အသေးငယ်ဆုံးသရုပ်ဆောင်များဖြင့်ရိုက်ကူးသည့်ရုပ်ရှင်" အဖြစ်ဂင်းနစ်စံချိန်ဝင်ခဲ့သည်။ "A boy and his atom" သည် လူငယ်တစ်ဦး၏လှုပ်ရှားပုံကို ရိုက်ကူးထားခြင်းဖြစ်ပြီး သရုပ်ဆောင်အဖြစ် Atom 130 ကို အသုံးပြုထားသည်။ ထိုရုပ်ရှင်တွင် ဖရိန် ၂၅၀ ပါဝင်သည်။ ထိုရုပ်ရှင်ကားရိုက်ကူးနိုင်ရန် Atom များအား အနှုတ် ၂၆၈ ဒီဂရီတွင် လှုပ်ရှားစေ၍ ရိုက်ကူးထားခြင်းဖြစ်ပြီး အဆသန်းတစ်ရာချဲ့၍ ပြန်လည်ကြည့်ရှုရသည်ဟုဆိုသည်။

ကယ်လီဖိုးနီးယား၊ အယ်လ်မာဒန်ရှိ IBM သုတေသနဌာနမှ ရုပ်ရှင်ဖန်တီးခဲ့သည့် အဖွဲ့ခေါင်းဆောင်အန်ဒရီးရပ်ဟိန်းနုရစ်ချ်က သိပ္ပံနှင့်နည်းပညာကဏ္ဍအား လူအများစိတ်ဝင်စားမှုမြင့်မားလာစေရန် အဆိုပါရုပ်ရှင်အား ဖန်တီးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ရုပ်ရှင်ရိုက်ကူးရာတွင် IBM က ဖန်တီးထားသည့် အထူးအနုကြည့်မှန်ပြောင်းကို အသုံးပြုပြီး ၉ ရက်ကြာ ရိုက်ကူးခဲ့သည်ဟုဆိုသည်။ ရိုက်ကူးထားသည့် ပုံရိပ်များအား animation ပညာရှင်များက အချောသပ်ပြန်လည်ပြုပြင်ပြီးရုပ်ရှင်အဖြစ် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ဟိန်းနုရစ်ချ်သည် Atom များ၏ လှုပ်ရှားမှုအားလေ့လာသည့် အထူးအနုကြည့်မှန်ဘီလူးတီထွင်ခဲ့ခြင်းအတွက် ၁၉၈၆ ခုနှစ်ကရူပဗေဒနိုဘယ်ဆု ရရှိခဲ့သူဖြစ်သည်။ ဟိန်းနုရစ်ချ်က နာမည်ကျော်အာကာသသိပ္ပံရုပ်ရှင် "Star Trek" အား Atom များဖြင့် ပြန်လည်ရိုက်ကူးရန်စီစဉ်နေသည်ဟုဆိုသည်။

## iPad Mini က iPad ထက်ပိုမိုရေပန်းစား




ဈေးကွက်စစ်တမ်းများအရ iPad Mini ၏ရေပန်းစားမှုက ပုံမှန် iPad အားကျော်လွန်သွားပြီဟု ဖော်ပြလျက်ရှိသည်။ ၂၀၁၃ခုနှစ် ပထမသုံးလပတ်အတွင်း Apple iPad စုစုပေါင်း (၁၉. ၅)သန်းခန့် ရောင်းချခဲ့ရာတွင် (၁၂. ၅)သန်းမှာ iPad Mini များဖြစ်သည်ဟုဆိုသည်။ အဆိုပါအရေအတွက်မှာ တရုတ်(ထိုင်ပေ)အခြေစိုက် Digitimes ၏ စစ်တမ်းများအား အခြေခံ၍ ခန့်မှန်းထားခြင်းဖြစ်ပြီး အရေအတွက် အတိအကျကိုမူ Apple က ထုတ်ဖော် ကြော်ညာခြင်းမရှိပေ။

ယခင်က Digitimes ၏ ကြိုတင်ခန့်မှန်းချက်များတွင် အဆိုပါကာလအတွင်း iPad Mini အလုံးရေ (၆)သန်းခန့် ရောင်းချရမည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင် နှစ်ဆခန့် ပိုမိုရောင်းချခဲ့ရခြင်းဖြစ်သည်။ iPad Mini တွင် ပုံမှန် iPad ကဲ့သို့ အဆင့်မြင့် Retina မျက်နှာပြင်နှင့် နောက်ဆုံးပေါ် Chinset များ မပါဝင်သော်လည်းပိုမိုကျစ်လစ်ပေါ့ပါး၍ သယ်ဆောင်ရလွယ်ကူသည့်အပြင် ဈေးနှုန်းပိုမိုသက်သာသောကြောင့် လူကြိုက်များရခြင်းဖြစ်သည်။ အခြားပြိုင်ဖက်ကုမ္ပဏီများဖြစ်သည့် Samsung၊ Google နှင့် Amazon တို့ကလည်း အရွယ်အစား 7" နှင့် 8" ကြားရှိပြီး ဈေးနှုန်းသက်သာသည့် Tablet များကို ဦးစားပေးထုတ်လုပ်လာကြသည်။

# GAME REVIEW



**GODMODE**
**DEVELOPER - OLD SCHOOL GAMES**
**PUBLISHER - ATLUS**
**GENRE - SHOOTER**

လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်က အောင်မြင်ခဲ့တဲ့ Left 4 Dead ဂိမ်းတွေကို မှတ်မိနေကြမှာပါ။ သူငယ်ချင်းလေးဦးအထိ စုပေါင်းပြီး သရဲတွေ၊ ဖုတ်ကောင်တွေကို တိုက်ခိုက်ရတဲ့ Left 4 Dead ရဲ့ အောင်မြင်မှုကြောင့် ပုံစံတူဂိမ်းတွေ အများအပြား ပေါ်ထွက်လာခဲ့ပါတယ်။ အခု God Mode က လည်း အဆိုပါ Co-op Shooting ပုံစံဂိမ်းဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီ ATLUS က ထုတ်ဝေတဲ့ God Mode မှာ အခြား Co-op Shooting ဂိမ်းတွေနဲ့ ကွဲပြားတဲ့ အချက်တွေ ထည့်သွင်းဖန်တီးထားပါတယ်။ ဂိမ်းရဲ့ အမည်အတိုင်း ဂရိနတ်ဘုရား ပုံပြင်တွေကို အခြေခံထားတဲ့ ဒီဂိမ်းဟာ Left 4 Dead နဲ့ God of War ပေါင်းစပ်ထားသလို ခံစားရစေမှာပါ။

ဒီဂိမ်းထဲမှာ ကစားသူက လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း စစ်သည်အဖြစ် ကစားရမှာဖြစ်ပြီး ငရဲမင်း Hades ရဲ့ စစ်သည်တွေနဲ့ တိုက်ခိုက်ရမှာဖြစ်ပါတယ်။ ဇာတ်လမ်းပိုင်း ထူးထူးခြားခြားမပါဝင်ဘဲ တိုက်ခိုက်ရတာကိုပဲ အသားပေးထားတဲ့ဂိမ်းဖြစ်ပါတယ်။ ကစားသူ လေးဦးအထိ ပူးပေါင်းကစားနိုင်ပြီး အနည်းဆုံး ကစားသူနှစ်ဦးရှိမှ ကစားလို့ရပါတယ်။ LAN ချိတ်ဆက်ပြီး ကစားနိုင်သလို အင်တာနက်နဲ့ ချိတ်ဆက်ပြီးလည်း ကစားလို့ရပါတယ်။

God Mode ရဲ့ Game Play က တစ်ခြား Co-op Shooter အများစုလိုပဲ များပြားလှတဲ့ ရန်သူအဖွဲ့လိုက်ကို အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်နေရတာပဲ ဖြစ်ပါတယ်။ God Mode ထဲက Level တစ်ခုစီမှာ Stage တွေ ထပ်ခွဲထားပြီး ၅ ခု (သို့) ၆ ခု ပါဝင်လေ့ ရှိပါတယ်။ Stage တစ်ခု စီအတွက် သတ်မှတ်ထားတဲ့ နေရာမှာရှိတဲ့ ရန်သူအားလုံးကို အကုန်သတ်နိုင်ရမှာပါ။ Level တစ်ခုမှာရှိတဲ့ Stage တွေ အားလုံးနိုင်သွားရင် Level အနိုင်ရမှာ ဖြစ်ပါတယ်။ ဒီဂိမ်းမှာ Level ၅ ခုပဲပါတာကတော့ အားနည်းချက်တစ်ခုပါ။ နာရီ အနည်းငယ်ကစားတာနဲ့ Level ၅ ခုလုံး နိုင်သွားနိုင်ပါတယ်။ ATLUS က Level အသစ်တွေ ထပ်မံ ဖန်တီးပြီး Download လုပ် ကစားနိုင်အောင် ဆောင်ရွက်ပေးမယ်လို့တော့ အရိပ်အမြွက် ဆိုထားပါတယ်။ God Mode မှာ Level ၅ ခုပဲပါတဲ့အတွက် ထပ်ခါထပ်ခါ ကစားတဲ့အခါ ရိုးမသွားအောင် Oath နဲ့ Test of Faith ဆိုတဲ့ Feature နှစ်ခုတော့ ထည့်သွင်းပေးထားပါတယ်။ Oath က Level တစ်ခုမစခင် ရွေးချယ်ရမှာဖြစ်ပြီး ၇ မျိုးပါဝင်ပါတယ်။ Oath တစ်ခုစီက ကိုယ့်ရဲ့ အစိတ်အပိုင်း အချို့ကို အားကောင်းစေပြီး အချို့ကို ပိုမို အားကောင်းစေပါတယ်။ ဥပမာ ခံနိုင်ရည်အားနည်းသွားပေမယ့် ရန်သူကိုသတ်နိုင်ရင်ရတဲ့ Gold ပမာဏ ပါများလာတာမျိုးပါ။ Oath တစ်မျိုးမက ပိုရွေးချယ်နိုင်ပေမယ့် Oath များများရွေးလေ ကိုယ့်ဇာတ်ကောင်က ပိုအားနည်းလေဖြစ်ပြီးပိုခက်လာတတ်ပါတယ်။

Test of Faith က Stage တစ်ခုစီရောက်တိုင်း random ကြုံတွေ့ရမှာပါ။ Test of Faith အမျိုးအစားပေါ် မူတည်ပြီး ရန်သူအမျိုးအစားတွေ ပြောင်းလဲသွားတာ၊ ကိုယ့်ရဲ့ လက်နက်အမျိုးအစားပြောင်းလဲ သွားတာစတာတွေကြုံရမှာဖြစ်ပါတယ်။

God Mode ထဲမှာ ရင်ဆိုင်ရမယ့် ရန်သူတွေက ဂရိနတ်ဘုရားပုံပြင်တွေထဲက သတ္တဝါတွေဖြစ်ပါတယ်။ မျက်လုံးတစ်လုံးတည်းပါတဲ့ ဘီလူးတွေ၊ လူတစ်ပိုင်း နွားတစ်ပိုင်းသတ္တဝါတွေ၊ မှင်စာတွေ၊ ငရဲ ခွေးတွေ အပါအဝင် ထူးခြားတဲ့ သတ္တဝါမျိုးစုံနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ရန်သူအများစုက အနီးကပ် တိုက်ခိုက်တတ်ပေမယ့် အဝေးပစ် လက်နက်နဲ့ တိုက်ခိုက်တဲ့သူတွေ၊ မှော်ပညာနဲ့တိုက်ခိုက်တဲ့သူတွေလည်း ပါဝင်ပါတယ်။ အခြား Co-op Shooter တွေလိုပဲ Level တစ်လျှောက် သွေးမြန်ဖြည့်တဲ့ ဆေးပုလင်းတွေ ကျည်ဆံတွေ လိုက်လံရှာဖွေ စုဆောင်းဖို့လိုပါတယ်။ ရန်သူတွေနဲ့ တိုက်ခိုက်ရင်း သေသွားရင် သတ်မှတ်ထားတဲ့နေရာမှာ ပြန်ပေါ်လာပေမယ့် အကန့်အသတ်ရှိပါတယ်။ ဒါ့အပြင် အဲဒီကန့်သတ်ချက်က စုပေါင်းကစားသူအားလုံးအတွက် ကန့်သတ်ထားတာဖြစ်တဲ့အတွက် ဘယ်သူသေသေ အသက်အရေအတွက်လျော့မှာဖြစ်ပါတယ်။

Level တစ်ခုအောင်ပြီးရင် Gold Room ကိုဝင်ပြီး ကိုယ့်ရဲ့ဇာတ်ကောင်ကို upgrade လုပ်နိုင်ပါတယ်။ ကိုယ့် ဇာတ်ကောင်ရဲ့ အသွင်အပြင်ကို upgrade လုပ်နိုင်သလို လက်နက်အသစ်ဝယ်တာ၊ upgrade လုပ်တာတွေလည်း လုပ်နိုင်ပါတယ်။ Level တစ်ခုပြီးတိုင်း လက်နက်အသစ်တွေရပေမယ့် ပုံစံထူးခြားသွားတာကလွဲရင် အကျိုးသက် ရောက်မှုက သိပ်မကွာခြားပါဘူး။ တကယ်လို့ ကိုယ်ကြိုက်နှစ်သက်တယ်ဆိုရင် Level 1 ကတည်းက ရတဲ့ သေနတ်ကို upgrade လုပ်ပြီး ဂိမ်းအဆုံးထိ ကစားနိုင်ပါတယ်။

God Mode ရဲ့ ဂရပ်ဖစ်ပိုင်းမှာတော့ အားနည်းချက်တွေရှိပါတယ်။ အဓိကအားနည်းချက်က error တွေ မကြာခဏပေါ်တတ်တာပါ။ အကောင်တွေ ထပ်နေတာ၊ ရန်သူသတ္တဝါတွေက နံရံတွေထဲဝင်သွားတာစတဲ့ error တွေရှိပါတယ်။ ဇာတ်ကောင်တွေနဲ့ ရန်သူတွေရဲ့ ပုံစံကလည်း အသေးစိတ်ပိုင်း အားနည်းပါတယ်။

God Mode ဟာ Level နည်းတာနဲ့ ဂရပ်ဖစ်ပိုင်း အားနည်းချက်ရှိပေမယ့် ကစားလို့ကောင်းတဲ့ဂိမ်းတစ်ခုဖြစ်ပါတယ်။ Shooting ဂိမ်းတွေကြိုက်တယ်ဆိုရင်တော့ ကစားကြည့်သင့်ပါတယ်။





# LATEST GAMES

## Game Specification




### Lego The Lord of the Ring

| | |
|---|---|
| Genre | Action |
| CPU | Core 2 Duo 1.8GHz |
| Memory | 2 GB |
| VGA | 512 MB |
| HDD | 3 GB |




### MUD Fim motocross world Championship

| | |
|---|---|
| Genre | Racing |
| CPU | Dual Core 1.8GHz |
| | Memory2 GB |
| VGA | 512 MB |
| HDD | 3 GB |




### Lego Pirate of the Caribbean

| | |
|---|---|
| Genre | Action |
| CPU | Core 2 Duo 1.8GHz |
| Memory | 2 GB |
| VGA | 512 MB |
| HDD | 3 GB |




### The Crazy Machines 2

| | |
|---|---|
| Genre | Minigame |
| CPU | Pentium 4(2.0)GHz |
| Memory | 512 MB |
| VGA | 128 MB |
| OS | Windows Vista /7/8 |

## Android New Game




### 1 TRACTOR: FARM DRIVER

နောက်တွဲယာဉ်ချိတ်ဆွဲထားတဲ့လယ်ထွန်စက်ကို မောင်းနှင်ရတဲ့ ဂိမ်းဖြစ်ပါတယ်။ လယ်ထဲက ထွက်ကုန်ပစ္စည်းတွေကို နောက်တွဲ ယာဉ်ပေါ်တင်ပြီး ပို့ဆောင်ပေးရမှာပါ။ လယ်ထွန်စက် (၅)မျိုး ပါဝင်ပြီး Level (၁၅)ခု ပါဝင်ပါတယ်။




### 2 SAKURA SLASH

Fruit Ninja ဆန်ဆန် Touch Screen ပေါ်မှာ လက်နဲ့ ဓား ခုတ်သလို ဆွဲပြီးကစားရမှာပါ။ Screen ပေါ်မှာပေါ်လာတဲ့ demon တွေကို ပျောက်မသွားမီ အကုန်သတ်နိုင်ရမှာပါ။ လက် နှစ်ချောင်းနဲ့ တစ်ပြိုင်တည်း ကစားနိုင်ပါတယ်။




### 3 HAPPY TRUCK

ထရပ်ကားပေါ်မှာ သစ်သီးတွေတင်ပြီး ဈေးကိုသွားပို့ပေးရတဲ့ ဂိမ်းပါ။ တောင်တက်၊ တောင်ဆင်း၊ အကွေ့အကောက်လမ်းတွေ မှာ သစ်သီးတွေထွက်မကျအောင် ဂရုစိုက်မောင်းနှင်ရမှာပါ။ ထရပ်ကားအမျိုး(၂၀)ကျော်နဲ့ Level (၂၇)ခုပါဝင်ပါတယ်။




### 4 DINO PARADISE

ဒိုင်နိုဆောတွေမွေးမြူရတဲ့ဂိမ်းဖြစ်ပါတယ်။ ဒိုင်နိုဆောမွေးမြူဖို့ လိုအပ်တဲ့အဆောက်အအုံတွေဆောက်ပြီး အစာအတွက် သီးနှံ တွေ စိုက်ပျိုးဖို့လဲ လိုပါတယ်။ ကိုယ်မွေးထားတဲ့ဒိုင်နိုဆောတွေ အရွယ်ရောက်လာရင် အခြားသူတွေနဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။




### 5 CHOCO HERO

အဖမ်းခံထားရတဲ့ Chocobit တွေကို လိုက်လံကယ်တင်ရတဲ့ Jumping ဂိမ်းပါ။ ဖုန်းကို ဘယ်ညာလှည့်ပြီး ထိန်းချုပ် ကစားရမှာပါ။ Power-up တွေ မျိုးစုံပါဝင်ပြီး အပြင်းပြေကစား လို့ကောင်းတဲ့ဂိမ်းတစ်ခုဖြစ်ပါတယ်။




### 6 BLOONS TD 5

Tower Defense ဂိမ်းတွေ စမတ်ဖုန်းမှာ ရေပန်းစားစေခဲ့တဲ့ Bloon TD စီးရီးရဲ့ နောက်ဆုံးထွက်ပါ။ Tower (၁၈)မျိုး၊ Agent (၁၀)မျိုးနဲ့ Mission ပေါင်း (၂၅၀)ကျော်ပါဝင်ပါတယ်။

## HOT GAMES IN THIS WEEK



### TOM RAIDER

ပစ်ခတ်တိုက်ခိုက်ရတဲ့ Action-Adventure ဂိမ်းအမျိုး အစားဖြစ်ပြီး နာမည်ကြီးဂိမ်းကုမ္ပဏီ Square Enix က ထုတ်လုပ်ပေးထားပါတယ်။ Third Person Shooting မြင်ကွင်းနဲ့ ကစားရမှာဖြစ်ပြီး Xbox 360 Version ဖြစ် တာကြောင့် Xbox 360 ရဲ့ ဂိမ်းခလုတ်နဲ့ အကောင်းဆုံး ပစ်ခတ်မှုတွေကို ပြုလုပ်ရမှာပါ။ Single Player ရော၊ Multi Player ပါ ကစားနိုင်တဲ့အပြင် Modified Crystal Engine ကိုအသုံးပြုပြီး ဂိမ်းကို လည်ပတ် စေမှာပါ။ ဇာတ်လမ်းကလည်း အမျိုးသမီး တစ်ယောက် ကို အန္တရာယ်တွေပတ်ပတ်လည်ဝိုင်းနေရာက ပြန်လည် ရုန်းကန်ထွက်ဖို့ ကစားရမှာဖြစ်တာကြောင့် စိတ်လှုပ်ရှား ဖွယ် ကစားရမှာဖြစ်ပါတယ်။

### NARUTO SHIPPUDEN ULTIMATE NINJA STORM 3




Xbox 360 Version နဲ့ ထုတ်လုပ်ထားတဲ့ Naruto Combat ဂိမ်းတစ်ခုဖြစ်ပါတယ်။ Naruto ဇာတ်လမ်းတွေမှာပါဝင်တဲ့ ဇာတ်ကောင်တွေ များစွာပါဝင်ပြီး အရင် version ထက် ပိုစုံလာတာကို တွေ့ရပါတယ်။ Naruto ကိုလည်း Nine Tail Form အထိ မြှင့်တင်တိုက်ခိုက်နိုင်ပါတယ်။ Single Player နဲ့ Multiplayer နှစ်မျိုးစလုံးကို အကောင်းဆုံး Graphic Effect တွေနဲ့ ကစားနိုင်မှာဖြစ်တဲ့အတွက် စိတ်ဝင်တစား ကစားသင့်တဲ့ဂိမ်းတစ်ခုဖြစ်ပါတယ်။

Contact address//

GAME Hive Video Games

Sales & Service 09-73118550,09-450041500

WORLD'S **No.1**
PC Vendor in Year 2012

# lenovo
FOR THOSE WHO DO



## ideapad ™ U410

ပေါ့ပါးပြီး စတိုင်ကျလှပသော
**Lenovo U410 Notebook** ကို
သင့်လုပ်ငန်းအတွက် ယုံကြည်စွာ သုံးစွဲကြည့်လိုက်ပါ။

- 3rd Generation Intel Core™ i5-3317U ( 1.7GHz up to 2.6GHz, 3MB Cache )
- 4GB SDRAM • 750GB HDD
- nVidia Geforce G610M 1GB
- 14.1" WXGA LED Display
- 720p Web Camera + CardReader
- HDMI + USB 3.0 + Bluetooth V4.0
- 1 Year International warranty
- 2-years local service warranty

U410 ဝယ်ယူသူများအတွက်
External DVD Writer : FREE

**Price $699**

facebook find us on
www.facebook.com/lenovo.mm

72 HOURS SERVICE

ပေါ့ပါးပြီး၊ စက္ကန့်ပိုင်းအတွင်း အင်တာနက်နှင့်
တစ်ခြားလုပ်ငန်းများကိုလျှင်မြန်လွယ်ကူစွာ
အသုံးပြုနိုင်မယ့် Notebook

## ideapad ™ S400



- 2nd Generation Intel Pentium® 997 ( 1.7GHz /1333MHz/2M L3 Cache)
- 2GB DDR3 • 320GB SATA HDD
- Intel HD Graphic 3000
- 14" WXGA LEDt Display
- HDMI + USB 3.0 + Bluetooth V3.0
- LAN, Lenovo b/g/n, 5 in 1 CardReader
- 1 Year International warranty

S400 ဝယ်ယူသူများအတွက်
External DVD Writer : 25,000/-

**Price $399**

### DIAMOND PARTNER

| | |
|---|---|
| | 382979, 374544 |
| iCE | 216484, 215353 |
| iDEA LiNK | 376212, 73026840 |
| INNWA | 385183, 02-71108 |
| KMD | 245180, 02-60360 |
| KSW Computer | 398037, 246837 |
| KING EMPIRE | 398129, 386925 |
| NEO TECH | 710752, 398199 |
| RADIANCES | 380220, 385267 |
| Technoland | 73024327, 91024812 |
| UNiQUE | 391789, 0973171212 |

### PLATINUM PARTNER

| | |
|---|---|
| ချမ်းမြေ့ | 382277 |
| Double K | 057 21217 |
| CyberSpace | 0952 12924 |
| EASTERN | 398224 |
| Minn Nwe | 5342716 |
| iNet System | 02 - 69322 |
| KING POWER | 398008 |
| mst Computer Sales & Service | 082 - 31009 |
| LiNN | 067 - 22884 |
| Greendays | 02 - 73417 |
| MAT | 09 2015503 |
| MRJ | 392259 |
| MyCom Computer Technology | 02 - 69303 |
| Perfect | 386628 |
| TZN(Meithtilar) | 064 - 23232 |

### GOLD PARTNER

| | |
|---|---|
| ADT | 252988 |
| ASIA TECH | 392951 |
| ME | 02 - 74322 |
| Century | 071 - 23233 |
| Magic Eye | 09 2300358 |
| Top World | 09 47051606 |

**Sole Distributor : KMD Co., Ltd. - Tel: 385177, 245180, 503511, 503522**

# SONY
make.believe

## Sony ကို ထိပ်ဆုံးရောက်တဲ့အထိ အောင်မြင်မှုပေးခဲ့တဲ့ အကောင်းဆုံး Technology တို့၏ စုစည်းမှု **Xperia™ Z**

XPERIA
Sony Smartphone




**1 YEAR WARRANTY**

**WEIGHT**
- 146 grams, 5.15 oz

**DIMENSIONS**
- 139 x 71 x 7.9 mm
- 5.47 x 2.79 x 0.31 inches

**BATTERY**
- Talk time (up to): Up to 11 hours
- Standby time (up to): Up to 550 hours

**DISPLAY**
- 5.0 inches TFT
- 16 million colors, 1920 x 1080 pixels

**CAMERA**
- 13.1 megapixel Exmor RS camera with Auto focus and flash 2MP,
- Exmor R, front facing camera (1080p)

**DURABILITY**
- IPX5/7 (Water-resistant) & IP5X (Dust-proof)

**ON THE INSIDE**
- Google Android 4.1.2 (Jelly Bean)
- 1.5 GHz Qualcomm APQ8064+MDM9215M Quad Core

**AVAILABLE COLOR**
- White, Black, Purple

TMW Enterprise Limited

**YANGON** : 01-245311, 01-546006, 01-401416, 01-254561, 01-398566, 09-73098118, 01-8100343~4
**MANDALAY** : 02-72580~4, 09-91008417
**NAY PYI TAW** : 067-420791, 067-420966
**TAUNGGYI** : 081-2122857, 081-200571

အမြို့မြို့ အနယ်နယ်ရှိ Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။